

ဂျူး
ဘယ်သောအခါမှ...

# ခင်သူဇာ

## 'ဘယ်သော အခါမှ'

(စ/ဆုံး)

မြည်လုံး၊ ကျော်မြန်ရှိရေး

စာမူခွင့်ပြုချက်အမှတ် ၁၆၁/၉၆(၄)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၁၃၃/၉၆(၄)

ထုတ်ဝေခြင်း
ပထမအကြိမ်
၁၉၉၆ ခုနှစ်၊ ဇွန်လ

အုပ်ရေ
၁၀၀၀ အုပ်

တန်ဖိုး
သုံးဆယ်ကျပ်တိတိ

စီစဉ်သူ
မဌေးဌေးမော်

ထုတ်ဝေသူ
ဦးလှဌေး (မြ-၀၁၁၀၃)
လှဌေးစာပေ
အမှတ် ၂၅၊ ၁၂၆ လမ်း၊ တာမွေ၊
ရန်ကုန်မြို့။

ပုံနှိပ်သူ
ဒေါ်သင်းသင်းကြိုင်(၀၃၉၄၅)
ဆန်းမြသီဂီ ပုံနှိပ်တိုက်
အမှတ် ၁၉၉၊ ၅၁ လမ်း၊ ရန်ကုန်မြို့။

မျက်နှာဖုံးရိုက်
ဦးမြသိန်း (၀၁၄၂၇)
သိန်းမြင့်စစ်ပုံနှိပ်တိုက်
အမှတ် ၉၆၊ ၁၁ လမ်း၊ ရန်ကုန်မြို့။

အပြင်အဆင်
မျက်နှာဖုံးနှင့် ရေခံမန်းချီ ✱ ပန်းချီ မောင်အောင်ဇေ

# ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

စည်းကမ်းလိုက်နာ ဘေးကင်းကွာ
ရပ်ရွာအေးချမ်းသာယာရေး
ဝိုင်းဝန်းကူညီ စောင့်ထိန်းပေး
စည်းမျဉ်းကိုက်ညီ ဘေးကင်းသည်။



နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော
တာဝန် ဖြစ်သည်။

# ခင်သူဇာ

ဘယ်သောအခါမှ

## အခန်း (၁)

ပန်းသီးနှင့် လိမ္မော်သီးများပါသော စက္ကူအိတ်ထူထူကို
ရင်မှာပွေ့ကာ ဈေးမှအထွက် ရင်ငြိမ်းအေးရှေ့မှ လာနေသော
တစ်ယောက်ကို အမှတ်မထင်လှမ်းကြည့်လိုက်မိ၏။

"ဟင်....ဆွေ မဟုတ်လား၊ ခင်ဆွေသက်လားဟင်"

"ငြိမ်း....ရင်ငြိမ်းအေး မဟုတ်လား"

ဆွေကလည်း အံ့သြစူးစမ်းဟန်မျက်ဝန်းများဖြင့် ပြန်ခေါ်
လိုက်တာမို့ ငြိမ်း ဝမ်းသာသွားရကာ....

"ဟုတ်တယ် ဆွေ၊ ကြည့်စမ်း....ငြိမ်းက ဟုတ်မှဟုတ်ပ
မလားလို့ တူပါတယ်လို့ဆိုပြီး အရဲစွန့်မေးလိုက်တာလေ"

သူငယ်ချင်းနှစ်ယောက် လူသွားလမ်းဘေး အသာကပ်ကာ တစ်ယောက်လက်ကိုတစ်ယောက် ဝမ်းသာအားရ ဆုပ်ကိုင် လှုပ်ယမ်းမိကြ၏။

ငြိမ်းက ဆွေ့လက်ကို ဆုပ်ညှစ်လှုပ်ယမ်းလိုက်ပြီးမှ ပြော လိုက်လေသည်။

"ဆွေရယ်....မတွေ့တာတောင် ကြာပြီနော်"

"အင်းလေ....ငါးနှစ်ကျော်ကျော်လောက်တော့ ရှိသွားပြီ ပေါ့ ငြိမ်းရဲ့"

"ဒါနဲ့ အခု ဆွေတို့ သထုံမှာပဲလားဟင်"

"ဟုတ်တယ် ငြိမ်း၊ မေမေက သထုံသူပဲလေ၊ သထုံမှာပဲ အခြေချဖြစ်မှာပါ"

"အခု ဆွေ ရန်ကုန်ကို အလည်လာတာပေါ့နော်"

"မဟုတ်ဘူး ငြိမ်းရဲ့၊ အလုပ်လာရှာတာ"

"ဟင်....အလုပ်လာရှာတာ၊ ဟုတ်လား ဆွေ"

"ဟုတ်တယ် ငြိမ်း၊ ဆွေ အလုပ်တစ်ခုခုရမလားလို့"

"ဪ...."

ဆွေ့ကိုကြည့်ကာ ငြိမ်း သနားသွားရတော့၏။

အတော်အသင့်သာ လတ်တော့သော ဆွေ ဝတ်ထားသည့် ပါတိတ်ဝမ်းဆက်လေးက အရောင်ပင် လွင့်စပြုနေပါပြီ။





တစ်စုံကိုမှ သုံးရာကျော် လေးရာပင် မပြည့်တတ်သော ထိုအဝတ်အစားမျိုးကို ငြိမ်းတို့မှာဖြင့် အိမ်နေပင် မဝတ် တတ်တာမို့ အလယ်တန်းကျောင်းသူဘဝတုန်းက သထုံမှာ အခန်းချင်းကပ်နေလာခဲ့ဖူးသူ သူငယ်ချင်းအပေါ် ငြိမ်း ရင်ထဲ မှာ စာနာကြင်နာတတ်သောစိတ်များ တဖွားဖွားပေါ်ပေါက် လာရတာမို့....

"ဆွေ....လာ၊ တစ်ခုခုစားရအောင်နော်"

"အင်း...."

ငြိမ်း၏ ဖိတ်ခေါ်ချက်ကို လိုလားနှစ်ခြိုက်စွာ ခေါင်းညိတ် လိုက်သော ခင်ဆွေသက်၏ ဝမ်းထဲမှာ အမှန်တကယ်ပင် ဆာ လောင်နေပါပြီ။

တည်းခိုရသော အိမ်ကလည်း တစ်နေ့လုပ် တစ်နေ့စား ပျံကျသမားတွေမို့ ဆွေ့သည်ပိုပို အလိုက်သိစွာ အနေအစား ဆင်ခြင်နေရ၏။

"ပေးလေ ငြိမ်း၊ ငြိမ်းမှာ အထုပ်တွေများနေတာ ဆွေ ဝိုင်းကိုင်ပေးမယ်နော်"

"ကျေးဇူးပဲ ဆွေရယ်....ရော့"

အထုပ်နှစ်ထုပ်ထဲမှ တစ်ထုပ်ကို ဆွေ့အား လှမ်းပေးလိုက် ပြီးမှ နှစ်ယောက်သားစားသောက်ဆိုင်လေးတစ်ခုထဲ ဝင်လိုက် ကြ၏။ ငြိမ်းက ပြုံး၍....

"ဆွေ….ဘာစားမလဲဟင်"

"ဗိုက်ပြည့်မယ့် အစာတစ်ခုခုဆိုရင်ရပြီ ငြိမ်းရယ်၊ ဆွေ ဆာနေတယ် သိလား"

"အို….ဟုတ်လား"

ပွင့်လင်းသော သူငယ်ချင်း၏ ချို့တဲ့မှုကို ငြိမ်း ရင်ထဲ နင့်ခနဲပင် ဝမ်းနည်းသွားရစွာ တွေတွေလေးကြည့်လိုက်မိ ပြီးမှ ဆီချက်တစ်ပွဲကို မှာပေးလိုက်မိ၏။

"ဆီချက်တစ်ပွဲပေးပါနော်၊ ပက်(ပ)စီက နှစ်လုံး"

"ဟုတ်ကဲ့၊ ရမယ် အစ်မလေး….ခဏစောင့်"

"အင်း….အင်း"

စားပွဲထိုးလေးကိုလှမ်းမှာပြီးမှ ငြိမ်း ဆွေဘက် လှည့်ကြည့်လိုက်၏။

သူမကိုငေးငေးလေးစိုက်ကြည့်နေသော ဆွေ၏ မျက်ဝန်း များထဲမှာ မျက်ရည်ကြည်လေးတွေ ဝေ့ဝဲနေသလိုပင်။

ငြိမ်းက ဆွေကို ပြုံးပြလိုက်ပြီးမှ….

"ဦးလေးနဲ့ ဒေါ်ဒေါ်တို့ကော နေကောင်းရဲ့လား ဆွေ"

"ကောင်းပါတယ်"

"အငယ်လေးတွေကော ဘယ်နှစ်တန်းတွေရောက်ကုန်ပြီ လဲ၊ ဆွေရယ် ဩော်….ဒါနဲ့ ဆွေကော ကျောင်းဆက်မတက် ဖြစ်ဘူးပေါ့နော်"





"ဆွေ အံဝေးသင်နဲ့ပဲ ဆက်နေတယ် ငြိမ်းရယ်၊ ကြားမှာ အဆင်မပြေလို့ တစ်နှစ်နားလိုက်ရသေးတယ်လေ၊ ခုမှ ဒုတိယ နှစ်ပဲ ရှိသေးတယ်၊ ငြိမ်းကောဟင်"

"ငြိမ်း ဖိုင်နယ်ရောက်ပြီ ဆွေ"

"ဩော်…. အင်းလေ ငြိမ်းမှာက အားလုံး ပြည့်စုံနေတဲ့ ဘဝကိုး၊ ဆွေမှာ အောက်က အငယ်လေးယောက်ရဲ့ တာဝန်ကို ဖေဖေတို့နဲ့ ဝိုင်းပြီးထမ်းနေရတာလေ၊ ခင်ဆွေ ငယ်က ဆယ်တန်း၊ အထွန်းက ကိုးတန်း၊ အတူးက ရှစ်တန်း၊ အထွေးလေးက ငါးတန်းရောက်ကုန်ကြပြီ"

"ဩော်….ဟုတ်လား"

ထိုစဉ် မှာထားသော စားစရာများရောက်လာသဖြင့် ငြိမ်း က ဆွေ့ရှေ့ အသာတိုးပေးကာ….

"စား….ဆွေ"

"ငြိမ်းကော မစားဘူးလား"

"ဟင့်အင်း…. ငြိမ်း ဗိုက် ပြည့် နေ တယ်၊ ပက်(ပ)စီ သောက်တော့မယ်"

"ဒါဖြင့် စားမယ်နော်"

"အင်းပါ….စားစမ်းပါ ဆွေရယ်"

ဆီချက်ခေါက်ဆွဲကို အားပါးတရ စားနေသော ဆွေ ဟန်က ဣန္ဒြေမဆည်နိုင်အောင် ဆာလောင်နေပုံရလေသည်။

သုံးလေးလုတ်သောက်စားပြီးမှ ဆွေက ပက်(၂)စီကို တစ်ငုံစုပ်ယူသောက်လိုက်ကာ ငြိမ်းအား ပြုံး၍ပြောလိုက်၏။

"ကောင်းလိုက်တာ ငြိမ်းရာ"

"စားလေ....ဆွေ၊ လိုသေးရင် ထပ်မှာပေးမယ်နော်"

"ဟာ....မဟုတ်တာ ငြိမ်းကလဲ၊ ဒါလောက်ဆိုရင် ဆွေ့အတွက် ညနေစာတောင် မလိုတော့ပါဘူးလေ၊ အတော်လေး ဟန်ကျသွားပြီ၊ သိလား....အဟင်း"

ပြောရင်း ဆွေက ဆီချက်ကို နှစ်နှစ်သက်သက်လေး ဆက်စားနေလေ၏။ ငြိမ်းက ပြုံး၍....

"ဆွေ"

"ဟင်...."

"ဆယ်တန်းအောင်ပြီးတော့ ဆွေ ဘာ တွေ လုပ် နေ လဲ ဟင်"

"ကြုံရာပဲ ငြိမ်းရယ်၊ လခကောင်းကောင်းရရင် ပြောင်း ပြောင်းပြီး လုပ်ရင်းနဲ့ နောက်ဆုံးတော့ ဆွေပဲ မျောက်သစ်ကိုင်းလွတ်ဘဝ ဖြစ်ရောလေ"

"ဩော်....ဘာလို့ပြောင်းလဲ ဆွေရယ်"





"ငြိမ်းကလဲ ပိုက်ဆံပိုလိုချင်တာကိုးလို့"

"အခုကော ဆွေက ဘာလုပ်ချင်သို့လဲ"

"ငြိမ်းရယ်....ဆွေ လုပ်ချင်တာထက် အလုပ်က ဆွေကို ခိုင်းချင်တာမျိုးပဲ ဖြစ်ရတော့မှာဆိုတော့ ဘာပဲဖြစ်ဖြစ်ပေါ့ကွာ"

"ဟင်....ဆွေ စကားကလဲ"

"ဟုတ်တယ် ငြိမ်း၊ ငြိမ်းကို အခင်ဆုံး အရင်းနှီးဆုံး သူငယ်ချင်းမို့ ဆွေ ပွင့်ပွင့်လင်းလင်းပဲ ပြောတာပါ၊ ဆွေတို့မှာ မောင်လေး ညီမလေးတွေရဲ့ ကျောင်းစရိတ်နဲ့ အိမ်စားစရိတ်တွေအတွက် အလုပ်လုပ်ရင်းနဲ့ပဲ တစ်နေ့တခြား ကျပ်ကျပ်လာနေတာ၊ အခုဆိုရင် ဆွေငယ်နဲ့ အထွန်းတောင် ဈေးဖိုးကာမိပါစေတော့ဆိုပြီး ကျောင်းအားချိန်မှာ ညဦးပိုင်းလောက်ပေါ့၊ ဗီဒီယိုရုံရှေ့မှာ မုန့်တွေလဲရောင်းတယ်၊ ရေခဲချောင်းလဲရောင်းကြတယ်၊ သိလား"

"ဩော်....ဟုတ်လား"

ဆွေတို့မိသားစု၏ ချို့တဲ့မှုအတွက် ရင်ထဲမျာ၊စွာ သနားသွားရ၏။

"ဒီတော့ ဆွေလဲ အလုပ် ကောင်းကောင်းလေး တစ်ခုရလိုရငြားဆိုပြီး စွန့်စားပြီး ရန်ကုန်ကို ထွက်လာခဲ့တာပဲ ငြိမ်းရဲ့"

"ဆွေ ဘယ်မှာတည်းလဲဟင်"

"အမေ့ဝမ်းကွဲညီမတစ်ယောက် အိမ်မှာပါ၊ စမ်းချောင်းမှာလေ၊ အဒေါ်တို့ကလဲ သိပ်မချောင်လည်ကြပါဘူး ငြိမ်းရယ်၊ တစ်နေ့ တစ်နေ့ စားဖို့တောင် အနိုင်နိုင်၊ အဒေါ့်ယောကျ်ားက ကုန်တင်ကုန်ချမှာ အလုပ်သမား၊ အဒေါ်က ဟင်းရွက်စိမ်းတွေရောင်းတာဆိုတော့ ကလေးငါးယောက်ရဲ့ ပါးစပ်ပေါက်အတွက် ရရစားစားနဲ့ လုံးချာလည် လိုက်နေတာပေါ့ ငြိမ်းရာ"

"ဆွေရောက်တာ ဘယ်လောက် ကြာပြီလဲဟင်"

"တစ်ပတ်လောက် ရှိပြီလေ"

"ဪ...."

ခေါင်းတဆတ်ဆတ် ညိတ်ရင်းမှ ငြိမ်း တွေးနေမိ၏။

ဆွေ့ကို ဘယ်လိုများကူညီရပါ့မလဲဟူ၍ပင်။ အလယ်တန်းကျောင်းသူ ဘဝကတည်းက အခန်းချင်းကပ်နေလာကြသူပီပီ ဆွေ့မိသားစုနှင့် ငြိမ်းတို့မိသားစုက နှစ်အိမ့်တစ်အိမ် ခင်မင်ရင်းနှီးကျွမ်းဝင်ခဲ့ကြပါသည်။

ထိုစဉ်က ငြိမ်းတို့ဖေဖေက ဆွေ့ဖေဖေထက် ရာထူး တစ်ဆင့် မြင့်ပါ၏။ တစ်ဦးတည်းသော သမီးပီပီ အဖော်လိုနေတတ်သော ငြိမ်းမှာ ဆွေတို့ဘက်ကူးကာ ပျော်ရွှင်စွာ ဆော့ကြရင်းမှ ညီအစ်မများသဖွယ် ဖြစ်ခဲ့ကြလေသည်။





ထိုအခြေအနေကတည်းက ဆွေတို့ထက်စာလျှင် ငြိမ်းတို့အခြေအနေက များစွာသာပါသည်။

မေမေ့မိဘများဆီမှ ရလိုက်သော အမွေများဖြင့် နောက်ပိုင်းမှာ ရွှေဆိုင်ဖွင့်နိုင်သော အခြေအနေထိ ချမ်းသာကြွယ်ဝခဲ့ကြချိန်မှာ ဝန်ထမ်းပီပီ ငြိမ်းတို့မှာ ဖေဖေ့ အလုပ်တာဝန်ကျရာမြို့ဆီ ပြောင်းခဲ့ရာမှ ကွဲကွာသွားကြရခြင်း ဖြစ်လေ၏။

မှတ်မှတ်ရရဆိုပါလျှင် ထိုနှစ်မှာ ငြိမ်းရော ဆွေပါ ရှစ်တန်း ဖြေကြရမည့်နှစ်ပင် ဖြစ်လေသည်။

"ငြိမ်း....အခု ကျောင်းဆက်တက်နေတာပေါ့နော်"

ဆွေ့အသံကြားမှ ငြိမ်းလည်း အတွေးလွှန်နေရာမှ....

"ဟုတ်တယ် ဆွေ"

"ဘယ်နှစ် ရောက်နေပြီလဲဟင်"

"ဖိုင်နယ်ပါ"

"အင်းပေါ့....ရှိလောက်ရောပေါ့၊ ဒါနဲ့ ဦးလေးတို့ကော နေကောင်းကြတယ်နော် ငြိမ်း"

"ကောင်းပါတယ် ဆွေ"

"ဦးလေးက ရာထူးတွေ အများကြီး တက်နေပြီပေါ့နော်"

"ဟင့်အင်း....ဆွေ၊ ဖေဖေ ဆေးပင်စင် ယူလိုက်ရတာ သုံးနှစ်တောင် ရှိသွားပြီလေ"

"ဟင်.... ဟုတ်လား၊ အခုကော ဘာလုပ်နေလဲ ငြိမ်းရယ်"

"ဖေဖေက အခရောင်းအဝယ် ဝါသနာပါတယ်လေ၊ မေမေ့ ရွှေဆိုင်မှာ ဖေဖေလဲ ရတနာတွေ အရောင်းအဝယ် လုပ်ရင်း အဆင်ပြေနေတာပေါ့"

"ဪ...."

ငြိမ်းကို ငေးငေးလေးကြည့်ကာ အားကျသံလေးနှင့် ဆွေက မေးလိုက်သည်။

"ငြိမ်းတို့ ဘယ်မှာနေလဲဟင်"

"ရွှေတောင်ကြားမှာ ဆွေ"

"လူချမ်းသာတွေ နေရာပဲ၊ ငြိမ်း ကံကောင်းလိုက်တာနော်၊ ဆွေ အားကျလိုက်တာကွယ်"

"ဆွေရယ် ကုသိုလ်ကံရှိရင် ဆွေလဲ တစ်နေ့ကျရင် မချမ်းသာနိုင်ဘူးလို့ ဘယ်သူမှ မပြောနိုင်ပါဘူး"

"ဆွေတော့လေ ကံကိုယုံပြီး ဆူးပုံကြီးနင်းရမလိုလို ဖြစ်နေပြီ ငြိမ်းရယ်၊ တကယ်ပဲ အလုပ်ကလဲ အခုချိန်ထိ အဆင်ကို မပြေသေးပါဘူး၊ ကဲ....ဆွေ သွားတော့မယ် ငြိမ်း"

"အို....ငြိမ်းလိုက်ပို့မှာပေါ့ ဆွေရဲ့"

"ဟင်....ကားပါလား ငြိမ်း"

"ပါတယ်လေ၊ လာ....သွားရအောင်"





ကားစတင်းမှာ တန်းစီရပ်ထားသော ကားများအနက် နို့နှစ်ရောင် အကစ်စ်အီး ကားဘေးမှာ ငြိမ်း ရပ်လိုက်ကာ....

"ကဲ....ဆွေ ဝင်လေ၊ ငြိမ်း ပို့ပေးမယ်၊ နောက်နေ့ကျမှ ဆွေ့ကို လာခေါ်မယ်နော်၊ မေမေတို့နဲ့လဲ တွေ့ရအောင် ဟုတ်လား"

"ငြိမ်းကားလေးက လှလိုက်တာ ဖိတ်ဖိတ်ကိုတောက်လို့ ဆွေဖြင့် တစ်ခါမှကို မစီးဖူးသေးပါဘူး ငြိမ်းရယ်"

"ဪ....ဆွေရယ်"

## အခန်း (၂)

နောက်တစ်နေ့ ဆွေ့ကို ငြိမ်း သွားခေါ်ကာ အိမ်ရှိရာ ခြံခင်းထဲသို့ ကားကို ချိုးကွေ့ဝင်လိုက်သည်နှင့် ဆွေက ပြောလိုက်၏။

"အို....ငြိမ်းတို့တိုက်က လှလိုက်တာ"

အံ့သြမှင်တက်စွာ ဟိုဟိုသည်သည် ဝေ့ဝဲကြည့်ရှုနေသော ဆွေ့ဟန်က တကယ့်အရိုးခံမို့ ငြိမ်းမှာ သူငယ်ချင်း ဖြစ်သူကို နားလည်စွာ ပြုံးပြလိုက်ကာ....

"လာ....ဆွေ၊ မေမေ ရှိနေတယ်၊ ဒီနေ့ ဆိုင်ပိတ်တယ်လေ"

"အင်း...."

ထည်ဝါလှပသော နှစ်ထပ်တိုက်၏ ခေတ်မီသားနားမှုကို ဆွေ့ခမျာ ရင်သပ်ရှုမော အံ့ဩမကုန်နိုင်ဟန်ဖြင့် ဧည့်ခန်းထဲ ရောက်လာ၏။

ဖိတ်ဖိတ်တောက်အောင် ပြောင်လက်နေသော ပါကေး ခင်း ဧည့်ခန်းကြီး၏အလယ်တည့်တည့်ရှိ ကျွန်းကနုတ်လက်ရာ ဆိုဖာ နို့နှစ်ရောင် ဆက်တီကြီးက ဆွေ့ကို ကျုံ့စေတာ အမှန်ပင်။

မျက်နှာကြက်ရှိ ဖန်ပန်းဆိုင်းများ၊ နံရံပေါ်ရှိ ယွန်းပန်းချီကားချပ်များ၊ ဧည့်ခန်းထောင့်ရှိ စိမ်း စို ဝေ ဆာ နေ သော ရွက်လှတုအိုးများနှင့် တီဗွီကြီးအပါအဝင် ဒက်၊ ကက်ဆက်၊ ရှိုးကေ့စ်ထဲမှ အလှပြ ပန်းပုရုပ်တုများ၊ ကတ္တီပါရုပ်လုံးသွင်း တိရစ္ဆာန်များဖြင့် ချမ်းသာကြွယ်ဝမှု၏ အဆောင်အယောင်များကို ဆွေ့ခမျာ အသံပင် မထွက်နိုင်လောက်အောင်ပင် ရှိနေရတော့၏။

"ဆွေ…ထိုင်ဦးနော်၊ ငြိမ်း မေမေ့ကို သွားခေါ်လိုက်ဦးမယ်"

"အင်း…."

ဆွေ့ကိုထားခဲ့ကာ ငြိမ်း အပေါ်တက်လာခဲ့၏။

မေမေတို့အခန်းရှေ့မှာ အသာရပ်ကာ တံခါးခေါက်လိုက်လေသည်။





"မေမေ….ဒေါက်….ဒေါက်"

"သမီးလား"

"ဟုတ်ကဲ့ မေမေ"

"အေး….အေး၊ လာခဲ့မယ် သမီး"

"ဟုတ်ကဲ့"

ချက်ချင်းပင် ငြိမ်း ကိုယ့်အခန်းဆီ ပြန်လာကာ အဝတ်အစား လဲလိုက်၏။

အိမ်နေဝတ် ပေါ့ပါး ချောင်ချိသော အဝတ်ဖားဖားလေး တစ်ထည်ကို သွက်သွက်လေး ကောက်ဝတ်လိုက်ပြီးမှ အောက်ထပ် ပြန်ဆင်းလာခဲ့၏။

"ဆွေ…ခဏနော်၊ တစ်ခုခု သောက်ရအောင် ငြိမ်း သွားမှာလိုက်ဦးမယ်"

အပေါ်ထပ်လှေကားမှ ပေါ့ပါးသွက်လက်စွာ ငြိမ်း ဆင်းလာကတည်းက မျက်တောင်မခတ်ဘဲ ငေးမောကြည့်နေသော ဆွေ့ကို ငြိမ်း လှမ်းပြောလိုက်၏။

ဆွေက ခေါင်းလေး ဆတ်ခနဲညိတ်ပြလိုက်တာမို့ ငြိမ်း ထမင်းစားခန်းထဲ ဝင်လာခဲ့၏။

"မရီ"

"ရှင်….မမလေး"

"မာတိုဗာနှစ်ခွက် ဖျော်ပေးပါနော်၊ မုန့်ပါ ထည့်ခဲ့၊ ဟုတ်လား မရီ"

"ဟုတ်ကဲ့....မမလေး"

ငြိမ်း စည့်ခန်းထဲပြန်ရောက်ချိန်မှာ မေမေလည်း အပေါ်ထပ်မှ ဆင်းလာနေပါပြီ။

"မေမေ....ဒီမှာလေ ဆွေ"

"သြော်.... အေး....အေး၊ နေကောင်းကြတယ်နော်.... သမီး"

"ဟုတ်ကဲ့....အန်တီ"

"မတွေ့ကြတာတောင် ကြာပြီကွယ်၊ သထုံမှာပဲ နေကြတယ်ဆို၊ ဟုတ်လား သမီး"

"ဟုတ်ကဲ့....အန်တီ၊ မေမေက သူ့မြို့မှ သူ့မြို့လေ"

"အင်းပေါ့ကွယ်.... ဘယ်နေရာပဲ ဖြစ်ဖြစ် အဆင်ပြေရင် စိတ်ချမ်းသာမှုရှိရင် နေလို့ပျော်တာပဲပေါ့ သမီးရယ်"

"ဆွေတော့ မပျော်ပါဘူး အန်တီရယ်"

"ဟင်...."

"သထုံဆိုတာ တောမကျ မြို့မကျဘဲ"

"သြော်ကွယ်....သမီးက ကိုယ့်မြို့ကို ကိုယ် အထင်သေးနေတာကိုး၊ အန်တီတော့ ကြိုက်တယ်ကွယ့်၊ သိပ်ပြီး အေးအေး





ဆေး ဆေး ရှိတဲ့ မြို့၊ နေလို့ထိုင်လို့လဲ ကောင်းတဲ့မြို့ကလေး ဓန်ထမ်းဘဝဘုန်းက တစ်မြို့ပြီးတစ်မြို့အနှံ့ပြောင်းခဲ့ရတဲ့မြို့ ထဲမှာ အန်တီတော့ သထုံကို အကြိုက်ဆုံးပဲ၊ သိလား"

"အဟင်း....အန်တီရယ်၊ ငွေမရှိရင် ဘယ်မှာမှ နေလို့ထိုင်လို့ ကောင်းမှာ မဟုတ်ပါဘူးလေ"

"ဟင်...."

"သြော်....ဆွေရယ်"

မေမေက အံ့သြဟန်စွက်သော အကြည့်လေးဖြင့် ငြိမ်း မျက်ခနဲ လှမ်းကြည့်လိုက်၏။

ငြိမ်းက ဆွေ့ကို နားလည်စွာ ပြုံးပြလိုက်ပြီးမှ မေမေ ပြောလိုက်၏။

"မေမေ....ဆွေက ရန်ကုန်ကို အလုပ်လာရှာတာတဲ့"

"ဟင်....အလုပ်လာရှာတာ၊ ဟုတ်လား"

မေမေ့ အသံက အလွန်အံ့သြသွားဟန်မို့ ငြိမ်းက အလို သိစွာ ဝင်ပြောရ၏။

"ဒီလိုပါ မေမေ၊ ဆွေက ခုမှ ဒုတိယနှစ်ပဲ ရှိသေးတ လေ၊ မိသားစုစီးပွားရေးလဲ သိပ်အဆင်မပြေလို့....တဲ့"

"သြော်....သြော်.... မေမေ နားလည်ပြီ သမီး၊ ဒီ သမီး ခင်ဆွေဆက်နော်"

"ဟုတ်ကဲ့ပါ....အန်တီ"

"အေး....အေး၊ ဘာအလုပ်မျိုး လုပ်ချင်လို့လဲကွယ်"

"ဆွေ့အနေနဲ့ အလုပ်မရွေးပါဘူး အန်တီရယ်၊ ဆွေ လုပ်နိုင်တဲ့အလုပ်၊ ပြီးတော့ လခလဲ ကောင်းကောင်းရမယ့် အလုပ်ဆိုရင် ဘာအလုပ်ပဲဖြစ်ဖြစ်ပါ အန်တီ"

"ဩော်ကွယ်...."

မေမေ စိတ်မသက်မသာဟန် ညည်းညည်းလေးရွတ်လိုက်တာကို ငြိမ်းရောဆွေပါ အကြောင်းသား ငေးနေမိကြတော့၏။

ထိုစဉ်မှာပင် မရီက လက်ဖက်ရည်ဗန်းလေး အသာလာချပေးသဖြင့် ငြိမ်းက လှမ်းယူလိုက်ကာ....

"မေမေ သောက်မှာလားဟင်"

"ဟင့်အင်း....သမီးတို့ပဲ သောက်ပါကွယ်"

မေမေ လက်ကာပြကာပြောလိုက်သဖြင့် ငြိမ်းမှာ လက်ဖက်ရည်ပန်းကန်ကို ဆွေ့လက်ထဲ ထည့်ပေးရင်း....

"ရော့....ဆွေ၊ သောက်လိုက်ဦး၊ မုန့်လဲစားနော်"

မုန့်ပန်းကန်ကိုပါ ဆွေ ရှေ့တိုးပေးလိုက်၏။

မေမေက လက်ကလေးပိုက်ကာ စဉ်းစားဟန်ပြုလိုက်ပြီးမှ ဆွေ့ကို မေးလိုက်၏။





"အခုကော သမီး အလုပ်ရဖို့ နီးစပ်နေပြီလားကွယ့်"

"မရသေးပါဘူး အန်တီ"

"အင်း....မိန်းကလေးတစ်ယောက်အဖို့ အလုပ်ရှာတယ်ဆိုတာ တကယ်မလွယ်တဲ့ ကိစ္စပဲကွယ်၊ အန္တရာယ်လဲ များတယ်လေ၊ သမီး မိဘတွေက လိုလိုလားလားလွှတ်လိုက်တာကိုပဲ အန်တီက အံ့သြနေတာ"

"ဟင်...."

မေမေ့ စကားကြောင့် ဆွေ မျက်နှာခံသား ကွက်ခနဲပျက်သွားရတာမို့ ငြိမ်းမှာ ကြားထဲက အလွန်ပင် အားနာသွားရပါတော့၏။

မေမေက ပွင့်ပွင့်လင်းလင်းပြောတတ်သူပီပီ ငြိမ်း ဖြစ်နေတာကို မသိဟန်ပြုလိုက်ပြီးမှ ဆက်ပြောလိုက်ပြန်၏။

"ရန်ကုန် ဆိုတာ လူရှုပ်လူမွှေ လူလိမ်လူကောက်တွေ အင်မတန်မှ ပေါတဲ့နေရာပဲကွယ့်၊ လူတွေဟာ ကိုယ်ရဖို့တစ်ခုတည်းကိုသာကြည့်ပြီး ဘယ်သူသေသေ ငတေမာရင်ပြီးရော ဆိုတဲ့ စိတ်ဓာတ်တွေနဲ့ လစ်ရင်လစ်သလို တစ်ယောက်ကိုတစ်ယောက် လှီးနေကြတာ များတယ်လေ၊ အရွယ်ရောက်ပါရှိတဲ့ မိန်းကလေးတစ်ယောက်အတွက် လူလည်တွေနဲ့ တွေ့သွားရင် အဆိုးဆုံးအခြေအနေအထိ ရောက်သွားနိုင်တယ် သမီး"

"ရှင်...."

"အန္တီ အကောင်းဆုံး အကြံတစ်ခုပေးချင်တယ်ကွယ်"

"ဟုတ်ကဲ့....ပြောပါ အန္တီ"

"သမီးအတွက် အသင့်တော်ဆုံးနေရာဟာ သဆုံကို ပြန်သွားတာပဲ အကောင်းဆုံး ဖြစ်လိမ့်မယ်ကွယ်"

"ဟင်...."

"ဟုတ်တယ် သမီး၊ ရန်ကုန်ဆိုတာ သမီးအတွက် လုံခြုံမှုသိပ်ကို နည်းပါတယ်ကွယ်၊ အလုပ်မရွေးတတ်တဲ့လူအတွက် အလုပ်ဆိုတာ မရှားပါဘူးကွယ်"

ဆွေ မျက်နှာလေးပျက်သွားတာကိုကြည့်ရင်း ငြိမ်းခမျာ အားနာ၍ မဆုံးတော့။

မေမေ ပြောတာလည်း ဟုတ်နေတာမို့ ဆွေသာသက်ခံပြီး သဆုံကို ပြန်တော့မည်ဆိုပါလျှင် ငြိမ်း အနေဖြင့် ဆွေအတွက် တတ်နိုင်သလောက် ကူညီထောက်ပံ့ပေးလိုက်မည်ဟု စဉ်းစားထား၏။

"ကဲ....ကဲ....သမီးလဲ ခေါင်းအေးအေးထားပြီးမှ စဉ်းစားဆုံးဖြတ်ပေါ့ကွယ်....ဟုတ်လား"

"ဟုတ်ကဲ့....အန္တီ"

"သမီး....ငြိမ်း"

မေမေက ငြိမ်းကို တစ်ဆက်တည်းခေါ်လိုက်၏။





"ရှင်....မေမေ"

"ခင်ဆွေ့သက်ကို ညနေစာကျွေးပြီးမှ ပြန်ပို့လိုက်ပ ကွယ်၊ ဟုတ်လား"

"ဟုတ်ကဲ့ပါ....မေမေ"

"ကဲ.... ကဲ.... အန္တီလဲ အလုပ်ရှိသေးတယ် သမီးရေ၊ သူငယ်ချင်းတွေဆုံကြတုန်း လွတ်လွတ်လပ်လပ် နေကြဦးပေါ့၊ ဟုတ်လား"

"ကောင်းပါပြီ အန္တီ"

မေမေ အပေါ်ထပ် ပြန်တက်သွားလေသည်။

ဆွေက မေမေ့ကို လှေကားတစ်ဆစ်ချိုးမှ ကွယ်သွားသည် အထိ လှမ်းကြည့်လိုက်ပြီးမှ ပြောလိုက်၏။

"အန္တီက အရွယ်တင်လိုက်တာ ငြိမ်းရယ်၊ ဟိုတုန်းက ထက်တောင် ပိုနုပိုလှလာသေးတယ်နော်"

"အဟင်း.... ဟုတ်မှာပေါ့ ဆွေရယ်၊ အခု မေမေက ဟိုတုန်းကလို ထမင်းဟင်းမှ မချက်ရတော့တာလေ၊ ဓမတ်ကျကျ လှလှလေးဝတ်ပြီး ရှေ့ဆိုင်ထိုင်တဲ့ ငေါ်အေးအေး ဖြစ်နေပြီ ဆွေရဲ့"

"ဟုတ်တယ်နော်၊ ဒါနဲ့ ငြိမ်းဖေဖေကောဟင်"

"ဖေဖေ အပြင်သွားတယ်လေ၊ ဒီလိုပဲ ဆွေ၊ ဖေဖေကလဲ အရောင်းအဝယ်တစ်ခုခု ဖြစ်သွားရင် မြက်မြက်ကလေးရတတ်တာဆိုတော့ အိမ်မှာနေချိန်ဆိုလို့ အိပ်ချိန်လောက်ပဲ သေချာပေါက် ရှိတော့တယ်"

"ငြိမ်းတို့က အရမ်းကို ချမ်းသာသွားပြီနော်"

"ဆွေရယ်....အဲဒါဟာလဲ မေမေ့ဘက်ကရတဲ့ အမွေတွေနဲ့ ဖေဖေနဲ့ မေမေတို့ရဲ့ စီးပွားရေး လာဘ်မြင်မှုတွေကြောင့် တိုးပွားလာခဲ့တာတွေပေါ့"

"ဆွေလဲ ငြိမ်းတို့လို ချမ်းသာချင်လိုက်တာ"

"ဟင်...."

ညည်းညူကာ ပြောလိုက်သော ဆွေ့ကို ငြိမ်း ကြင်နာစွာ ကြည့်လိုက်ပြီးမှ....

"ဆွေရယ် ကုသိုလ်ကံရှိရင် ဆွေလဲ တစ်နေ့ ချမ်းသာလာမှာပေါ့"

"အဲဟင်း....ဟင်း....ဟုတ်ရဲ့လား ငြိမ်းရယ်"

"ဘာလဲ၊ ဆွေ မယုံဘူးလား"

"ထားပါတော့လေ၊ ငြိမ်းကို ဆွေ တစ်ခုပြောချင်တယ်"

"ဘာလဲဟင် ဆွေ၊ ပြောလေ"

"ဆွေ့ကို အလုပ်တစ်ခုခုရဖို့ ငြိမ်း မကူညီနိုင်ဘူးလားဟင်"

ဆွေ့စကားကြောင့် ငြိမ်းမှာ တွေသွားရပြီးမှ....

"ခုန မေမေပြောတာ ဆွေ ဘယ်လိုသဘောရသလဲဟင်"

"ဟာ....ငြိမ်းကလဲ အလုပ်လုပ်ဖို့ ဇာတ်စွန့်ထွက်လာပြီးမှ ဆွေ ဘာမှမဖြစ်ဘဲ မပြန်သွားချင်ဘူးကွာ၊ ရှက်စရာကြီး"

"ဆွေ့အတွက် ငြိမ်းလဲ စဉ်းစားထားပါတယ်"

"ဟင်....ဟုတ်လား၊ ဘယ်လိုလဲ ငြိမ်း"

"ဆွေသာ ပြန်မယ်ဆိုရင် ဖမေ့ကိုပြောပြီး ငြိမ်းစုထားတဲ့ မုန့်ဖိုးထဲက ငြိမ်း ဆွေ့ကို ပေးလိုက်မယ်လို့"





'ဟာ....မလိုချင်ပါဘူး ငြိမ်းရာ"

"ဟင်...."

"ဆွေက အလုပ်ကို လုပ်ချင်တာ၊ သထုံလိုနေရာထက် ရန်ကုန်က အကြားအမြင် ဗဟုသုတ ပိုကျယ်တယ်လေ၊ ဆွေ့ဘဝကို ရန်ကုန်လိုနေရာမျိုးမှာပဲ တိုးတက်ကြီးပွားအောင် ဖန်တီးချင်တယ် ငြိမ်းရယ်၊ ငြိမ်းတတ်နိုင်ရင် ကူညီပေးပါနော်"

"ငြိမ်း ကြိုးစားကြည့်မယ်လေ၊ ဆွေ စောင့်နိုင်ပါ့မလား"

"ရပါတယ်ကွာ၊ နောက်ထပ် ဘယ်နေ့လောက် ဆွေတို့ ထပ်တွေ့မလဲဟင်....ငြိမ်း"

"ကျောင်းဖွင့်ရက်ကို ငြိမ်း မအားဘူး ဆွေရယ်၊ ပိတ်ရက်မှာ ထပ်တွေ့ကြတာပေါ့၊ ဟုတ်လား"

"ကောင်းပြီလေ၊ ဆွေ မျှော်နေမယ်နော် ငြိမ်း"

✲

# အခန်း (၃)

"မမလေး"

"ဘာလဲ မရီ"

"အောက်မှာ ဦးရန်နောင် ရောက်နေပြီ"

"ဟင်....ဟုတ်လား"

"ဟုတ်ကဲ့ မမလေး၊ မရီ ဘာပြောလိုက်ရမလဲဟင်"

"ခုပဲ ဆင်းလာခဲ့မယ်လို့နော်"

"ဟုတ်ကဲ့"

"ဪ....မရီ"

"ပြောပါ မမလေး"

"ကိုကို့ကို အအေးတစ်ခုခုနဲ့ ဧည့်ခံထားလိုက်နော်"

"ကောင်းပါပြီ မမလေး"

မရီက ခေါင်းညိတ် ခါးညွတ်ကာ အသာလေးလှည့်ထွက်သွားပါပြီ။

ရေချိုးပြီးစ ရှင်းသန့်ဝင်းပနေသော မျက်နှာဖူးမှတ်မှတ်လေးပေါ် ရှင်မတောင် မွှေးမွှေးလေး အသာတင်ကာ မရီ အသင့်သွေးထားပေးသော သနပ်ခါးများဖြင့် ခြေဆုံးခေါင်းဆုံး တစ်ကိုယ်လုံး စိမ့်အေးသွားအောင် လိမ်းလိုက်လေသည်။

ခေါင်းလျှော်ထားသဖြင့် ခါးလယ်မရောက်တရောက်ဆံပင်တူထူ နက်ပြောင်ပြောင်များကို ဟဲယားဒရိုင်ယာဖြင့် အမြန်ခြောက်အောင် မှုတ်နေမိ၏။

စိမ်ပြေနပြေတော့ မဟုတ်ချေ။

အောက်မှာ ကိုကို ရောက်နေပြီဟူသော အသိက ငြိမ်းရင်ထဲမှာ အလိုလို ပျော်ရွှင်သွက်လက်စွာဖြင့် လှုပ်ရှားနေမိခြင်းပါ။

ကိုကို မန္တလေးသွားသည်မှာ တစ်ပတ်ကျော်ပါပြီ။

မန္တလေးရှိ ဆောက်လုပ်ဆဲတည်းခိုခန်းကို ကိုကိုကိုယ်တိုင် ဦးဆောင်ကြီးကြပ်နေရသဖြင့် ရန်ကုန်နှင့် မန္တလေးကို အိမ်ဦး





နှင့် ကြမ်းပြင်သဖွယ် ကိုကိုတစ်ယောက် ကူးချည်သန်းချည် သွားနေရလေ၏။

ရန်ကုန်ရှိ ကမာရွတ်မှ ငြိမ်းတည်းခိုခန်းနှင့် ယခုမန္တလေးမှ ငြိမ်း တည်းခိုခန်း နှစ်ခုစလုံး ပုံစံတူ အရွယ်အစားတူ တစ်ထပ်တည်း ဖြစ်လေသည်။

ရန်ကုန်မှ တည်းခိုခန်းမှာ အထူးလူသိများကာ လာရောက်တည်းခိုသူများဖြင့် အလွန် စည်ကားလျက်ရှိပြီး "ငြိမ်း" သို့ တစ်ခေါက် ရောက်ဖူးပြီးသူတိုင်း နောက်တစ်ကြိမ် မလာချင်ဘဲ မနေနိုင်အောင် ဧည့်သည်များအပေါ် အလိုက်သိလွန်းသော ဝတ္တရားကျေပွန်မှု စေတနာပြည့်ဝမှုများဖြင့် သတင်းမွှေးလျက်ရှိလေသည်။

ကိုကို့မှာ မိဘနှစ်ပါးစလုံး မရှိသည့်အပြင် မောင်နှမသားချင်းလည်း မရှိသဖြင့် မိဘနှစ်ပါးစလုံး၏ အဖေ အမေများဘက်မှ ရရှိလိုက်သော အမွေများက သိန်းပေါင်းမြောက်မြားစွာမို့ စက်မှုတက္ကသိုလ်မှ ဘွဲ့ရပြီးသောအခါ ကိုကိုတစ်ယောက် တတ်ကျွမ်းသော ဗိသုကာပညာဖြင့် ဝါသနာပါသည့် အလုပ်ကို စိတ်လက်ချမ်းသာစွာ လုပ်ပါလေတော့၏။

ကိုယ်တိုင် ပုံစံထုတ်၊ ကိုယ်တိုင် ကြပ်မတ်ဦးဆောင်ကာ ဆောက်ထားသော "ငြိမ်း"ကို မြင်သူတိုင်း အံ့ပြေးကလေး

ဝင်ရောက်အပန်းဖြေ အနားယူ နေထိုင် တည်းခိုချင်စဖွယ် ကောင်းလောက်အောင်ပင် ခေတ်မီလှပသောပုံစံဖြင့် ဆွဲဆောင်မှု အားကောင်းလှပေတော့၏။

ငြိမ်းကို ဖန်တီးပိုင်ဆိုင်သူ ဦးရန်နောင် ဟူသော ရင်ငြိမ်းအေး၏ အသည်းနှလုံးနှင့် ထုပ်တူထပ်မျှ ချစ်ရပါသည့် ကိုကိုသည် တည်းခိုခန်း လောကတစ်ခွင် ရေပန်းစားကာ စိတ်ဝင်စားသူ များလှပါသည်။

ဂုဏ်ပုဒ်အရသာ "ဦး"တပ်ကာ ခေါ်ဝေါ် နေကြသော်လည်း ကိုကို့အသက်က ခုမှ နှစ်ဆယ့်ခွန်လောက်သာ ရှိပါသေး၏။

ငြိမ်းကို ငုံထားမတတ် ချစ်မြတ်နိုးသည့် ကိုကို့မေတ္တာနှင့် အကြင်နာအားလုံးကို ရယူပိုင်ဆိုင်ထားသော ငြိမ်းအား သူငယ်ချင်းများက ကံအကောင်းဆုံးသော မိန်းကလေး တစ်ယောက်ဟုပင် ပြောကြပါ၏။

မှန်ပါသည်။

ငြိမ်း အလွန်ကံကောင်းပါသည် ဟူ၍လည်း ကိုကို့အချစ်အပေါ် အကြွင်းမဲ့ ယုံကြည်ကိုးစားစိတ်ဖြင့် ငြိမ်းကိုယ်ငြိမ်း အစဉ်အမြဲ ကျေနပ်ကြည်နူးမိရပါသည်။

တကယ်တော့လည်း ကိုကိုနှင့် ငြိမ်းတို့ ဖူးစာဆုံကာ ချစ်ကျွမ်းဝင်ခဲ့ကြပုံမှာ မဆန်းလှပါချေ။

ဉာဏ်ဝင်းစာပေ



မေမေ့အမေ ငြိမ်း ဘွားဘွားနှင့် ကိုကို့ဖေဖေ၏ မိခင် ကိုကို့ဘွားဘွားတို့မှာ အလွန်ချစ်ကြသော သူငယ်ချင်းများပီပီ သားသမီးအချင်းချင်း မစုံဖက်ပေးနိုင်ကြသည့် အဖြစ်ကို အားမရလွန်းလှစွာဖြင့် မြေးမြေးချင်းကျ ဖြစ်မြောက်အောင် ကြောင်းလမ်း စေ့ဆော်ပေးမှုကြောင့် မန္တလေးမှ စက်မှုတက္ကသိုလ်ကျောင်းသား ကိုကို တစ်ယောက် ရန်ကုန်မှာ ကျောင်းလာတက်ရင်းနှင့်ပင် ငြိမ်းကို စတင်သိမြင်သွားချိန်မှ စ၍ ဘဝရေစက် ပန္နက်ခဲ့ဖူးသော သစ္စာများကြောင့်ပင်လား မသိပါ။

မြင်မြင်ချင်း စွဲနစ်အောင် ချစ်ကျွမ်းဝင်ခဲ့ကြတော့၏။

ကိုကိုကလည်း ငြိမ်းကို အလွန်ချစ်သလို ငြိမ်းကလည်း ကိုကို့အပေါ် မနိုင်းသာအောင် မြတ်နိုးအားကိုးရလွန်းစွာ ချစ်မိရတာမို့ ငြိမ်းတို့ ချစ်ခရီးလမ်းမှာ ပန်းအတိခင်းသော လမ်းဟူ၍ပင် ဆိုနိုင်ပါသည်။

ကိုကို၏ ငြိမ်းအပေါ် ခိုင်ကျည်လေးနက်သော မေတ္တာတရားကို ဖော်ညွှန်းသည့် 'ငြိမ်း' တည်းခိုခန်းလုပ်ငန်းမှာ ငြိမ်း၏ အမည်ကို ယူထားသည်ကပင် သက်သေတင်ပြီးသား ဖြစ်နေလေတော့၏။

ဟိုတယ်လုပ်ငန်းရှင်လောကဝယ် ကိုကို့ကို မသိသူ မရှိသလောက်ပင် ကိုကို့ အရည်အချင်းများက သင်းပျံ့လျက်ရှိနေလေသည်။

ဉာဏ်ဝင်းစာပေ

ငြိမ်း ကျောင်းပြီးသည်နှင့် လက်ထပ်ကြရန် အားလုံးစီစဉ်အစီအစဉ်ဆွဲထားပြီးသားမို့ ခုချိန်မှာ ချစ်သူတို့ဘဝဖြင့် ကိုကိုရော ငြိမ်းပါ တစ်နေ့မမြင်ရ မနေနိုင်ဟူသော အဖြစ်မျိုးဖြင့် သည်းသည်းလှုပ်အောင် ရှိနေကြသည်မှာ အဆိုးမဆိုသာပေ။

ကိုကို နှစ်သက်တတ်သော အပြာနုရောင် တီရှပ်ပွပွလေးနှင့် အဖြူခံ အပြာပွင့်များပါသော လုံချည်ကို တွဲဝတ်ကာ နောက်ဆုံးအဆင့်အနေဖြင့် မှန်တင်ခုံရှေ့ ဘယ်ညာ ငဲ့စောင်းကြည့်ရှုပြီး ဘော်ဒီစပရေးအသာဖျန်းကာ ရှူးလန်းပေါ့သွက်စွာ အပြေးလေးဆင်းလာခဲ့၏။

"ကိုကို"

တစ်ဆစ်ချိုးလှေကားပေါ်မှ လှမ်းမြင်ရသည်နှင့် ငြိမ်းက ကိုကို့ကို တိုးတိုးလေးလှမ်းခေါ်ကာ လက်ကလေးတစ်ဖက်မြှောက်ပြရင်း ဝမ်းသာအားရပြေးဆင်းလာခဲ့၏။

ကိုကိုကလည်း ငြိမ်းကို လှေကားရင်းအထိ ခြေလှမ်းကျဲများဖြင့် ဆီးကြိုကာ အနားရောက်သည်နှင့် ငြိမ်းလက်ကို ဆုပ်ကိုင်ဆွဲယူလိုက်ပြီး....

"သိပ်လှမ်းတယ်ကွာ"

"ကိုကိုရာ....ငြိမ်းရောပေါ့"

"အား....ရင်ထဲကို အေးသွားအောင် မွှေးလိုက်တာကွာ"





ကိုကိုက ငြိမ်း ပခုံးနားအထိ မျက်နှာလေးဝဲကာ မွှေးရှိုက်ကန်ပြရင်း ပြောလိုက်တာမို့ ငြိမ်း ကိုကို့ လက်မောင်းကို ခိုမှီတွဲခေါ်လိုက်ရင်း....

"ရေချိုးပြီးစ သနပ်ခါးတွေ လိမ်းထားတာလေ၊ မွှေးလားဟင်....ကိုကို"

"ငြိမ်း"

"ရှင်...."

"စိတ်ထင်တိုင်းသာ ကြခွင့်ရရင်တော့လားကွာ၊ ငြိမ်းကို ရင်ခွင်ထဲ တအားဆွဲပွေ့ပြီး...."

"အိုး....ကိုကိုကလဲ၊ ငြိမ်း ရှက်ပါတယ်နော်၊ လာပါ....ထိုင်ရအောင်"

"ကောင်းပါပြီဗျာ"

"အဟင်း...."

ငြိမ်းလက်ကို မချင့်မရဲဆုပ်ညှစ်ကာ ကိုကို လွှတ်ပေးလိုက်ပြီးမှ ဆက်တီပေါ် ဝင်ထိုင်လိုက်၏။

ငြိမ်းက ကိုကို့ဘေးမှာ အသာဝင်ထိုင်ရင်း....

"မန္တလေးက ဘယ်အချိန်ပြန်ရောက်လဲဟင်....ကိုကို"

"စောစောလေးတင်ပါ၊ ငြိမ်းကို လွှမ်းလွန်းလို့ ရေချိုးပြီး ချက်ချင်းပြေးလာတာ၊ သိလား"

"ကိုကို ရောက်လာမှန်းသိရင် ငြိမ်း ရေအစောကြီးချိုးထားမှာ၊ ခုတော့ စောင့်နေရတာ အားနာလိုက်တာ ကိုကိုရာ"

"ရပါတယ်ကွာ"

"ကိုကို"

"ဗျာ...."

"တစ်ခုခုစားဦးမလားဟင်"

"ဟင့်အင်း....ဝသွားပြီ"

"ဟင်....အအေးလေးတစ်ခွက်က ဝမှာလားလို့"

"ကိုကိုက အအေးသောက်လို့ ဝတာမှမဟုတ်တာ"

"ဒါဖြင့်...."

"အချစ်ဆုံးကို တွေ့လိုက်တာနဲ့ အာဟာရသိဒ္ဓိ အလိုလို ပြည့်သွားတာ ငြိမ်းရ"

"ကြည့်....ငြိမ်းဟာ အဟုတ်မှတ်လို့"

မျက်စောင်းလေးဝင့်ကာ ငြိမ်း ကြည်ကြည်နူးနူးပြောတော့ ကိုကို သဘောကျစွာ ပြုံးလိုက်ပြီးမှ....





"ငြိမ်း"

"ရှင်....ကိုကို"

"အပြင်ထွက်ရအောင်ကွာ....အန်တီတို့ကော"

"မေမေတို့ အပြင်သွားတယ် ကိုကို၊ ဘယ်သွားချင်လဲ ဟင်"

"ဟင့်အင်း....ကားတစ်ပတ်လောက်မောင်းချင်လို့ပါ၊ ငြိမ်း ကာ ကိုကို့ဘေးနားမှာပြီး လိုက်စေချင်လို့"

"ကိုကိုရယ်"

ကိုကို့ ပခုံးကို မချင့်မရဲလေး နဖူးနှင့်တွန်းထိုးမိပြီးမှ ငြိမ်း ပြောလိုက်၏။

"ကောင်းတယ် ကိုကို၊ ငြိမ်းလဲ ကိုကိုနဲ့ မလည်ရတာကြာ ပြီ၊ ခဏနေဦး၊ မရီကို မှာခဲ့ဦးမယ်၊ မေမေတို့ ပြန်လာရင် မရီ ပြောထားလို့ရအောင်"

"ကောင်းပါပြီဗျာ"

ထမင်းစားခန်းထဲရှိ မရီကို ငြိမ်း ကိုကိုနှင့် အပြင်ခဏထွက်မည့်အကြောင်း သွားပြောလိုက်ပြီးမှ....

"လာ....ကိုကို သွားရအောင်"

"ဩော်....ငြိမ်း....ရော့"

ကျွတ်ကျွတ်အိတ်လေးနှင့် အထုပ်တစ်ခု ကိုကို လှမ်းပေးသဖြင့်....

"ဘာလဲဟင်....ကိုကို"

"ထိုးမုန့်"

"အဟင်း....ကိုကိုက ချစ်ဖို့ကောင်းလိုက်တာ"

ငြိမ်း အလွန်ကြိုက်သော ထိုးမုန့်ကို ကိုကို သတိတရ ဝယ်လာပေးသဖြင့် ကလေးငယ်လေးလို မြူးရွှင်စွာ ပြောလိုက်သော ငြိမ်းကို ကိုကို ပြုံးပြုံးလေးကြည့်နေလေ၏။ ပြီးမှ....

"နောက်တစ်ခုရှိသေးတယ်၊ သိလား ငြိမ်း"

"ဘာလဲဟင်....ကိုကို"

"ကားပေါ်ရောက်မှ ပေးမယ်"

"ဟွန်း....ကိုကို လူလည်ကျပြီကွာ၊ ဘာလဲလို့ ပြောစမ်းပါ"

ငြိမ်းထက် အသက်ငါးနှစ်တိတိကြီးသော ကိုကို့အပေါ် တစ်ခါတလေဟန်ဆောင်ကာ နွဲ့ရသည်က ငြိမ်းအတွက် ပျော်စရာကောင်းလှပါ၏။

ခုလည်း ကိုကို့ လက်မောင်းကို မချင့်မရဲဆွဲလှုပ်ကာ မေးနေသော ငြိမ်းကို ပြုံးစိစိလေးကြည့်ကာ ကိုကို ကားဆီထွက်သွားတာမို့ ငြိမ်းပါ ပွစိပွစိနှင့်ပါသွားရ၏။

ကားထဲဝင်ထိုင်လိုက်ကြပြီးမှ ကိုကိုက အင်္ကျီအိတ်ထဲ လက်နှိုက်ကာ ဘူးပြားလေးတစ်ခုကို ယူထုတ်ကာ ဖွင့်ပြလိုက်၏။





"ဟယ်....ချစ်စရာလေးပါလား ကိုကိုရယ်"

ရွှေသားအတိဖြင့် ပြုလုပ်ထားသော ငှက်မောင်နှံတစ်စုံ၏ လည်ချင်းယှက် ချစ်ကြင်ဟန်လေးက မြင်သည်နှင့် နှစ်သက်စရာကောင်းသည့် လော့ကက်သီးလေးတစ်ခုပင်တည်း။

"ငြိမ်း ကြိုက်တယ်နော်"

"ကြိုက်တယ် ကိုကို၊ ဈေးအရမ်းကြီးမှာပေါ့နော်"

"ကိုကို့ အချစ်လောက် ဘယ်အရာမှမကြီးပါဘူး ငြိမ်းရာ"

ငြိမ်း နဖူးလေးကို မြတ်မြတ်နိုးနိုးလေးငုံ့ကာ နမ်းရှိုက်လိုက်သော ကိုကို့ ရင်ခွင်ထဲ ငြိမ်း မျက်နှာလေးဝှက်ကာ ကြည်နူးစွာ ပြုံးလိုက်မိ၏။

❋

# အခန်း (၄)

"ငြိမ်း"
"ကိုကို"
"ပျော်ရဲ့လား"
"ပျော်တာပေါ့ ကိုကိုရယ်"
"ကျောင်းကော မှန်မှန်တက်ရဲ့လား"
"တက်ပါတယ် ကိုကိုရဲ့"
"ငြိမ်းကို အမြန်ဆုံးပဲ ကျောင်းပြီးစေချင်ပြီကွာ"
"ဘာပြုလို့"
"အတူတူနေချင်ပြီ ငြိမ်းရာ"

"ဩော်....ကိုကိုကလဲ"

"ငြိမ်းကော အတူတူမနေချင်ဘူးလားဟင်"

"နေချင်ပြီလား ကိုကိုရယ်၊ အားလုံး ပြောဆိုပြီးသွားကိစ္စပဲဟာ၊ ကိုကိုက ဘာလို့ အရင်လိုချင်နေတာလဲဟင်"

"စိတ်မချလို့"

"စိတ်မချလို့"

"အင်း...."

"ငြိမ်းကို ဟုတ်လား"

"အင်း...."

"အဲဒါ ကိုကို မဟာရားပြောတာပဲကွာ"

"ဘာကြောင့်"

"ငြိမ်းကသာ ကိုကို့ကို စိတ်မချဖြစ်ရမှာရှင့် သိလား"

"အလိုဗျာ....အကြောင်းက ဘာတဲ့လဲ"

"ဘာဖြစ်ရမှာလဲ ကိုကိုရ၊ ကိုကိုက ပညာတတ် ရုပ်ချော ဥစ္စာပေါတစ်ယောက်ဆိုတော့...."

"အဟမ်း....အဟမ်း.... ဟာ....ငြိမ်း၊ ကိုကို့ကို ဆွဲထားစမ်းကွာ၊ ဆွဲထား၊ ဆွဲထား"

ကိုကို့ အလောတကြီးစကားကြောင့် ငြိမ်းမှာ ဘုမသိ ဘမသိနှင့် ကိုကို့လက်ကို ဆွဲလိုက်ပြီးမှ....





"ဘာဖြစ်လို့လဲဟင်....ကိုကို"

"ငြိမ်း ပြောလို့ ကိုကို ဘဝင်တွေမြင့်ပြီး အပေါ်ကိုလွင့်သွားမှာစိုးလို့လေ"

"သွား"

ကိုကို့ ရွှတ်နောက်နောက် စကား ကြောင့် ငြိမ်းမှာ သဘောကျစွာဖြင့် ကိုကို့လက်မောင်းကို မနာအောင် ဆိတ်လိုက်မိ၏။ ပြီးမှ....

"ထကယ်ပြောတာ ကိုကို့ရဲ့၊ ငြိမ်း ကြားပါတယ်နော်"

"ဘာတွေကြားတာလဲ ငြိမ်းရ"

"ကိုကို့သတင်းတွေပေါ့"

"ဆိုပါဦးဗျာ"

"အသက်ငယ်ငယ်နဲ့ စီးပွားရေးလောကမှာ အောင်မြင်နေတဲ့ အကြောင်းတွေပေါ့"

"အဲဒါ မကောင်းဘူးလား ငြိမ်းရ"

"ကောင်းပါတယ်"

"ဒါဆို ပြီးနေပြီမဟုတ်လားကွာ"

"မပြီးသေးဘူး ကိုကို့ရဲ့"

"ဟင်...."

"ကိုကိုက သတင်းမေးတော့ စိတ်ဝင်စားချင်သူတွေ ဝိုင်းနေမှာပေါ့....ကဲ"

"ဟာကွာ....အဲဒါ ငြိမ်း အသင်မှားနေတာ"

"ဟင်...."

"ဒီမယ်....ငြိမ်း၊ ကိုကို့ ပတ်ဝန်းကျင်မှာလေ ကိုကို့အကြောင်း အားလုံးသိနေကြတယ် သိလား"

"ဘာအကြောင်းလဲ ကိုကို"

"ကိုကို့အတွက် ငြိမ်းကလွဲပြီး ဘာမှအလေးထားစရာ အကြောင်းမရှိဘူး ဆိုတာကိုပေါ့"

"ကိုကိုရယ်"

"ဟိုတယ် နာမည်ပေးတာကအစ ကိုကို့ရင်ထဲမှာ ငြိမ်းကို ဘယ်အတိုင်းအတာထိ ချစ်တယ် မြတ်နိုးတယ်၊ တန်ဖိုးထားတယ်ဆိုတာ အားလုံးသိနေအောင် ကိုကိုနဲ့ပတ်သက် ပိုင်ဆိုင်မှုမှန်သမျှ ငြိမ်းပဲ၊ ငြိမ်းဟာ ကိုကို့ အသည်းနှလုံး၊ ကိုကို့ မျှော်လင့်ချက်၊ ကိုကို့ဘဝပဲ သိလား"

"ကိုကိုရယ်"

ကြည်နူး ချမ်းမြေလွန်းရစ္စာဖြင့် ငြိမ်း ကိုကို့ပခုံးစွန်းမှာ နဖူးလေးတင်ကာ မျက်လုံးအစုံကို မှိတ်ထားမိတော့၏။





ကန်တော်ကြီးကို ဖြတ်သန်းကာ တိုက်ခတ် လာ သော လေညင်းလေးက ကိုကိုနှင့်ငြိမ်းကို ကလူကျီစယ်ဟန်ဖြင့် တိုးဝှေ့သွားကြလေသည်။

ကိုကိုက ငြိမ်း၏ဆံပင်များကို ဖွဖွလေးငုံ့နမ်းလိုက်ပြီးမှ ရင်ခွင်ထဲ တိုးကပ် ဖိအပ်ဆွဲယူ သိုင်းဖွေ့ကာ....

"သိပ်ချစ်တယ် ငြိမ်းရာ၊ ကိုကိုလေ ငြိမ်းကို ဘယ်လောက်ချစ်တယ်ဆိုတာ ပြောပြဖို့ စကားလုံးတွေတောင် ရှာလို့မတွေ့ဘူးကွာ"

"ကိုကို"

"ဗျာ"

"ငြိမ်းကို ဘာလို့ချစ်တာလဲဟင်"

"မိန်းကလေးပီသလို့"

"ဟွန့်....မိန်းကလေးပဲ ကိုကိုရာ၊ မိန်းကလေး ပီသမှာပေါ့လို့"

"မတူပါဘူး ငြိမ်းရာ"

"ဟင်...."

"ငြိမ်းက သိပ်ကိုဖြူစင်တယ်၊ သဘောသားလဲ ပြည့်ဝလွန်းတယ်၊ ဉာဏ်ရှိတယ်၊ စိတ်စေတနာကောင်းတွေနဲ့ လူတိုင်းအပေါ်မှာ ငြိမ်းက နားလည်ပေးတတ်တယ်"

"နားဝင်ချိုလိုက်တာ ကိုကိုရယ်၊ ဆက်ပြောပါဦး.... အဟင်း....ဟင်း"

"ပြီးတော့ ဘာသာရေးကိုင်းရှိုင်းတယ်၊ လူမှုရေး နားလည်တယ်"

"တော်ပါတော့ ကိုကိုရယ်၊ ငြိမ်း မနေတတ်တော့ဘူး၊ သိလား"

"ကိုကိုပြောတာ မှားသလား ငြိမ်း"

"ကျန်သေးတယ်"

"ကိုကို့အပေါ် အရမ်းကိုချစ်တတ်တယ်"

"ဟေး....ဒါပေါ့ ကိုကိုရာ"

ဝမ်းသာအားရ ကိုကို့လက်မောင်းကို ဆွဲလှုပ်ပစ်နေမိ၏။

ကိုကိုက ငြိမ်း လက်များကို အသာစုယူဆုပ်ကိုင်လိုက်ပြီးမှ ရင်ခွင်မှာကပ်ထားကာ ငြိမ်း မျက်နှာလေးကို မြတ်မြတ်နိုးနိုးလေး ငုံ့ကြည့်လိုက်ပြီးမှ ပြောလိုက်၏။

"ငြိမ်းကကော ကိုကိုချစ်တာကို သဘောပေါက်တယ်မဟုတ်လား"

"သဘောပေါက်တာပေါ့ ကိုကိုရဲ့"

"ငြိမ်း"

"ရှင်....ကိုကို"

ဉာဏ်ဝင်းစာပေ



"ကိုကို့အပေါ် သိပ်ပြီး စိတ်ချတာပဲလားဟင်"

"အင်းလေ....ဘာလဲ ကိုကို၊ စိတ်မချရဘူးလား"

"ကိုကို မန္တလေးမှာ အလုပ် သွားသွားလုပ်နေတာ နည်းနည်းလေးမှ သံသယစိတ်တွေ မဖြစ်မိဘူးလားကွာ"

"ဘယ်လိုသံသယမျိုးလဲဟင် ကိုကို"

"နောက်တစ်ယောက်နဲ့ ကိုကို ချစ်သွားမှာလား ဆိုတာမျိုးပေါ့ ငြိမ်းရာ"

"ဟင့်အင်း....လုံးဝကို မတွေးဖြစ်မိပါဘူး ကိုကိုရာ၊ ဘာလို့လဲ သိလား"

"ဆိုပါဦးဗျာ"

"ငြိမ်း ရင်ထဲမှာ အလိုလို အလေးအနက်ကြီးကိုနားလည်လက်ခံထားတာက ကိုကိုဟာ ငြိမ်း တစ်ယောက်တည်းကိုပဲချစ်တာလို့ပေါ့"

"ငြိမ်းရာ....ကိုကို့ငြိမ်းလေးရာ"

ငြိမ်းအပြောကြောင့် ကိုကိုတစ်ယောက် မချင့်မရဲဖြစ်သွားရှာ ငြိမ်းတစ်ကိုယ်လုံးကို ရင်ခွင်ထဲ နစ်မြုပ်သွားမတတ်ထွေးယူပွေ့ထားလိုက်ပါတော့၏။

ကိုကို့အကြင်နာများကို ကြည်နူးတသိမ့်သိမ့်နှင့် မြတ်နိုးမှုပိုဖိတ်လွှန်းရရှာ ငြိမ်း ပြုံးပြုံးလေးမျက်လုံးမှိတ်ကာ ငြိမ်သက်နေလိုက်၏။

ဉာဏ်ဝင်းစာပေ

ငြိမ်း၏ နှဖူး၊ နှာတံ၊ ပါးပြင်များအပေါ် ကိုကို့ ထွက်သက် လေနွေးနွေးလေးက ရှိန်းမြ ကြည်မွေ့ရလွန်းစွာဖြင့် မသိမသာလေး သက်ရောက်နေကြပါသည်။

ကိုကို့ရင်ခွင်မှာ ခေါင်းမှီကာ ငြိမ်သက်နေရာမှ ငြိမ်းက တစ်စုံတစ်ရာကို သတိရလာရစွာ ပြောလိုက်၏။

"ကိုကို"

"ဗျာ...."

"မန္တလေးမှာ ကိုကို ပင်ပန်းမှာပေါ့နော်"

"အရိပ်ကိုလိုင်ငင် နေပူထဲက စောင့်ရတယ်လေ ငြိမ်းရ၊ ကိုကိုက ချမ်းသာချင်တာကိုးကွာ"

"ဘာလို့ ချမ်းသာချင်ရတာလဲဟင်....ကိုကို"

"ကလေးတွေ မျက်နှာမငယ်ရအောင်ပေါ့ကွာ"

"ဟင်....ဘယ်က ကလေးတွေလဲ ကိုကို"

"ရန်ငြိမ်းဦးတို့ မောင်နှမတွေအတွက်ပေါ့ ငြိမ်းရ"

"ရန်ငြိမ်းဦး"

"အင်း....ရန်ငြိမ်းဦး၊ ရန်ငြိမ်းလတ်၊ ရန်ငြိမ်းထွေးတို့ မောင်နှမတွေလေ"

ကိုကိုပြောမှ ငြိမ်း ပို၍လှုပ်ရှားသွားရစွာ ကိုကို့ရင်ခွင်ကို ပျော့နွဲ့စွာ မှေးမှီနေရာမှ ဆတ်ခနဲခွာလိုက်ကာ ကိုကို့မျက်နှာ





ကို မျက်ခန်းကလေးတလည်လည်နှင့် အဖြေရှာ စူးစမ်းဟန် ငြိမ်း လှမ်းကြည့်လိုက်မိ၏။

"ဟင်...."

ကြည့်စမ်း....

ကိုကို့မျက်နှာ ပြုံးတုံ့တုံ့နှင့် ရှုန်းရှုန်းစားစား ကြည့်နေပါလား။

ငြိမ်း မနေတတ်တော့။ ကိုကို့လက်မောင်းကို ဆွဲယူလှုပ်ကာ မေးရ၏။

"ကိုကို ဘာလဲ ဘာတွေလဲ၊ ဘယ်ကရန်ငြိမ်းဦးတွေလဲ၊ ငြိမ်း ဘာမှနားမလည်ပါလား"

"ရန်ငြိမ်းဦး၊ ရန်ငြိမ်းလတ်နဲ့ ရန်ငြိမ်းထွေးဆိုတာ ကိုကိုနဲ့ ငြိမ်းတို့ရဲ့ သားသမီးတွေလေ ငြိမ်း"

"ဟာ....ကိုကိုကလဲ"

"အဟား....ဟား"

ခုံမှ သဘောပေါက်သွားရစွာ ငြိမ်း ကိုကို့ကျောပြင်ကို လက်သီးဆုပ်လေးနှင့် ဖွဖွထုမိပါတော့၏။

"ကိုကို မကောင်းဘူးကွာ၊ ဘာတွေပြောမှန်းလဲမသိဘူး"

"အဟား....တကယ်ပြောတာ ငြိမ်း၊ ကိုကို အဲသလိုပဲ စိတ်ကူးထားတယ် သိလား၊ သားသမီးတွေနဲ့ ဘယ်လောက်ပျော်စရာကောင်းမလဲကွာ"

"တော်ပါတော့ ကိုကိုရာ၊ ငြိမ်း နားရှက်ပါတယ်"

"ဒါ ရှက်စရာမဟုတ်ပါဘူး ငြိမ်းရာ၊ စီမံကိန်းဆိုတာ ခုလိုပဲ ကြိုတင်ပြီး အဲ့ထားရတယ်ဗျ၊ ကိုကို ကြိုးစားလုပ်ကိုင်

နေတဲ့ ကိစ္စတွေမှန်သမျှ အားလုံး ငြိမ်းအဘွက်ချည်းပဲ သိလား"

"ကိုကို ပင်ပန်းတာကို ငြိမ်း သဘောမကျပါဘူးနော်"

"အမယ်လေးဗျာ.... ငွေစိုက်ထုတ်ရုံ ပါးစပ်လေးလှုပ်ပြီး လက်ညှိုးထိုး ညွှန်ကြားပြီး ကြပ်မတ်ရုံလောက်နဲ့ ဘယ်မှာ လာပြီးပင်ပန်းမှာလဲ ငြိမ်းရာ"

"လူမပင်ပန်းပေမယ့် စိတ်တော့ပင်ပန်းမှာပေါ့ ကိုကိုရယ်"

"စိတ်လဲ မပင်ပန်းပါဘူးကွာ"

"ဟင်....တကယ်"

"အင်း....ကိုကို့မှာ အာနိုးဖြေဆေးရှိတယ် ငြိမ်းရ"

"ဘာဆေးလဲ"

"ရင်ငြိမ်းအေးဆိုတဲ့ အချစ်ဆေး"

"သွား...."

"အဟား....ဟား"

ကြည်နူးစွာမျက်စောင်းချိတ်ကာ ပြောလိုက်သော ငြိမ်း၏ ရှက်ဝဲဝဲအမူအရာလေးကို ကိုကို ချစ်စနိုးဖြစ်လွန်းရစွာဖြင့် ငြိမ်း၏ နဖူးပြေပြေလေးကို မြတ်နိုးစွာ ငုံနမ်းလိုက်လေတော့ သည်၊

ကိုကို့အကြင်နာကို ပီတိဝေစွာခံယူရင်းမှ ငြိမ်းအတွေးထဲ တစ်စုံတစ်ရာသော အကြောင်းလေးက ဖျတ်ခနဲ ဝင်လာရ လေသည်။

"ငြိမ်း ကိုကို့ကို ပြောစရာတစ်ခုရှိတယ် ကိုကို"

"တစ်ခုတည်းလား ငြိမ်းလေး"





"အဟင်း....ဟုတ်တယ် ကိုကို၊ ဟို သထုံက ငြိမ်းသူငယ် ချင်း ဂာစ်ယောက်လေ အလုပ်လာရှာတာတဲ့၊ ရန်ကုန်မှာ ရောက်နေတာ အဆင်မပြေသေးဘူး ကိုကို"

"အဲဒါကို ငြိမ်းက ဘယ်လိုဖြစ်စေချင်လို့လဲ၊ ပြောလေ"

"ကိုကို့မှာ အလုပ်မရှိဘူးလားဟင်"

"ငြိမ်းသူငယ်ချင်းက အမျိုးသားလား၊ အမျိုးသမီးလား"

"မိန်းကလေးပါ ကိုကို၊ မိသားစုများတော့ ဆွေတိုက ကျပ်တည်းတယ် ကိုကိုရဲ့"

"ဆယ်တန်းအောင်လား"

"ဒုတိယနှစ် ကိုကို"

"အင်းလေ၊ ငြိမ်းက ကူညီချင်တယ်ဆိုတော့ ကိုကို စဉ်းစား ပေးရမှာပေါ့ကွာ"

"ဝမ်းသာလိုက်တာ ကိုကိုရယ်"

❋

# အခန်း (၅)

"ဟော....ငြိမ်း"

ကားလေး ငြိမ့်ခနဲဆုတ်လိုက်သည်နှင့် အိမ်ထဲမှ ဆွေ တစ်ယောက် ဝမ်းသာအားရ ပြေးထွက်လာ၏။

ကားတံခါးဖွင့်ကာ ဆင်းလာချိန်မှာ အနားရောက်လာသော ဆွေက....

"ဆွေ မျှော်နေတာ ငြိမ်းရဲ့"

"ဩြော်....ငြိမ်း ပြောသားပဲ ဆွေရယ်၊ ကျောင်းပိတ်မှ အားလိမ့်မယ်လို့လေ"

"အင်းပါ....လာ ငြိမ်း....ထိုင်"

အိမ်ရှေ့မှာ ဖျာငှယ်တစ်ချပ်ခင်းကာ ဆွေက ငြိမ်းလက်ကို ဆွဲ၍ ထိုင်စေပြီးမှ....

"ငြိမ်းကို အားနာလိုက်တာကွာ"

"ဘာလို့လဲ ဆွေ"

"ဪ....အိမ်ကစုတ်တော့ ငြိမ်းက အရှမ်းသားနားနေတယ် မဟုတ်လား....အဟင်း"

"ဆွေရယ်....မဆိုင်ပါဘူး၊ ငြိမ်း ခင်တာ ဆွေကိုပဲ၊ ဆွေ ပတ်ဝန်းကျင်ကိုမှ မဟုတ်တာ၊ ဒါနဲ့ အိမ်ရှင်တွေကော ဟင် ဆွေ"

"ဦးလေးက အလုပ်ဆင်းသွားတယ်လေ၊ ဒေါ်လေးက ထမင်းချက်နေတယ်"

"ဪ....ကလေးတွေကော ဆွေ"

"သွားဆော့နေကြတာ ဖြစ်မှာပေါ့၊ တစ်ယောက်မှမရှိဘူး ငြိမ်းရဲ့၊ ဪ....ဒါနဲ့ ဆွေ ပြောထားတာ ဘယ်လိုလဲဟင် ငြိမ်း"

"အလုပ်အတွက်လား ဆွေ"

"အင်းပေါ့"

"ငြိမ်း ပြောတော့ပြောထားပါတယ် ဆွေ"

"ဟင်....ဟုတ်လား၊ ဘယ်မှာလဲ၊ ဘာအလုပ်လဲ ငြိမ်း"





"ကိုကို့ လုပ်ငန်းမှာပါ၊ ဟိုတယ်လုပ်ငန်းပေါ့"

"ကိုကို ဟုတ်လား ငြိမ်း"

"ဟုတ်တယ် ဆွေ၊ ငြိမ်းနဲ့ စေ့စပ်ထားတဲ့လူပေါ့၊ ကိုကို့မှာ ဟိုတယ်ရှိတယ် ဆွေရဲ့၊ ရန်ကုန်မှာ၊ မန္တလေးမှာ၊ မန္တလေးမှာက ဆောက်တုန်းပဲလေ၊ နှစ်နေရာစလုံးကို ငြိမ်းလို့ပဲအမည်ပေးထားတယ်"

"ဟင်....ဟုတ်လား၊ ငြိမ်းချစ်သူက သူဌေးပေါ့နော်"

"ဟုတ်တယ် ဆွေ၊ ကိုကို့မှာ မိဘရော မောင်နှမပါ မရှိဘူးလေ၊ နှစ်ဖက်အမွေတွေ အများကြီးရလိုက်တာ၊ ကိုကိုက စက်မှုနဲ့ ကျောင်းပြီးသွားပြီ ဆွေရဲ့၊ ငြိမ်းကိုလဲ သိပ်ချစ်တာ သိလား"

"ငြိမ်း ကံကောင်းတာပေါ့"

"ဟုတ်တယ် ဆွေ၊ လူတိုင်းပြောကြတယ်လေ၊ ငြိမ်း ကံကောင်းတယ်လို့"

"အခု ဆွေကို တာဝန်ခန့်မှာပေါ့နော် ငြိမ်း"

"ခန့်မှာပါ၊ ကိုကိုက ကတိတစ်ခုကို လွယ်လွယ်နဲ့ ပေးတတ်တာမှ မဟုတ်တာ ဆွေရဲ့"

"ငြိမ်း ဘယ်လိုပြောလိုက်လဲဟင်"

"ဪ....ဆွေဟာ ငြိမ်းရဲ့သူငယ်ချင်းပါ၊ ချို့တဲ့ရှာတယ်၊ ကိုကို ကူညီနိုင်ရင် ကူညီပေးပါလို့ပြောတော့ ကိုကိုကပြော

တယ် သိလား၊ ငြိမ်းက ကူညီချင်တယ်ဆိုတော့ ကိုကိုစဉ်းစားပေးရမှာပေါ့ကွာတဲ့"

"ကျေးဇူးတင်ပါတယ် ငြိမ်းရယ်၊ တကယ်ပါ"

"ဆွေရယ်....မဟုတ်တာ၊ ကျေးဇူးတင်စရာ မလိုပါဘူး၊ ငြိမ်းက ဆွေအတွက် ဘယ်လိုကူညီရမလဲလို့ စဉ်းစားနေတာ၊ ကိုကိုနဲ့တွေ့မှပဲ အေးသွားတော့တာ"

"ဒါနဲ့ ဆွေနဲ့ငြိမ်း အရင်တစ်ခါတွေ့တုန်းက ငြိမ်းမှာ ချစ်သူရှိတဲ့အကြောင်း ဆွေကို မပြောပြပါလား"

"အဟင်း...,ဆွေကလဲကွာ၊ စကားမစပ်မိလို့ပါ၊ ပြီးတော့ ကိုကိုလဲ မရှိဘူးလေ"

"ဟင်....ဘယ်သွားလို့လဲ"

"မန္တလေးကို၊ ဟိုမှာဆောက်နေတဲ့ 'ငြိမ်း'က မပြီးသေးဘူး ဆွေရဲ့"

"နာမည်ဘယ်လိုခေါ်လဲ ငြိမ်း"

"ကိုရန်နောင်တဲ့"

"အသက်ကော"

"နှစ်ဆယ့်ခွန်လောက်ရှိပြီ ဆွေရဲ့"

"ချောမှာပေါ့နော် ငြိမ်း"





"အဟင်း....ဟင်း....ဆွေကလဲ မေးမှမေးတတ်ပလေ၊ငြိမ်း မျက်စိထဲမှာ ကိုကို့လောက် တစ်ယောက်မှချောတယ်လို့မထင်ဘူးလေ"

"အဟင်း....ဟုတ်မှာပေါ့၊ ဟုတ်မှာပေါ့"

"ဆွေ....အားနေလား"

"အင်းလေ....အားနေလို့ စိတ်ညစ်နေတာပေါ့ ငြိမ်းရယ်"

"ဩော်....ဆွေရယ်"

"တကယ်ပြောတာ ငြိမ်းရဲ့"

ဆွေက အိမ်ထဲဆီ မသိမသာဝေ့ကြည့်လိုက်သဖြင့် ငြိမ်းပါ လှမ်းကြည့်လိုက်၏။

ဆွေ့ ဒေါ်လေး ဖြစ်ဟန်တူသော အမျိုးသမီးကြီး တစ်ယောက် ဘာကိုလည်းမသိ၊ တဒုန်းဒုန်း ထောင်းထုနေသံက မီးဖိုထဲမှ ပျံ့လွင့်ကာ ငြိမ်း နားထဲအထိ ဆောင့်ဆောင့်အောင့် အောင့်ကြီး ဝင်လာပါတော့၏။

"ဘာဖြစ်လဲဟင်....ဆွေ"

တကယ်နားမလည်သဖြင့် ဆွေကို ငြိမ်း မေးမိ၏။

ဆွေက သက်ပြင်းချ၊ နှုတ်ခမ်းလေးမဲ့၊ ခေါင်းလေးအသာ ယမ်းလိုက်ပြီးမှ တိုးတိုးလေးပြောလိုက်၏။

"ဘာဖြစ်ရမလဲ ငြိမ်းရယ်၊ ဆွေ့ကို မကြည်ဘူးပေါ့ကွာ"

"ဟင်...."

"အဟွန်း....ဆွေမှာက အလုပ်လဲမရှိ၊ ငွေလဲမရှိဘူးဆိုတော့ ဘယ်ကြည့်ဖြူမလဲ ငြိမ်းရယ်၊ ဆွေကလဲ မလှဲသာလှန်းလို့သာ ကုတ်ကတ်ပြီး တွယ်နေရတဲ့သဘောပါ"

"ဟင်....ဆွေ့ အဒေါ်တော်တယ်ဆို"

"အေးလေ....အဒေါ်ပေမယ့် ငွေမရှိရင် ဘယ်ဆွေမျိုးကမှ ဆေးဖော်ကြောဖက် သိပ်လုပ်ချင်ကြတာ မဟုတ်ဘူး ငြိမ်းရဲ့"

"ဩြော်...."

"ဆွေ့ကို တစ်လုတ်တစ်ဆုပ်လေး ကျွေးထားရတာကိုပဲ တကတဲ ပုံကြီးချဲ့ပြီး ကုန်ဈေးနှုန်းတွေ ကြီးတဲ့အကြောင်း ညည်းပြနေတာ မငိုရုံတစ်မည်ပဲ သိလား"

"ဆွေရယ်....သူတို့လဲ တကယ်ချို့တဲ့လို့နေမှာပေါ့ကွာ"

"အင်းလေ....ချို့တဲ့မှန်းသိလို့ ဆွေကလဲ အားနာနေတာပါပဲ ငြိမ်းရဲ့၊ ဒါတွေ ငြိမ်းမသိပါဘူးဟာ၊ ဧည့်သည်မျိုးမကျ အောင် ထမင်းဝိုင်းမှာ လင်မယား စကား ထများတာလဲ အကြိမ်ပေါင်းကို မရေနိုင်တော့ပါဘူး၊ ဆွေသိတာပေါ့၊ ဆွေက ကလေးမှမဟုတ်တာ၊ အဲဒါတမင်လုပ်တာလို့၊ ဟွန်း....ဆွေ့ကို သူတို့က သတုံကိုပြန်စေချင်နေကြတာလေ ငြိမ်းရဲ့"

"ဟုတ်လား"

"ရန်ကုန်မှာ အလုပ်တစ်ခုရဖို့ဆိုတာ မလွယ်ဘူးလေ၊ ဘာလေးညာလေးနဲ့ ဆွေ စိတ်ပျက်သွားအောင် ပြောတာ သိလား"





"အင်း...."

"ဆွေက ဘယ်စိတ်ပျက်မလဲလို့၊ ထွက်လာကတည်းက ဆုံးဖြတ်ချက်တစ်ခုကို အပြတ်ချပြီးလာခဲ့တာပဲဟာ၊ ကိုယ်နဲ့ ကံမစပ်သေးလို့ မတိုက်ဆိုင်သေးလို့သာ အဆင်ပြေမယ့်အလုပ် မရသေးတာလို့ ဆွေက သဘောပေါက်ထားတာလေ၊ ဟော.... ခုကြည့်စမ်း ဘယ်လောက်အဆင်ပြေသလဲ၊ ငြိမ်းနဲ့တွေ့တာ ဘာ ဆွေ့အတွက် ဘုရားမတာပဲလို့"

"ဟာ....ဆွေကလဲ၊ မပြောကောင်းပါဘူးကွာ၊ ငြိမ်းကိုပဲ ဘုရားမတာလို့ ထင်ရတယ်လို့"

"အဟုတ်ပြောတာ ငြိမ်းရဲ့၊ ဆွေလေ ငြိမ်းနဲ့ တွေ့ပြီးကတည်းက စိတ်အရမ်းချမ်းသာသွားတာသိလား၊ ဘာပဲဖြစ်ဖြစ် ဆွေ့အတွက်တော့ ငြိမ်း တစ်ခုခုမလုပ်ပေးဘဲကို မနေပါဘူးလို့ တွက်ပြီးသား"

"ဆွေရယ်....ငြိမ်းလဲ ဆွေ့ အခက်အခဲကိုသိရတာ စိတ်မကောင်းပါဘူး"

"လူတွေဟာ အလကား ငြိမ်းရဲ့၊ ကျေးဇူးတရားဆိုတာကို လုံးဝ နားမလည်တတ်ကြဘူး"

"ဟင်....ဘယ်သူတွေလဲ ဆွေ့"

"ဘယ်သူရှိရမှာလဲ ငြိမ်းရဲ့၊ ဒေါ်လေးတို့ပေါ့"

"ဟင်...."

"ချေးခြောက်ရေနှူးတယ်ဆိုဆို ငြိမ်းရေ၊ တစ်ချိန်က ဒေါ်လေးတို့ ဒုက္ခဖြစ်ဖူးလို့ ဆွေတို့က ကူညီထားဖူးတာသိလား"

"ဩော်....ဟုတ်လား"

"အဲဒီကျေးဇူးတွေပြုထားဖူးလို့သာ ဆွေလဲ ခုလို ခပ်စည်တည်လာနေနိုင်တာပေါ့၊ ဒါတောင်မှ သိပ်ပြီး သဒ္ဓါကြတာ မဟုတ်ဘူးလေ၊ ဆွေက အဲဒါတွေကို အရွဲ့တိုက်ပြီး တမင်နေပစ်ချင်နေတာ၊ ကြည့်နေ၊ ဆွေမှာ အလုပ်နဲ့အကိုင်နဲ့ လက်ဖျားငွေသီးတဲ့အခါကျမှ ခပ်မောက်မောက်လေးဆက်ဆံပစ်လိုက်ဦးမယ်"

"မဟုတ်တာ ဆွေကသဲ၊ ဘာလို့ အဲသလိုစိတ်တွေမွေးရမှာလဲ၊ မကောင်းပါဘူးကွာ"

"ငြိမ်း မသိပါဘူး၊ လူတွေဟာ နိမ့်ရင် ပိုပြီးနှိမ်ချင်ကြတာ၊ မြင့်ရင်လဲ ဝိုင်းပြီးပင့်တတ်ကြတာမျိုးတွေ ငြိမ်းရဲ့၊ ဆွေလေ လူတွေကို အရမ်းစိတ်နာတယ်၊ သိလား"

"ဆွေရေ...."

ထိုစဉ် မီးဖိုထဲမှ ခေါ်သံထွက်လာသဖြင့် ဆွေမှာ ပြောရင်းမှ နှာခေါင်းရှုံ့မဲ့ရွဲ့လိုက်ကာ....

"ရှင်....ဒေါ်လေး"

လှည့်ထူးလိုက်ပြီးမှ ငြိမ်းကို ဘွေလားဟူသော မကျေမနပ်ဟန်လေးဖြင့် မေးငေါ့ပြလိုက်လေ၏။





"မန့်ကျည်းသီးမွေ့ကျန်ခဲ့လို့ လမ်းထိပ်ဆိုင်မှာ သွားဝယ်ပေးပါဦးကွယ်၊ ကလေးတွေလဲ မရှိကြဘူး၊ ဒီမှာ ဟင်းထဲထည့်ခတ်ဖို့ လိုနေပြီ"

"တွေ့လား ငြိမ်း၊ အဲသလောက် အလိုက်မသိတတ်တာ၊ ဆွေ သူငယ်ချင်း ငြိမ်းကို ဂရုမစိုက်ပါဘူးဆိုတဲ့ သဘောပဲ မဟုတ်လား၊ ခဏနော်၊ သွားဝယ်ပေးလိုက်ဦးမယ်"

"သွားပါ ဆွေရယ်....သွားပါ"

ဆွေ ထွက်သွားပြီး ခဏအကြာမှာ အမျိုးသမီးကြီးထွက်လာ၏။

အသက်လေးဆယ်ကျော် ပ်န်ပိန်ပါးပါး အသားညိုညိုနှင့် ရိုးသားဟန်ရှိသော ဆွေ အဒေါ်ကို ငြိမ်း ပြုံးပြလိုက်၏။

ဒေါ်လေးက ငြိမ်းကို အလိုက်သင့် ပြုံးပြလိုက်ပြီးမှ....

"ဆွေ သူငယ်ချင်းမလေးဆိုတာလားကွယ်"

"ဟုတ်ပါတယ် ဒေါ်လေး"

"အေးကွယ်....ဒီက တူမလေးကို ဒေါ်လေး ကြိုတင်ပြီး သတိပေးချင်လို့ ဆွေကို တမင် အပြင်လွှတ်လိုက်တာကွယ့်"

"ရှင်...."

"ဒေါ်လေး တူမ အရင်းခေါက်ခေါက်ပေမယ့် ဆွေဟာ သိပ်ပြီး အမြင့်ကို မှန်းချင်တယ်ကွယ်၊ ကိုယ်နဲ့ သင့်တော်မယ့်

အလုပ်ကို မလုပ်ချင်ဘဲ ကြီးကြီးကျယ်ကျယ်တွေကို စိတ်ကူးယဉ်တတ်တယ်လေ၊ သူကိုယ်သူ သူများနဲ့ တန်းတူတယ်လို့လဲ မထင်တာ ခက်တာပေါ့၊ သူက ပြောတယ်၊ ဒီက တူမလေး ဆီက အကူအညီနဲ့ အလုပ်အတွက်ပြောထားတယ်ဆို၊ ဟုတ်လား"

"ဟုတ်ပါတယ် ဒေါ်လေး"

"ဘာအလုပ်များပါလိမ့်ကွယ်"

"ဟိုတယ်မှာ လုပ်ရမှာပါ ဒေါ်လေး"

"တူမကြီးတို့ရဲ့ ဟိုတယ်လား"

"ဟို မဟုတ်ပါဘူး၊ ငြိမ်း မိတ်ဆွေတစ်ယောက်ရဲ့ ဟိုတယ်မှာပါ"

"စားပွဲထိုးလားကွယ်"

"မဟုတ်ပါဘူး ဒေါ်လေးရယ်၊ စာရေးအဆင့်လောက်မှာ ရမှာပါ၊ စိတ်ချပါ၊ ဆွေ့အတွက် ငြိမ်း တာဝန်ယူပါတယ်"

"တူမလေးကို စိတ်ချပါတယ်ကွယ်၊ အပွေးမြင် အပင်သိတာပဲလေ၊ စိတ်မချနိုင်တာက ဒေါ်လေး တူမအတွက်ပါ၊ တစ်မျိုးမထင်ပါနဲ့ကွယ်"

"ရှင်...."





"ဒေါ်လေး စကားကုန်ပဲပြောမယ် တူမလေးရယ်၊ ဆွေ့ဟာ သူ့အတွက် ရပေါက်ရလမ်း အခွင့်ကောင်းရှိမယ်ဆိုရင် ဘာမဆိုလုပ်ဖို့ အသင့်ရှိနေမယ့် မိန်းကလေးဆိုတာပဲကွယ်၊ သတိထားလို့ရအောင် ဒေါ်လေး ပြောပြတာပါနော်"

"ဩော်....ကျေးဇူးတင်ပါတယ် ဒေါ်လေးရယ်၊ ဆွေ့ဟာ ငြိမ်းရဲ့ ငယ်ငယ်လေးကတည်းက သူငယ်ချင်းမို့ ငြိမ်း ကူညီရမယ့် ဝတ္တရားလဲ ရှိနေတယ်လေ"

"အင်းလေ....ဒါကတော့ တူမလေးရဲ့ စေတနာအတိုင်းပေါ့ကွယ်၊ ဘာပဲဖြစ်ဖြစ် ဒေါ်လေးပြောတာ မမေ့စေချင်ဘူး"

"ဟုတ်ကဲ့၊ ငြိမ်း မှတ်ထားပါ့မယ်"

"အေး....အေး၊ ဟောဟိုမှာ လာနေပြီ၊ ဒေါ်လေး အထဲဝင်တော့မယ်၊ ဟုတ်လား"

"ဟုတ်ကဲ့....ဟုတ်ကဲ့"

# အခန်း (၆)

မီးဖိုထဲအရင်ဝင်သွားပြီးမှ ချက်ချင်း ပြန်ထွက်လာသော ဆွေက ငြိမ်း မျက်နှာကို စူးစမ်းစမ်းလေးကြည့်ကာ မေးတော့၏။

"ငြိမ်းကို ဒေါ်လေး ဘာတွေပြောသေးလဲဟင်"

"မပြောပါဘူး ဆွေရယ်"

"တကယ်နော်"

"ဆွေက ဘာတွေပြောတယ် ထင်နေလို့လဲဟင်"

"တစ်ခုခုပေါ့၊ ဆွေ့ မကောင်းကြောင်းတွေပေါ့"

"ဆွေကကော မကောင်းဘူးလား"

"ငြိမ်းကလဲ ဆွေ့ ပြောပြီးပြီပဲ၊ မယဒ္ဒါပါဘူးဆို"

"ကဲပါ....ဆွေ့ရယ်.... သွားကြရအောင်"

"ဟင်....ဘယ်လဲ ငြိမ်း"

"ဆွေ့ကို ကိုကိုနဲ့ တွေ့ပေးဖို့လေ"

"ဟင်....ဟုတ်လား၊ စောစောက မပြောဘူး ငြိမ်းရယ် ခဏလေးနော်၊ ဆွေ့ အဝတ်အစားသွားလဲလိုက်ဦးမယ်"

"အင်းပါ....လုပ်ပါ ဆွေ့ရယ်၊ ငြိမ်း အေးအေးဆေးဆေးပဲ စောင့်မှာပါ"

"အိုကေ....ငြိမ်း"

ပြောအပြီး မြူးရွှင်စွာ အခန်းဝင်သွားသော ဆွေ့ကိုကြည့်ကာ ငြိမ်း ပြုံးမိတော့၏။

ဩော်....ဆွေ့ ပျော်သွားတာမြင်တော့ ငြိမ်းပါ ရင်ထဲ အလိုလိုပျော်သွားရတာပေါ့။

ငြိမ်း ကူညီမှုကြောင့် ဆွေ့အတွက် အစစအရာရာအဆင်ပြေသွားမည်ဆိုပါလျှင် ငြိမ်းလည်း ကျေနပ်ကြည်နူးရမည်မဟုတ်ပါလား။

ဟိုတုန်းက အခန်းချင်းကပ် ရင်းနှီးချစ်ခင်စွာ နေထိုင်လာခဲ့ကြသော သူငယ်ချင်းဟောင်းအပေါ် ငြိမ်း တတ်နိုင်သမျှလောက်ပံ့ ကူညီသွားရန် ဆုံးဖြတ်ထားပြီးပါပြီ။





ဆွေ့ ဒေါ်လေး ပြောလိုက်သော စကားများ အတွက် ငြိမ်း စိတ်ထဲ ဘယ်လိုမှ ဥပဒ်မဖြစ်မိပါချေ။

လူကြီးတစ်ယောက်၏ အတွေးအခေါ်နှင့် လူငယ်တစ်ယောက်၏ အတွေးအခေါ်အမြင်ချင်း မတူနိုင်တာ အဆန်းမဟုတ်ပေ။

ငြိမ်း အနေဖြင့် ဆွေ့ အပေါ်ရော ဆွေ့ ဒေါ်လေး အပေါ်မှာပါ နားလည်မှုထားနိုင်ပါသည်။

ခဏလေးနော်ဟုပြောကာ အထဲဝင်သွားသော ဆွေ့ တစ်ယောက် ဘယ်လိုများ ခြယ်သပြင်ဆင်နေမှန်း မသိပေ။ အတန်ကြာသည့်အထိ ထွက်မလာသေး။

ဆွေ့ ဒေါ်လေးက နောက်တစ်ခေါက် မီးဖိုထဲမှ ထွက်လာကာ ငြိမ်းကိုပြောလေ၏။

"ထမင်းစားသွားပါဦးလား တူမလေး"

"နေပါစေ ဒေါ်လေး၊ ကျေးဇူးတင်ပါတယ်၊ ဆွေ့ကို ခဏခေါ်သွားမယ်နော်"

"ဩော်....အေး....အေး"

ထိုစဉ် ဆွေ့ ထွက်လာပြီး ရဲတွတ်နေအောင် ဆိုးထားသော နှုတ်ခမ်းလေးကို မဲ့မဲ့လေးပြုံးလိုက်ကာ ပြောလိုက်လေသည်။

"အဟွန့်....ဒေါ်လေးကလဲ ငြိမ်းကို ထမင်းစားဖို့ ခေါ်ရဲတာ အားနာစရာတောင် ကောင်းနေပြီ၊ ဒေါ်လေးချက်တဲ့

ကန်စွန်းရွက်ချဉ်ရည်နဲ့ မျှင်ငါးပိထောင်းစပ်စပ်လေးက ငြိမ်းတို့လို သူဌေးတွေက စားမတဲ့လားလို့၊ အိမ်ဖော်တွေပဲ စားမှာ သိလား"

"အို....ဆွေကလဲကွယ်"

"ဒေါ်လေးတတ်နိုင်တဲ့ ဟင်းနဲ့ပဲ ကျွေးရပေမယ့် ကျွေးချင်တာက ကြက်သား ဝက်သားတွေပေါ့ ဆွေရယ်"

ဒေါ်လေးက မျက်နှာလေးပျက်ကာ ပြောတော့ ဆွေက ပခုံးလေးတွန့်ကာ လက်နှစ်ဖက်မြှောက်ခါပြပြီးမှ....

"တော်ပါတော့ ဒေါ်လေးရယ်၊ ငြိမ်းလို စိတ်ကောင်းရှိပြီး မာနမကြီးတဲ့ သူဌေးသမီးမို့သာပေါ့၊ မဟုတ်ရင် ဒေါ်လေး စကားကြောင့် မနည်းကြီးကို အရှက်ကွဲမှာ၊ အဟင်း....လာ....ငြိမ်း သွားကြစို့"

"သွားလိုက်ပါဦးမယ် ဒေါ်လေး"

"အေး....အေး"

အား နာ ပြုံး လေး ဖြင့် နှုတ်ဆက်သွားသော ငြိမ်းကို ဒေါ်လေး ခေါင်းဘဆတ်ဆတ်ညိတ်ကာ ငေးကြည့်နေမိ၏။

တူမအငင်းခေါက်ခေါက် ဖြစ်သော ဆွေ တစ်ယောက် ငြိမ်း၏ ကားသွလှလေးပေါ် စတိုင်လေးတစ်ခွဲသားဖြင့် ခပ်မော့မော့လေး သွားကာ ကြော့ကြော့ကော့ကော့လေး တက်ထိုင်နေလေတော့၏။





သက်ပြင်း မသိမသာချကာ ၊ခေါင်းလေးယမ်းရင်း ဆွေ ဒေါ်လေးတစ်ယောက် ကျန်ရစ်ခဲ့လေသည်။

ကားကို ကျွမ်းကျင်စွာ မောင်းနေသော ငြိမ်းကို အားကျလွန်းသော အကြည့်ဖြင့် ကြည့်ရင်း ဆွေ ပြောလိုက်၏။

"ငြိမ်း"

"ဟင်...."

"ကားမောင်းတတ်တာ ကြာပြီလားဟင်"

"အင်း....ငါးနှစ်လောက်တော့ ရှိပြီပေါ့ ဆွေ"

"ဘယ်သူသင်ပေးလဲ ငြိမ်း"

"ကိုကိုလေ"

"ငြိမ်းကို အားကျလိုက်တာကွာ တကယ်ပဲ"

"ဘာလို့လဲ ဆွေ"

"ငြိမ်းရဲ့ကိုကိုက ငြိမ်းကို သိပ်အလိုလိုက်မှာပဲနော်"

"ဆွေကလဲ ငြိမ်းက ကလေးလားလို့"

"မဟုတ်ဘူးလေ၊ သိပ်ချစ်မှာပဲလို့ ပြောတာပါ"

"အဟင်း....ဟုတ်တယ် ဆွေ၊ ငြိမ်းနဲ့ ကိုကိုနဲ့က သိပ်ကိုချစ်ကြတာလေ၊ အတိတ်ကံက ရေစက်ကြောင့်ပဲ ထင်ပါရဲ့၊ ကိုကိုဟာ ငြိမ်းကိုမြင်တာနဲ့ အရမ်းကို မြတ်မြတ်နိုးနိုးလေးနဲ့

ချစ်သွားသလို ငြိမ်းလဲပဲ ကိုကို့ကို မြင်လိုက်ရင်ပဲ တစ်ခါမှ မလှုပ်ရှားဖူးတဲ့ ခံစားချက်တွေဟာ ရင်ခုန်သံတွေနဲ့ အတူ နိုးထလာခဲ့ရတယ်လို့ဆိုရတော့မလို ဖြစ်သွားတာပဲ ဆွေရယ်"

"ငြိမ်းထက် အသက်ကြီးတယ်နော်"

"ဟုတ်တယ် ဆွေ၊ ငါးနှစ်လောက် ကြီးတာပေါ့"

"သူမှာ အရင်က ချစ်သူတွေ ဘာတွေ မရှိခဲ့ဘူးဆိုတာ သေချာရဲ့လား ငြိမ်းရဲ့"

"ဘာဖြစ်လို့လဲဟင်....ဆွေ"

"ယောကျ်ားတွေဟာ ယုံရတာမှ မဟုတ်တာ ငြိမ်းရယ်၊ ကွယ်ရင်မေ့ တွေ့မှ သေအောင် လွမ်းတာမျိုးတွေပါ၊ သူတို့ ပြောတိုင်း မယုံစမ်းပါနဲ့၊ တော်ကြာမှ ဆွေတို့ မိန်းကလေး တွေရဲ့ ဘဝဟာ တစ်ကိုးလုံးလုံး မျိုချမိပြီးကာမှ မစင်တုံးမှန်း သိရတော့တယ်ဆိုတဲ့ အဖြစ်မျိုး ဆိုက်တတ် ကြတယ်လေ၊ အဟွန်း....ဟွန်း....ငြိမ်းလူက ဒီအသက် ဒီအရွယ်ရောက်နေမှ ချစ်သူ မရှိခဲ့ဖူးဘူးဆိုတော့ အံ့သြစရာ ဖြစ်နေတာပေါ့ကွာ"

ဆွေ့ စကားတွေကို ငြိမ်း လုံးဝစိတ်မဖြစ်မိပါ။

အဘယ်ကြောင့်ဆိုသော် ကိုကို့အကြောင်းကို ငြိမ်း အသိဆုံး မဟုတ်ပါလား။

ငြိမ်းအတွက် စိုးရိမ်စွာ တွေးပေးတတ်သော သူငယ်ချင်း ဖြစ်သူအပေါ် ငြိမ်းကပင် ကြံဖန် ကျေးဇူးတင်ကာ ကြည်နူး မိရသေး၏။





ငြိမ်း ပြုံးနေတာကို ဆွေက အားမလိုအားမရ ဖြစ်သွား ရစ္စာဖြင့်....

"ဟင်....ငြိမ်းက ဘာကိုပြုံးနေတာလဲ၊ ဆွေ ပြောတာ မဖြစ်နိုင်ဘူးလို့ ယူဆထားလို့လား ငြိမ်းရဲ့"

"ဟုတ်တယ် ဆွေ"

"အံမယ်....ယုံတယ်နော် ယုံတယ်"

"ယုံတာပေါ့၊ ကိုကို့အကြောင်း ငြိမ်း သိတာကို"

"ကျွတ်....ငြိမ်းကလဲ သိပ်ဖြူစင်ဘာကိုး"

"ဖြူစင်တာ မကောင်းဘူးလား ဆွေ"

"အလိမ်မိတတ်တယ် သိလား"

"ဟင့်အင်း....ငြိမ်းကို ဘယ်သူမှ မလိမ်ရက်ပါဘူး ဆွေ ရယ်၊ ကိုကိုက ငြိမ်းကိုချစ်တာ၊ အဲဒီ ဖြူစင်လွန်းတာကိုပဲတဲ့ လေ"

"အင်းပေါ့လေ၊ ငြိမ်းက မကြုံဖူးသေးတော့ ဘယ်နား လည်မလဲ"

"ဆွေကော အလိမ်ခံထိဖူးလားဟင်"

"အိုး....ခဏ ခဏပေါ့"

"ဟင်...."

"လူတွေဟာ သစ္စာလဲ မရှိဘူး၊ ကတိလဲ မတည်ဘူး။ စာနာတတ်တဲ့ စိတ်တွေလဲ မရှိကြပါဘူး ငြိမ်းရယ်"

"သြော်....ဆွေရယ်"

ဆွေကို ပို၍ ကရုဏာသက်မိရစွာ ငြိမ်း ညည်းညူမိရပါတော့၏။

ချိုတဲ့ရှာတဲ့ ဆွေ့ဘဝတစ်လျှောက်မှာ ဘယ်သူတွေကများ ဆွေ့အပေါ် ကလိမ်ကကျစ်လုပ်၍ ထားကြပါလိမ့်။

မကျေနပ်စိတ်ဖြင့် အလိုမကျတတ်သော ဆွေ့ကို ငြိမ်း အတတ်နိုင်ဆုံး ကူညီဖေးမမှုများဖြင့် အေးချမ်းစေရမည်ပေါ့လေ။

ဆွေ့မျက်နှာက တည်တင်းကာ မှုန်နေပါ၏။

တစ်စုံတစ်ခုသော ခံစားချက်အတွက် မကျေနပ်မှု ဖြင့် မျက်ဝန်းများပင် စူးတောက်နေသလိုပင်။

"ဆွေလေ တစ်ခါတလေ လူတွေကို စိတ်လဲနာတယ် သိလား ငြိမ်း"

"ဟင်...."

ဆွေ့စကားကြောင့် ငြိမ်းပင် ထိတ်ခနဲဖြစ်သွားရစွာ ဆွေ့ကို ဖျတ်ခနဲကြည့်ပြီးမှ ကားကို ဂရုစိုက်ကာ မောင်းနေမိ၏။





"ငြိမ်းကို ဆွေ့ အခင်ဆုံးမို့ ပြောပြမှာပါ၊ ဆွေလေ လူ သုံးယောက်နဲ့ ချစ်ခဲ့ဖူးတယ် ငြိမ်းရဲ့ သိလား"

"ဟင်...."

ဒုတိယအကြိမ် ဒိန်းခနဲ ရင်တုန်သွားရစွာ ဆွေ့မျက်နှာကိုပင် ငြိမ်း မကြည့်ရက်လောက်အောင် အားနာတာလား၊ ရှက်ရွံ့သွားတာလားဆိုတာကို ငြိမ်းကိုယ်ငြိမ်းပင် မဝေခွဲတတ်တော့။

လူသုံးယောက်နှင့် ချစ်ခဲ့ဖူးသည်ဟူသော ဆွေ့စကားက ငြိမ်းရင်ထဲမှာ ဘယ်လိုမှ ဘဝင်မကျနိုင်။

ဆွေ့ကို ဘယ်လို လူစားတွေများ ကလိမ်ကကျစ်ကျစွာ မစာမနာ ပြုမူခဲ့ကြပါလိမ့်ဟူသော အတွေးဖြင့် ဖြစ်ရလေဟူသော ကရုဏာများက တဖွားဖွားနှင့် ရှိနေလေတော့၏။

"သုံးယောက်စလုံးက အလုပ်အကိုင် အတည်တကျနဲ့ ဝင်ငွေရှိတဲ့လူတွေပဲ ငြိမ်းရဲ့၊ ဒါပေမယ့် သူတို့ အားလုံးက ဆွေ့ကို လက်ထပ်ဖို့ အဆင့်အထိ ဘယ်သူမှ မစဉ်းစားကြဘူးလေ"

"ဟင်...."

"ဆွေ့ ရုပ်ရည်အပေါ်မှာ သာယာမှုနဲ့ အပျော်တွဲတဲ့ သဘောလောက်ပဲ ငြိမ်းရယ်"

"ဆွေက တစ်ပြိုင်တည်းမှာ သုံးယောက်စလုံးနဲ့ ချစ်ခဲ့လို့လားဟင်"

"မဟုတ်ပါဘူး၊ တစ်ယောက်နဲ့ ပြတ်ပြီးမှ နောက်တစ်ယောက်နဲ့ ဆက်တာပါ ငြိမ်းရဲ့၊ ဆွေက အဲသလောက် မိုက်ပါ့မလားလို့၊ နားလည်တာပေါ့"

"ဒါဖြင့် ဘာလို့ လက်မထပ်ချင်ကြတာလဲဟင်၊ ချစ်တယ်ဆိုကတည်းက လက်ထပ်ဖို့အထိ အဆုံးစွန် စဉ်းစားကြတာ မဟုတ်ဘူးလား ဆွေရယ်"

"မဟုတ်လို့ပေါ့ ငြိမ်း"

"ဟင်...."

"ကဲ....ခု ငြိမ်း အံ့သြသွားပြီ မဟုတ်လား၊ ယောကျ်ားတွေဟာ အဲသလိုချည်းပါပဲ ငြိမ်းရယ်၊ သူတို့ရဲ့ ချစ်တယ်ဆိုတဲ့ ပါးစပ်ဖျားကလာတဲ့ စကားတွေကို သွားပြီးမယုံလိုက်နဲ့၊ ဆွေ ဘဝမှာ လက်တွေ့ခံရလို့ သင်ခန်းစာတော့ အတော်လေး ရသွားပါပြီကွာ"

"ဆွေ့ကို ဘာအကြောင်းကြောင့် သူတို့ မယူချင်တာလဲ ဟင်၊ ဆွေ သိလား"

"သိတယ်လေ၊ ဆင်းရဲတယ်ဆိုတဲ့အချက်ကြောင့်ပေါ့"

"အို...."

"မအံ့သြနဲ့ ငြိမ်း၊ ယောကျ်ားတွေဟာ မိန်းကလေး တစ်ယောက်ကို လက်ထပ်ဖို့ အရင်ဆုံးကြည့်တာက ဒီမိန်းကလေးမှာ နောက်ခံနေ အင်အား ဘယ်လောက်ရှိသလဲဆိုတာပဲ"





"ဟုတ်ရဲ့လား ဆွေရယ်၊ ချစ်ခြင်းမေတ္တာမှာ ဒါတွေမပါဘူးလို့ ငြိမ်း ယူဆထားတာပါ"

"အဲဒါ ငြိမ်းက ချမ်းသာတဲ့မိန်းကလေးမို့ ဒီလိုယူဆတာ၊ ငြိမ်းသာဆင်းရဲကြည့်ပါလား၊ဟွန်း....ဆွေ့ လိုပဲ အပျော်တွဲပြီး ကန်ထုတ်ခံရမှာပေါ့၊ ဆွေက ကိုယ့်ကိုယ်ကို ထိန်းနိုင်လွန်းလို့သာ မွဲတစ်ပေါက်မစွန်းခဲ့ရတာ၊ဆင်းရဲတာ ဘာမှမကောင်းပါဘူး ငြိမ်းရယ်၊ ဆွေ သိပ်ချမ်းသာချင်တာပဲ သိလား"

"ကုသိုလ်ကံရှိရင် ချမ်းသာမှာပေါ့ ဆွေရယ်၊ ကဲ....စကားကောင်းနေတာနဲ့ အိမ်တောင်ရောက်လာပြီ"

"ဟင်....ငြိမ်းပြောတော့ ငြိမ်းကိုကိုနဲ့ တွေ့ပေးဖို့ဆို"

"ဟုတ်တယ်လေ၊ ကိုကို ဒီကိုလာလိမ့်မယ် ဆွေ၊ ငြိမ်းတို့ အိမ်ကစောင့်ရုံပါပဲ၊ ကဲ....ဆင်းရအောင်နော်"

"အင်း"

## အခန်း (၇)

ညှော်ခန်းမှာ ဆွေ့ကို ကော်ဖီနှင့် ညှော်ခံထားပြီးမှ ငြိမ်းကိုကို့ဆီ ဖုန်းဆက်လိုက်လေသည်။

ဆွေ့က ငြိမ်း လှုပ်ရှားမှုများကို ခပ်ငေးငေးလေး လှမ်းကြည့်နေသဖြင့် ပြုံးပြလိုက်ရ၏။

"ကိုကိုလား"

".... .... ...."

"ဟုတ်တယ် ကိုကို၊ ငြိမ်းပါ"

".... .... ...."

"ရောက်ပြီ ကိုကို"

".... .... ...."

"ဟုတ်ကဲ့....ကောင်းပါပြီ ကိုကို"

ဖုန်းခွက်ကို အသာချကာ ဆွေဆီပြန်လာပြီး ငြိမ်း ထိုင်ချလိုက်သည်နှင့် ဆွေက ကော်ဖီကို တစ်ငုံမျှသောက်လိုက်ပြီးမှ မေးလိုက်၏။

"ဘယ်ကိုဆက်တာလဲ ငြိမ်း"

"ဟိုတယ်ကိုပါ ဆွေ"

"တကူးတကကြီး ဒီကိုလာရသလို ဖြစ်နေမလားမသိဘူးနော်၊ အားနာစရာကွာ၊တကယ်ဆိုရင် ဆွေတို့ အဲ့ဒီဟိုတယ်ကို လိုက်သွားရင် ဖြစ်သားနဲ့ ငြိမ်းရယ်"

"အဟင်း...."

ဆွေ့စကားကို ငြိမ်း သဘောကျစွာဖြင့် အေးဆေးစွာရယ်မိပါတော့၏။

"ဟင်....ငြိမ်း ဘာလို့ရယ်တာလဲ"

ဆွေက နားမလည်ဟန်ဖြင့် မေးလေသည်။ ငြိမ်းက....

"ဆွေမှ ငြိမ်းတို့အကြောင်းကို သေချာမသိတာ၊ အဲသလို ပြောတာ ငြိမ်း ရယ်ချင်လို့ပါ"





"ဆိုစမ်းပါဦး ငြိမ်း"

"ကိုကိုက ငြိမ်းကိုသိပ်ချစ်တာ ဆွေရဲ့"

"အင်းပါ....သိပါတယ်။ ငြိမ်းကို ကိုရန်နောင်က သိပ်ချစ်တာနဲ့ ဟိုတယ်ကို ငြိမ်း မသွားတာနဲ့ ပတ်သက်နေလို့လား"

"သိပ်ပတ်သက်တာပေါ့ ဆွေရဲ့"

"ဟင်...."

"ဟုတ်တယ် ဆွေ၊ ကိုကိုက ငြိမ်းကိုသိပ်ချစ်တော့ ငြိမ်းအတွက် ဂုဏ်ရွှေမှုံ့စေတတ်တဲ့ အပြုအမူတွေမှန်သမျှ ကိုကိုလဲ လုံးဝရှောင်တယ်၊ ငြိမ်းကိုလဲဘယ်တော့မှမလုပ်စေဘူးသိလား ဆွေ"

"ဟင်...."

ဆွေ အံ့သြသွား၏။ ပြီးမှ ပြုံး၍....

"ချစ်သူချင်းပဲ ငြိမ်းရယ်၊ မတော်တရော် လုပ်တာလဲ မဟုတ်တာ၊ ဒါ့လေးများကွာ"

"အဲဒါ....ဆွေ့အထင်ကိုး"

"ဘယ်လို"

"ကိုကိုက အသေးအမွှား ကိစ္စလေးတွေကအစ သိပ်ကို ဂရုတစိုက်ရှိတတ်တာလေ ဆွေ့ရဲ့"

"ဪ...."

"ဆွေ ယုံချင်မှယုံတော့၊ ငြိမ်းလေ ကိုကိုနဲ့ချစ်တာကြာပြီ၊ ကိုကို့အိမ်ကို တစ်ခါမှမရောက်ဖူးသေးဘူး၊ သိလား"

"ဟင်....ဟုတ်လား"

"ဟုတ်တယ် ဆွေ၊ ကာယကံရှင်တွေက ဘာမှမဟုတ်တာ မဖြစ်ကြပေမယ့် ပတ်ဝန်းကျင်အမြင်တွေမှာ ငြိမ်းရဲ့ ဂုဏ်ငွေနဲ့ သိက္ခာကို ထိခိုက်စေမယ့် ဝေဖန်မှုနဲ့ ၊အစက်အပြောက်တစ်ခု အဖြစ်မခံနိုင်ဘူးတဲ့လေ"

"အဟင်း...."

ငြိမ်း စကားကို ဆွေက နှုတ်ခမ်းလေး မသိမသာမဲ့ကာ ရယ်လိုက်ပြီးမှ ပြောလိုက်၏။

"ငြိမ်းက အဲဒါကို ကောင်းကောင်းကြီး ယုံလိုက်တာ ပေါ့နော်"

"အို....ယုံတာပေါ့ ဆွေရဲ့"

"နောက်တစ်မျိုးကော လှည့်ပြီး မတွေးမိဘူးလား ငြိမ်း"





"ဘယ်လိုတစ်မျိုးလဲ ဆွေ"

"ဪ....သူ့အိမ်မှာ သူလျှို့ဝှက်ထားတဲ့ကိစ္စတွေ ရှိချင်ရှိ နေမှာပေါ့၊ အဲဒါတွေကို ငြိမ်းမသိအောင် ဉာဏ်ဆင်ထား တာကော မဖြစ်နိုင်ဘူးလား....ကဲ"

"ဟင့်အင်း....လုံးဝမဖြစ်နိုင်ပါဘူး ဆွေ၊ ကိုကို့ကို ငြိမ်း ယုံတယ်လေ၊ လုံးဝပဲ"

"ဪ....ငြိမ်း....ငြိမ်း"

"ဟော....ကိုကိုလာပြီ"

ငြိမ်း အသံကြောင့် ဆင်ဝင်အောက်ဆီသို့ ဆွေ ဖျတ်ခနဲ လှမ်းကြည့်လိုက်၏။

ငြိမ်းက သူ့ကိုလက်ကွာထကာ သွားကြိုနေပါသည်။

ဆွေကသာ ဖိတ်ဖိတ်တောက် ကားလေးပေါ်မှဆင်းလာ သော ရန်နောင်ကို မျက်တောင်မခတ် အကဲခတ်နေမိ၏။

အရပ်မြင့်မြင့် အသားမဖြူမညိုနှင့် တည်ကြည် ခန့်ညား သော ရန်နောင်၏ ဖြောင့်စင်းရည်မွန်သော အသွင်တို့ကြောင့် ဘက်မှာ မှင်သက်မိရစွာ အငေးသားကြည့်မိရပါတော့၏။

ရန်နောင်၏ ငြိမ်းကိုကြည့်သော မျက်ဝန်းထဲမှာ မြတ်နိုး ခန့်ဖိုးထားသော အကြင်နာရိပ်များ လက်ဖြာနေသည်ကို

မျက်ဝါးထင်ထင် မြင်မီလိုက်တာမို့ ဆွေ့ရင်ထဲမှာ ဖော်မပြတတ်သော အလိုမကျမှုတစ်ခုက စူးအောင့်အောင့်လေးလိုလို ခံစားရမိလေတော့၏။

ဘဝတစ်လျှောက်လုံးလုံး ဖြတ်သန်းခဲ့ရသမျှ ကာလတွင် မပြည့်စုံခြင်းဟူသော ချို့တဲ့မှုက ဆွေ့အတွက် အမြဲတမ်း မိတ်ဆွေရင်းပမာ ရင်းနှီးနေရသူပီပီ သူတစ်ပါး၏ ပြည့်စုံမှုအတွက် ဆွေ့ ရင်ထဲမှာ အလိုလိုနေရင်း မရှုဆိတ်နိုင်သော စိတ်များက ဘယ်လိုမှ ချိုးနှိမ်၍မရလောက်အောင်ပင် အစွယ်ပြူလာရပါတော့၏။

ဟွန်း....လောကကြီးဟာ လုံးဝမတရားဘူး။ ကြည့်စမ်း....

လူချင်းအတူတူ ငြိမ်းကျ အစစအရာရာ ပြည့်စုံချမ်းသာနေလိုက်တာ။

ချစ်သူကျပြန်တော့လည်း ခုပဲ တယုတယ ဖွေ့ယူတော့မယ့် အတိုင်း ကြင်နာပြနေတာများ ပနာလိုချင်စရာကောင်းလိုက်တာနော်။

စကားတပြောပြောနှင့် ဧည့်ခန်းထဲ ဝင်လာနေပါသော ငြိမ်းတို့ကို ' ကြည့်နေသော ဆွေ့၏ စူးစူးဝါးဝါးမျက်ဝန်းကြောင့် ရန်နောင်မှာ ဖျတ်ခနဲ လှမ်းကြည့်ရာမှ သတိထားမိလိုက်လေတော့၏။

ငြိမ်းက သတိထားမိဟန်မပေါ်ဘဲ ပြုံး၍....





"ကိုကို....ငြိမ်းပြောတဲ့ ခင်ဆွေ့သက်လေ၊ ဆွေ့....ကိုကိုက ကိုရန်နိုင်"

ထိုအခါမှ ဆွေ့မှာ သတိဝင်လာရသူပမာ ချက်ချင်း ဣန္ဒြေဆောင်ကာ မျက်နှာကို ရိုကျိုးပြုံးရွှင်စွာ ပြင်လိုက်ပြီးမှ သွက်သွက်ကလေး ပြောလိုက်၏။

"ခုလိုတွေ့ရတာ ဝမ်းသာလိုက်တာ အစ်ကိုကြီးရယ်၊ ဆွေ့က ငြိမ်း အားကိုးနဲ့ အဆင်မှ ပြေပါ့မလားလို့ စိုးရိမ်နေမိတာပါရှင်"

"ဟုတ်တယ် ကိုကို၊ ဆွေ့က စိတ်ပူနေတာလေ"

"ဘာကိုလဲ ငြိမ်း"

ဆက်တီပေါ် အသာဝင်ထိုင်ရင်း ရန်နောင်က သိလျက်နှင့် တမင်ပင် ငြိမ်းကို မေးလိုက်၏။

ဖြူစင်သော ငြိမ်းခမျာ ရန်နောင်၏ပရိယာယ်ကို နားမလည်ရှာ။

သူငယ်ချင်းတစ်ယောက်၏ အခက်အခဲကို ကူညီချင်နေသောစိတ်များသာ လွန်ကဲနေသူပီပီ ရိုးစင်းစွာ ပြန်ဖြေလိုက်လေ၏။

"အလုပ်ကိစ္စအတွက်ပေါ့ ကိုကိုရဲ့"

"ဪ….ဒါလား"

ရန်နောင် ဘာမင်ပင် မျက်နှာကို မရယ်မပြုံး ပုံမှန် တည်ကြည်စွာဖြင့် ဆွေကို ကြည့်လိုက်၏။

ရန်နောင့် အကြည့်ကြောင့် ဆွေမှာ မျက်နှာလေး မသိမသာ ငုံ့သွားရသည်အထိ ထွင်းဖောက် မြင်နိုင်စွမ်းရှိပုံရသော ရန်နောင့် မျက်ဝန်းများကို ရင်ဆိုင်နိုင်စွမ်းမရှိချေ။

ရန်နောင် မသိမသာပြုံးလိုက်၏။ လုပ်ငန်းအတွေ့အကြုံ၊ လူလူချင်း အလုပ်သဘောအရ ဆက်ဆံ ပြောဆိုနေရမှုများကြောင့် လူတစ်ယောက်ကို မြင်သည်နှင့် ထိုလူ၏ စိတ်သဘောထား အကြမ်းဖျင်းမျှကို လေ့လာတီးခေါက်နိုင်စွမ်းရှိနေသူပီပီ ခုလည်း ဆွေ၏ မျက်ဝန်းကို ရန်နောင် ဒက်ခနဲ အကဲခတ် အဖြေထုတ်နိုင်ပါ၏။

ချစ်သော ငြိမ်းအတွက် ဆွေဆိုသော မိန်းကလေးကို သူ ကူညီရမည့်ကိစ္စမှာ ဓာါ့ပေါ့တန်တန်သဘောထား၍ မဖြစ်ပါ ဟုရျပင်တည်း။

"အစ်ကိုကြီး ဆွေ့ကို အလုပ်ခန့်မယ်မဟုတ်လားဟင်"

ဆွေကလည်း အပိုင်မေးနေပြီ၊ ထို့ကြောင့် သူ့ သတ်ခနဲ ခေါင်းညိတ်ပြလိုက်ပြီးမှ ပြောလိုက်၏။

"အင်းလေ….ငြိမ်းအတွက် ကိုယ် ကူညီရမှာပေါ့၊ မခင်ဆွေ သက် အရောင်းစာရေးအလုပ်ကို လုပ်ဖူးသလား"





"ရှင်…."

"ကိုယ့်ဟိုတယ်မှာ စတိုးလဲ ဖွင့်ထားတယ်လေ၊ ခင်ဗျား ကံကောင်းချင်လို့လား မသိဘူး၊ အရောင်းစာရေးတစ်ယောက် ထွက်သွားတဲ့ နေရာမှာ လူလိုနေတယ်၊ တစ်လကို တစ်ထောင် ပေးမယ်၊ ကိုယ့်အစီအစဉ်နဲ့ကိုယ် စားရမယ်၊ အကြိုအပို့မရှိဘူး၊ အဲဒါခင်ဗျားအတွက် အဆင်ပြေမယ်ဆိုရင်တော့ နက်ဖြန်က စပြီး အလုပ်ဆင်းလို့ရပြီ"

ထိုအချိန်တွင် ငြိမ်းက ရန်နောင်အတွက် အအေးတစ်ခုခု ဝင်ယူနေသဖြင့် ငြိမ်း ရှိမနေပါချေ။

ဆွေက ထိုအချက်ကို အကွက်ကောင်းယူကာ ရန်နောင့် မျက်နှာကို ဖြုံးညှည့်လေးကြည့်ပြီးမှ တိုးတိုးလေး ပြောလိုက်၏။

"ဟိုတယ်မှာ အလုပ်သမားတွေနေတဲ့ တန်းလျားမရှိဘူး လားဟင်….အစ်ကိုကြီး"

"ရှိတယ်လေ၊ ညစောင့်နဲ့ သန့်ရှင်းရေးအလုပ်သမားတွေ အတွက်လောက်ပဲ ထားတာ၊ တခြား ဘယ် ဝန် ထမ်း ကို မှ မထားဘူး မခင်ဆွေသက်၊ ဒါဟာ ကိုယ့်ရဲ့ စည်းကမ်းပဲ"

"ဘာပြုလို့လဲဟင်"

"ပြဿနာအရှုပ်မခံနိုင်လို့ပါ"

"ဆွေက ပြဿနာလုပ်မယ့် မိန်းကလေးလို့ အစ်ကိုကြီး ထင်နေသလားဟင်"

"ဒါ ကိုယ့်စည်းကမ်းလေ၊ စည်းကမ်းတစ်ခုကို အကြောင်းမဲ့ချထားတာ မဟုတ်ဘူးဆိုတော့ မဆိုစလောက် ကိစ္စလေးနဲ့ ကိုယ် ဘယ်တော့မှ မပြင်နိုင်ပါဘူးလေ၊ ခင်ဗျား ကျေနပ်မှ လုပ်ပါ"

"အို....ကျေနပ်ပါတယ် အစ်ကိုကြီးရယ်၊ ဆွေ သိပ်ကို ကျေနပ်ပါတယ်၊ အစ်ကိုကြီးကို တကယ်ပဲ ဆွေ ဘယ်လို ကျေးဇူးတင်မှန်းကို မသိတော့ပါဘူးရှင်"

"မလိုပါဘူးဗျာ၊ ဒါဟာ အလုပ် သဘောအရတွေ့ပဲ၊ အပေးအယူ ကျေနပ်ကြရင် အလုပ်ဖြစ်ကြတဲ့သဘောသဲ၊ ဒီနေရာမှာ ခင်ဗျားမဟုတ်လဲ တခြားတစ်ယောက်ကို ကိုယ် ခန့်တော့မယ့်ဆဲဆဲမှာ ငြိမ်းက ပြောလာလို့ပါ၊ ကျေးဇူးတင်ချင်ရင် ငြိမ်းကိုပဲ ကျေးဇူးတင်လိုက်ပေါ့၊ ဟုတ်လား"

သူ့စကားကြောင့် ဆွေ မဲ့တဲ့တဲ့လေး မသိမသာ ပြုံးလိုက်ပြီးမှ ပြောလိုက်၏။

"ဆွေတော့ အစ်ကိုကြီးကိုပဲ ကျေးဇူးတင်ရမယ်လို့ ယူဆထားတယ် သိလား၊ ဘာလို့လဲဆိုတော့ အစ်ကိုကြီးကသာ ဆွေ့ကျေးဇူးရှင်လေ၊ ငြိမ်းက သူငယ်ချင်းပဲ"





"ဒါတော့ ခင်ဗျားသဘောလေ၊ ကိုယ့်အတွက် အလုပ်သမားတစ်ယောက်ကို သာမန် ခန့်ရိုးခန့်စဉ်အတိုင်း အလုပ်ခန့်လိုက်တဲ့ သဘောလောက်ပါပဲ၊ အလုပ်ချိန်က မနက်ခြောက်နာရီက ညနေ ငါးနာရီအထိပဲ"

"ကောင်းပါပြီ အစ်ကိုကြီး"

"အားလုံးက ကိုယ့်ကို ဆရာလို့ပဲ ခေါ်ကြတယ်၊ ခင်ဗျားလဲ အဲသလိုပဲခေါ်ပါ မခင်ဆွေသက်"

"ဟင်...."

ကွက်ခနဲ ပျက်သွားသော ဆွေ့မျက်နှာကို မကြည့်ဘဲ အအေးဗန်းလေးနှင့် ထွက်လာသော ငြိမ်းကို သူ လှမ်းပြောလိုက်၏။

"ကိုကို သွားမယ် ငြိမ်း၊ ကိစ္စတစ်ခု ချိန်းထားလို့"

"ဟင်....ကိုကို အအေး သောက်ဦးလေ"

ငြိမ်းက ကိုကို့အတွက် ဖျော်လာသော အအေးခွက်ကို မြောက်ပြကာ ပြောလိုက်သဖြင့် ရန်နောင်မှာ ငြိမ်းအလိုကျ ငြိမ်းဆီ သွက်သွက်လေး လျှောက်လာကာ အအေးခွက်ကို ဖျတ်ခနဲယူလိုက်ပြီး တကျိုက်ကျိုက်သောက်လိုက်လေတော့၏။

"ကိုကိုရယ် အေးအေးဆေးဆေး သောက်ပါလား"

"ရပြီ ငြိမ်း၊ ကိုကို့ကိစ္စက အရေးကြီးတယ်၊ ကဲ....သွားမယ်"

"ဟုတ်ကဲ့ ကိုကို"

ငြိမ်းကိုနှုတ်ဆက်ပြီး ကြွင်နာသော အပြုံးလှလှန့်လေးဖြင့် ကိုကိုထွက်သွားရာဒီသို့ ဘာရယ်မဟုတ် ငြိမ်း လှမ်းကြည့်နေမိ၏။

ခါတိုင်းဆိုလျှင် ကိုကို့ ကားနားအထိ ငြိမ်း လိုက်ပို့တတ်ရပါ၏။

ခုတော့ ဆွေရှိနေ၍ ဆွေကိုအားနာသဖြင့် ငြိမ်း ကိုကို့ကို လိုက်မပို့တော့။

ကားပေါ်တက် စက်နှိုးကာ မောင်းထွက်ခါနီးမှ ကိုကို ငြိမ်းကို လက်ကလေးတစ်ဖက် အသာမြှောက်ကာ ထွက်သွားပါတော့၏။

ထိုအခါမှ ငြိမ်းသည်း ဆွေကို သတိထားမိလေသည်။

ဆွေလည်း ငြိမ်းလိုပင် ကိုကို့ကို မျက်တောင်မခတ် ကြည့်နေသည်ကို မြင်ရသဖြင့် ငြိမ်း သဘောကျစွာ ပြုံးလိုက်၏။

ပြီးမှ ဆွေ့အနား အသာသွားထိုင်ချကာ ပြောလိုက်သည်။

"ဆွေ....ကိုကိုနဲ့ အလုပ်ကိစ္စအတွက် ပြောဖြစ်တယ် မဟုတ်လား၊ ကိုကိုက ဒီလိုပဲ ဆွေရဲ့၊ အလုပ်များတယ်လေ၊ ခုကြည့်ပါလား၊ အအေးလေး တစ်ခွက်တောင်မှ သူမှာ သွားရင်းလာရင်းပဲ သောက်ရတာ၊ အေးအေးဆေးဆေးကို မရှိဘူး။ ဆွေကို အားနာလိုက်တာကွယ်"





ငြိမ်း စကားကြောင့် ဆွေ ပြုံးပါ၏။

ဆွေ့အပြုံးက တစ်မျိုးတော့ တစ်မျိုးပင်။

မချိုမြုံးလိုလို မဲ့ပြုံးလိုလိုနှင့် ငြိမ်းကို ပြောလိုက်၏။

"ဆွေက အားနာစရာလား ငြိမ်းရယ်၊ အလုပ်ရှင် အသောကို သိရတော့လဲ ဆွေ ဘယ်လို စခန်းသွားရမယ်ဆိုတာ စဉ်းစားလို့ တတ်မှာပေါ့၊ မနက်ဖြန်ပဲ အလုပ်ဝင်ရတော့မယ်လေ ငြိမ်းရဲ့"

"ဟုတ်လား ဆွေ၊ ကောင်းတာပေါ့နော်"

"အင်း....ကောင်းပါတယ်၊ ကောင်းပါတယ်.... အဟင်း"

## အခန်း (၈)

"ငြိမ်း"

"ဟော….ကိုကို ဘယ်ကလှည့်လာတာလဲဟင်"

သစ်ခွပင်ပေါက်ကလေးများကို ပြုပြင်နေရာမှ ငြိမ်း ကိုကို့ကို ကြည်သင့်စွာ ပြုံးပြကာ မေးလိုက်၏။

"ငြိမ်းဆီပဲ တမင်လာတာပါ"

"ဟင်….ငြိမ်းဆီ၊ ဟုတ်လား ကိုကို"

"အင်း…."

"ကိစ္စရှိလားဟင်"

"အင်း …"

"ဒါဖြင့် အိမ်ထဲဝင်ရအောင်နော် ကိုကို"

"မဝင်တော့ပါဘူး ငြိမ်းရာ၊ သစ်ခွအိမ်နားမှာ အေးသားပဲ၊ ဒီမှာပဲ စကားပြောရအောင်"

"ကိုကို သဘောပဲလေ၊ ဒါဆိုရင် ကိုကို စောင့်ဦး၊ ငြိမ်း လက်သွားဆေးလိုက်ဦးမယ်နော်"

"ကောင်းပါပြီဗျာ"

ကိုကို့ကို ပြုံးပြပြီး ငြိမ်း ဘိုက်တေး၍ ဘုံပိုင်လေးဆီ သွက်သွက်လေး လျှောက်သွားကာ လက်နှစ်ဖက်စလုံးကို ဆပ်ပြာနှင့် စင်ကြယ်စွာ ဆေးနေ၏၊

တိုက်နံဘေးရှိ သစ်ခွအိမ်လေးမှာ မေမေနှင့် ငြိမ်း လက်ဖြစ် သစ်ခွအိုးလေးတွေ အတော်ပင် ဖြစ်ထွန်းနေပါပြီ။

စီးပွားဖြစ်မဟုတ်ဘဲ အပျင်းပြေ အပျော်စိုက်ထားသော သစ်ခွများက ပိုင်ရှင်၏ တသသ ဂရုတစိုက်ရှိလှန်းမှုကြောင့် အသွေးစုံ အပွင့်စုံ ထွားထွားများနှင့် မြင်သူတိုင်း နှစ်ခြိုက် မက်မောလောက်စရာ ဆွဲဆောင်မှု ရှိနေလေတော့၏။

တစ်ခါတလေ မိတ်ဆွေများက ရောင်းပါလားဟူ၍ ခဏ ခဏ အပြောခံရဖူးလေသည်၊

ထိုအခါတွင် မေမေရော ငြိမ်းပါ ပြုံးပြုံးလေး ပြန်ပြော တတ်သည့် စကားက....





"ရောင်းဖို့ မဟုတ်ပါဘူး၊ ဒီပန်းလေးတွေနဲ့ပဲ စိတ်အပန်း ဖြေနေရတာပါရှင်"

"မဟုတ်ဘူး အစ်မကြီးရဲ့၊ ဒီအိုးထဲက မျိုးဆိုရင် တစ်အိုး ကိုထောင် ထောင်ကျော်တန်နေပြီလေ"

"ဟုတ်ပါတယ်၊ စိတ်ချမ်းသာ ကြည်နူးမှုဆိုတာ ငွေကြေးနဲ့ ဆိုးဖြတ်လို့ ရတာမှ မဟုတ်တာရှင်၊ ငွေနဲ့ဝယ်လို့ မရနိုင်တဲ့ စိတ်ချမ်းသာမှုအတွက် ဒီပန်းလေးတွေအပေါ်မှာ ကျွန်မတို့ အပင်ပန်းခံရကျိုး နပ်လောက်အောင် အပွင့်လှလှလေးတွေ ပွင့်ပေးတာမို့ ဘယ်ရောင်းရက်ပါ့မလဲရှင်"

"အြော်...အစ်မကြီးရဲ့ ဆန္ဒသဘောထားတွေကို ကောင်း ကောင်း နားလည်သွားပါပြီဗျာ"

မေမေ့ သဘောထားကို သဘောပေါက် သွားကြသဖြင့် နောက်ထပ် အတင်းအကျပ် တောင်းဝယ်ခြင်းမျိုး ဘယ်သူမှ မလုပ်ကြတော့ပေ။

မှန်ပါသည်၊

မေမေရော ငြိမ်းပါ ပန်းပင်ကလေးများကို ပြုစုယုယ နေရသည့် ကြည်နူးချမ်းမြေ့မှုများကို ကောင်းစွာ နားလည် နေကြပြီ မဟုတ်ပါလား။

တစ်ခါတစ်ရံ မရီကပင် ပန်းအိုးထိုးရန် သွေ့ခန်းအလှပြင်ရန်အတွက် လက်တချွယ်ချွယ်နှင့် မေမေ့ ပန်းအိုးအနား တဝဲဝဲလည်နေပါလျှင် မေမေ့ခမျာ ခေါင်းခါလျက်ကာ ပျာပျာသလဲ ပြောတတ်ပါသည်။

"မရီရယ် ငါ့ပန်းလေးတွေကို ချမ်းသာပေးပါကွယ် ဈေးထဲမှာ ညည်းစိတ်တိုင်းကျ ကြိုက်ဈေးပေးပြီး သွားဝယ်စမ်းပါ၊ ဘယ်လောက်ဖြစ်ဖြစ် ဝယ်သာဝယ်၊ ငါ့ပန်းကလေးတွေကိုတော့ လုံးဝမတိပါနဲ့နော်"

"ကြွေသွားမှာစိုးလို့ပါ အန်တီကြီးရဲ့"

"အို….ကြွေချိန်တန်လို့ဖြင့် ကြွေစမ်းပါစေ မရီရယ်၊ ငါ့ပန်းတွေကို ငါအလှကြည့်သို့တောင် မဝနိုင်သေးပါဘူးကွယ်"

မရီ ပခုံးလေးတွန့်ကာ ကုပ်ကုပ်ကလေး အိမ်ထဲဝင်လာပြီး ငြိမ်းကို လျှာလေးထုတ်ပြတော့ ငြိမ်း ပြုံး၍ ပြောလိုက်ရ၏။

"ဟုတ်သားပဲ မရီကလဲ၊ မေမေ့အကြောင်း သိသားနဲ့"

"မမလေးရာ၊ မရီက နှမြောလို့ သိသား"

"နှမြောလို့ဆိုပြီး ဖြတ်ယူထားတာ ရက်စက်ရာမကျဘူးလား မရီရယ်၊ အပင်မှာပဲ သူ့သက်တမ်းလေး ကုန်သွားတဲ့အထိ နေပါစေ"





"အဟွန်း….မမလေးတို့ သားအမိတော့လေ တကယ့်ကိုစံပဲ"

"ဘာဖြစ်လို့"

"ပန်းဆိုတာ ခူးသူပန်သူရှိမှ အဓိပ္ပာယ်ရှိတော့မှာပေါ့လို့၊ နို့မဟုတ်ရင် အပျိုကြီးဘဝနဲ့ ဟိုင်းသွားရမယ့် မိန်းကလေးအဖြစ်မျိုးနဲ့ ဘာမှမထူးတော့ပါဘူး"

"ပေါက်တတ်ကရ မရီရယ်၊ ပြောတော့မယ်"

မရီ၏စကားကို သတိရ ကြား ယောင် မိ ရင်း မှ ငြိမ်း၏ မျက်နှာမှာ အသိုလိုပြုံးမိရပါတော့၏။

"ငြိမ်း….ဘာတွေသဘောကျနေတာလဲ"

ကိုကို လှမ်းမေးတော့မှ ငြိမ်း ပို၍ပြုံးသွားရကာ သဘောကျစွာ ရယ်မိရင်း ကိုကို့ကို ပြောလိုက်၏။

"ပန်းနဲ့ပတ်သက်ပြီး မရီပြောတဲ့စကားကို စဉ်းစားမိလို့ပါ ကိုကို"

"ဘာများလဲ ငြိမ်း"

"ဪ….ပန်းဆိုတာ ခူးသူပန်သူရှိမှ အဓိပ္ပာယ်ရှိတာတဲ့"

"အင်း…."

"နို့မဟုတ်ရင် အပျိုကြီးဘဝနဲ့ဟိုင်းသွားရမယ့်မိန်းကလေး အဖြစ်မျိုးနဲ့ ဘာမှမထူးတော့ပါဘူးတဲ့"

"အဟား....မရိက အလကြီးပါလား၊ သူ့စကားအစီပွာယ် က အကျယ်ချဲ့လို့ရတယ်နော် ငြိမ်း"

"ဘယ်လိုများလဲ ကိုကို"

"ဪ....တခြားဝေးဝေး မတွေးနဲ့ကွာ၊ အခု ကိုကိုနဲ့ ငြိမ်းကိုပဲ ကြည့်လေ"

"ဆိုပါဦး ကိုကိုရဲ့"

"ငြိမ်းဆိုတဲ့ ပန်းကလေးကို ကိုကိုဆိုတဲ့ ပျားပိတုန်း လေးက ချစ်ခြင်းဆိုတဲ့ မေတ္တာ အကြင်နာတွေနဲ့ ထွေးပွေ့ ယုယထားတော့ သတ္တလောကကြီး တစ်ခုလုံးဟာ သာယာ ကြည်နူးမှုအဘိနဲ့ ဖုံးလွှမ်းသွားတယ်လို့ မဆိုနိုင်ဘူးလား.... ကဲ..."

ကိုကို့စကားကြောင့် ငြိမ်း သဘောကျကြည်နူးစွာ ရယ်မိ ပါတော့၏။

"အဟင်း....ဟင်း....ကိုကိုက ကဗျာဆန်တက်သားပဲနော်"

"ငြိမ်း"

"ရှင်....ကိုကို"





"ငြိမ်းဟာ သိပ်ပြီး ဖြူစင်လွန်းတယ်ကွာ"

ငြိမ်းလက်တစ်ဖက်ကို ကိုကို မချင့်မရဲလေး ဆုပ်ညှစ်ကာ ပြောလိုက်သဖြင့် ငြိမ်းမှာ ကိုကို့ပခုံးစွန်းလေးကို မှီနွဲ့နွဲ့လေး ဖြင့် နှုတ်ခမ်းနှင့် တွန်းထိုးလိုက်ပြီးမှ ပြောလိုက်၏။

"အဲဒါ မကောင်းဘူးလား ကိုကို၊ ကိုကိုပဲ ငြိမ်းရဲ့ ဖြူစင် ကို ချစ်တာဆို"

ကလေးဆန်ဆန် နွဲ့နွဲ့လေး မေးမိပါတော့၏။

ငြိမ်းအမေးကို ကိုကို မဖြေသေးဘဲ ငြိမ်း၏ နှုတ်ဖူးလေးကို ...ခင်းငဲ့ကာ မြတ်မြတ်နိုးနိုး နမ်းရှုံ့လိုက်ပြီးမှ ကိုကို ပြော ...လိုက်၏။ ...းပြီးမှ

"ဟုတ်တယ် ငြိမ်း၊ ကိုကိုချစ်တာ ငြိမ်းရဲ့ ဖြူစင်မြင့်မြတ်မှု ...ပဲလေ၊ ဒါပေမယ့်ကွာ...."

ကိုကိုက စကားကို မဆက်တော့ဘဲ သက်ပြင်းလေးဖွဖွ ...ကာ ရပ်ထားတော့သဖြင့် ငြိမ်း ဒိတ်ခနဲ ဖြစ်သွားရကာ ...ကို့ပခုံးစွန်းကို မှီနွဲ့နေရာမှ ဆတ်ခနဲ မတ်မတ်ကလေး ထိုင် ...က်ပြီး ကိုကို့မျက်နှာကို စူးစူးစမ်းစမ်း အဖြေရှာဟန် ရင် ...ုင် ကြည့်မိကာ မေးမိလေ၏။

"ဟင်....ကိုကို ဘာဖြစ်လို့လဲဟင်၊ ငြိမ်း ရင်ထဲထိတ်လိုက် ...ာ"

"ဘာမှမဖြစ်ပါဘူး ငြိမ်းရာ....အဟင်း...."

ငြိမ်းမျက်နှာကို မြတ်နိုးရှုန်းကြည့်စွာ ကြည့်ကာ ကိုကို ခေါင်းခါရင်း ရယ်လိုက်သော်လည်း ငြိမ်း ဘဝင်မကျနိုင် တော့ချေ။

ငြိမ်း သိနေသလိုပင်။

ကိုကို တစ်ခုခုကို ဖြစ်နေတာဟူ၍။

ငြိမ်းကို တစ်စုံတစ်ခု ပြောချင်လျက်နှင့် မပြောရက်ဟန်က ကိုကို့မျက်ဝန်းထဲမှာ ငြိမ်း ဖွေရှာဖတ်ရှုမိတာမို့ ကိုကို့အဖြေ ကို လက်မခံနိုင်ဟန်ဖြင့် ငြိမ်း ခေါင်းလေးယမ်းကာ ကိုကို့ လက်မောင်းကို ဆုပ်ကိုင်လှုပ်ကာ မေးမိလေတော့၏။

"ဟင့်အင်း....ကိုကိုရာ၊ ငြိမ်း သိတယ်၊ ကိုကို တစ်ခုခုကို မပြောဘဲ ချန်ထားလိုက်ပြီ၊ ဟုတ်လား ပြော၊ပြောနော် ကိုကို ပြော"

"ငြိမ်းရာ"

ငြိမ်းပခုံးကို အသာသိုင်းဖက်ကာ ရင်ခွင်ထဲ ညင်သာစွာ ပွေ့ယူလိုက်ပြီးမှ ကိုကို့ဟန်က ပြောသင့်မပြောသင့် ချင့်ချိန် နေဟန်မို့ ငြိမ်း မေးလိုက်၏။

"ကိုကို....ပြောလေ၊ ဘာစဉ်းစားနေတာလဲ၊ ပြီးတော့ ကိစ္စရှိတယ်ဆို၊ ဘာများလဲဟင်"





"အဲဒီကိစ္စဆိုတာပဲ ကိုကိုစဉ်းစားနေတာ ငြိမ်းရာ၊ဘယ်လို ပြောရမှန်းမသိလို့"

"ဟင်....ဘယ်လို ကိုကို"

"ငြိမ်း"

"ရှင်...."

"ခင်ငှဆွေသက်နဲ့ ငြိမ်းနဲ့ ဘယ်လောက်အထိ ခင်မင်မှုရှိနေ လဲဆိုတာ ကိုကိုသိချင်တယ်ကွာ"

"ဟင်...."

ကိုကို့စကားကြောင့် ငြိမ်း ရုတ်တရက် အံ့ဩသွားပြီးမှ မေးလိုက်၏။

"ကိုကိုပြောတဲ့ ကိစ္စရှိတယ်ဆိုတာ ဆွေနဲ့ပတ်သက်နေလို့ လားဟင်"

"ဟုတ်တယ် ငြိမ်း"

"ဆွေ ဘာဖြစ်လို့လဲဟင် ကိုကို"

"ကိုကိုမေးတာ ငြိမ်း ဖြေဦးလေ"

"ဆွေနဲ့ငြိမ်းနဲ့ ခင်မင်မှုလား ကိုကို"

"အင်း...."

"ဪ....အဲဒါက ငြိမ်းတို့ ငယ်ငယ်တုန်းက အိမ်နီးချင်း အဖြစ်နဲ့ အခန်းချင်းကပ်လျက် အတူနေလာခဲ့ကြတဲ့ ငယ်သူငယ်ချင်းဆိုတော့ သံယောဇဉ်ရှိတာပေါ့ ကိုကိုရယ်၊ ဆွေတို့မှာက မောင်နှမများပြီး စီးပွားရေးလဲ သိပ်မပြေလည်ရှာဘူး ကိုကိုရဲ့"

"အင်းလေ....အဲဒါတွေ ထားလိုက်ပါတော့၊ ကိုကို သိချင်တာက ငြိမ်း အပေါ်မှာ ခင်ဆွေသက် ကူညီထားဖူးတဲ့ ကျေးဇူးတရားဆိုတာမျိုးတွေကော ရှိခဲ့ဖူးသလား ငြိမ်း"

"ဟင်...."

ကိုကို့ စကားကို ငြိမ်း တွေတွေလေး စဉ်းစားလိုက်မိ၏။ ကိုကို ပြောသလို တစ်ခါမှ မရှိခဲ့ဖူးတာသေချာပါသည်။

"ဟင့်အင်း....ကိုကို၊ မရှိပါဘူး၊ ရိုးရိုးခင်မင်တာပါပဲ"

"ဒါဆိုရင် ငြိမ်းကို ကိုကို တစ်ခုပြောမယ်"

"ပြောပါ....ကိုကို"

"ခင်ဆွေသက်ဟာ စိတ်ဓာတ်ရေးရာမှာ ပြည့်ဝမှုနည်းတယ်လို့ ကိုကို ထင်တယ် ငြိမ်း"

"ဟင်....ဘာဖြစ်လို့လဲ ကိုကို"

"သူ အလုပ်ဆင်းတာ တစ်ပတ်လောက်ရှိပြီ ငြိမ်း"

"ဟုတ်ကဲ့....ကိုကို"





"တခြား ဝန်ထမ်းတွေထက် အခွင့်အရေးပိုပြီး ယူချင်တဲ့ သဘောတွေ သူ့မှာရှိတယ် ငြိမ်း"

"ဟင်...."

"ပြီးတော့ မလိုအပ်ဘဲ သွက်လွန်းတယ်လို့ ကိုကို မြင်မိတယ် ငြိမ်းရာ"

"ကိုကို စိတ်အနှောင့်အယှက်ဖြစ်နေပြီလားဟင်၊ ဆွေက ငယ်ငယ်ကတည်းက သွက်လက်ရဲတင်းတာပါ ကိုကို၊ စိတ်ရင်းတော့ ကောင်းရှာပါတယ်၊ ငြိမ်းကို အားကိုးတကြီးနဲ့ သူ အကူအညီတောင်းလာလို့၊ ဟို....ငြိမ်းလဲ...."

"အင်းပါ....ငြိမ်းကို ချစ်လွန်းလို့ ကိုကို စိတ်ကို လျှော့ထားတာပါကွာ၊ ကိုကို့ စိတ်ကို ငြိမ်း သိသားပဲ"

"သိပါတယ် ကိုကိုရယ်....ဆွေကို ကူညီတဲ့အတွက် ငြိမ်းလေ ကိုကို့ကို သိပ်ပြီး ကျေးဇူးတင်မိတာပါ၊ တကယ်ပါ ကိုကို"

"ဪ....ငြိမ်းရာ"

## အခန်း (၉)

"မမလေး"

"ဟင်....ဘာလဲ မရီ"

"အောက်မှာ ဧည့်သည်ရောက်နေတယ်"

"ဘယ်သူလဲ....မရီ"

"မမလေးရဲ့ သူငယ်ချင်းလေ၊ ဟို....ဆွေဆိုတာ"

"ဩော်....အင်း....အင်း.... ခဏလေး စောင့်ပါလို့နော်... မရီ၊ မမလေး ခုပဲ ဆင်းခဲ့ပါမယ်"

"ဟုတ်ကဲ့....မမလေး"

မရှိ ထွက်သွားတော့ ငြိမ်း လုပ်နေသော အလုပ်ကိုသွက်သွက်လေး လက်စသတ်လိုက်လေသည်။

မီးပူထိုးပြီးသား အဝတ်များကို သူ့အကန့်နှင့်သူ စနစ်ကျ ထည့်သိုနေခြင်း ဖြစ်လေသည်။

အရှယ်ရောက်ကတည်းက မေမေ့ အသွန်အသင်ဖြင့် ငြိမ်းမှာ မည်သည့်အလုပ်ကိုမဆို စေ့စပ်သပ်ရပ်စွာဖြင့် စနစ်တကျ လုပ်ကိုင်တတ်နေပါသည်။

ပင်ကိုကပင် သန့်ရှင်းသပ်ရပ်စွာ နေထိုင်တတ်နေသူဖြီး အိမ်တစ်ဆောင်လုံးလုံး ဘုရားခန်းအစ ဧည့်ခန်း၊ အိပ်ခန်း အလယ်၊ ထမင်းစားခန်း မီးဖိုဆောင်အဆုံး သူ့နေရာနှင့်သူ ရှင်းလင်း သေသပ်လှပစွာဖြင့် ထားသိုတတ်မှုကြောင့် ရောက်လာ၍ မြင်ရသူတိုင်း သဘောကျစွာ ချီးကျူးခြင်းခံရသည့်ပင် အကြိမ်ကြိမ်ဖြစ်လေတော့၏။

"ငြိမ်းတို့အိမ်ကိုရောက်ရင် ဘယ်သို စိတ်ချမ်းသာမှန်း မသိဘူးကွာ"

"ဘာဖြစ်လို့လဲဟင်"

ကျောင်းမှ ငြိမ်း၏ သူငယ်ချင်းများဖြစ်ကြသော ဝါဝါနှင့် သဥ္ဇာတို့က ရောက်တိုင်းပြောတတ်သော စကားများဖြစ်လေသည်။ ဝါဝါက....





"ဘယ်နေရာကိုပဲ ကြည့်ကြည့်၊ မျက်စိထဲ အမြဲတမ်းလိုလို ပသာဒဖြစ်အောင် ပြုပြင်ထားသိုတတ်လွန်းလို့ပေါ့"

"ဩော်....ဝါဝါရယ်၊ ဒါက မေမေရော ငြိမ်းပါ ဝါသနာပါတဲ့ အလုပ်မို့ပါ"

"ဝါဝါလဲ ဝါသနာပါတာပဲ ငြိမ်းရဲ့၊ ဒါပေမယ့် မပြင်တတ်ဘူး၊ ပြင်ရင်လဲ မလှဘူး၊ လှအောင် ဘယ်လိုပြင်ရမှန်းလဲ မသိဘူးလေ"

"အဟင်း....ဟင်း"

ဝါဝါ့စကားကြောင့် ငြိမ်းရော သဥ္ဇာပါ ရယ်မိကြပါတော့၏။

ပြီးမှ ငြိမ်းက ဝါဝါ့ကို ပြောလိုက်ရ၏။

"ဝါဝါရယ်....အိမ်အလှပြင်တယ်ဆိုတာ ပုံသေ သတ်မှတ်ထားလို့ ရတာမျိုးမှ မဟုတ်တာ၊ စိတ်ကူးရသလို လှမယ်ထင်တဲ့ အနေအထားလေးတွေနဲ့ ဒီလိုပဲ တဖြည်းဖြည်းပြောင်းပြီး ပြင်ရင်းနဲ့ အဆင်ပြေလာမှာပေါ့၊ ပြင်ကြည့်ပါ ဝါဝါ၊ တစ်မျိုးမဟုတ် တစ်မျိုးမျိုးနဲ့တော့ ကြည့်ကောင်းလာပါလိမ့်မယ်၊ ပစ္စည်းတွေ အထားအသိုပုံစံ တစ်ခါ ပြောင်းလိုက်ရင် စိတ်ထဲမှာလဲ အသစ်အဆန်းတစ်မျိုးလိုဖြစ်ပြီး ပျော်စရာလဲ ကောင်းတယ်လေ ဝါဝါရဲ့"

"အင်း....ဟုတ်မယ်နော် ငြိမ်း၊ ဝါဝါ သဘောပေါက်ပြီ၊ ငြိမ်းပြောသလိုပဲ ဝါဝါ အိမ်ရောက်ရင် လုပ်ကြည့်ဦးမယ်"

"အဟင်း....ဟင်း....လုပ်လှုပ် ဝါဝါရေ၊ နင့်အိမ်က လူတွေတော့ လျှာပဲကိုက်မိမလား၊ ခလုတ်ပဲ တိုက်မိမလားနဲ့ မျက်ခုံးတွေဘော့ လှုပ်ကုန်နေဘော့မယ်၊ သိလား"

"ခစ်....ခစ်....ခစ်....ဟုတ်တယ် သဥ္ဇာရေ ဟုတ်တယ်"

ငြိမ်းပါ သဘောကျစွာ ရယ်မိပါတော့၏။

ဩော်.... မိန်းကလေး တစ်ယောက်၏ တန်ဖိုးမှာ အိမ်ထောင် ထိန်းသိမ်းမှုဟူသော အတတ်ပညာ တစ်ပါးသည်လည်း အဓိကကျလှသည် မဟုတ်ပါလား။

အောက်ထပ်ကို ငြိမ်း ဆင်းလာချိန်မှာ ဆွေ့ကို ကော်ဖီနှင့် မရီ ဧည့်ခံပေးထားသည်ကို တွေ့ရလေသည်။

ရင်းနှီးနှစ်လိုစွာ ငြိမ်း ပြုံးလိုက်ပြီးမှ....

"ဆွေ့ စောင့်နေတာ အားနာလိုက်တာ၊ ငြိမ်း အဝတ်တွေ သိမ်းနေလို့ ရုတ်တရက် ဆင်းလာလို့ မရဘူး ဖြစ်သွားတယ်"

"ရပါတယ် ငြိမ်းရယ်"

"ဆွေ့ကို မတွေ့ရတာတောင်ကြာပြီ၊ ဘယ့်နှယ်လဲ အလုပ်လုပ်ရတာ အဆင်ပြေရဲ့လားဟင်"

ပြောရင်း ငြိမ်း ဆွေ့ အနားမှာ ဝင်ထိုင်လိုက်၏။





ဆွေက ကော်ဖီကို လက်စသတ်အောင် သောက်လိုက်ပြီးမှ ခေါင်းလေးညိတ်ကာ ပြောလိုက်၏။

"အင်း.... အဆင်တော့ ပြေပါတယ် ငြိမ်းရယ်၊ ဒီနေ့ ငြိမ်း ကျောင်းပိတ်တယ်နော်"

"ဟုတ်တယ် ဆွေ"

"ဘယ်မှမသွားဘူးလား ငြိမ်း"

"ဟင့်အင်း.... မသွားဘူး ဆွေ၊ တစ်ခါတလေတော့လဲ မေမေနဲ့အတူတူ ဆိုင်ကူထွက်ပေးတာမျိုး ငြိမ်း အလုပ်သဘောနားလည် သွားအောင်ဆိုပြီး မေမေ ခေါ်တတ်ပါတယ်၊ အများအားဖြင့်တော့ ငြိမ်း အိမ်မှာပဲ အနေများတာပါ"

"မပျင်းဘူးလား ငြိမ်းရဲ့"

"ဘာကိုလဲဟင် ဆွေ"

"ကျောင်းပိတ်ရက်မှာ ဘယ်မှမသွားကဲ အိမ်မှာပဲနေတာဆိုတော့ ပျင်းစရာ ကောင်းမှာပေါ့လို့"

"အဟင်း....မပျင်းပါဘူး ဆွေရယ်၊ ငြိမ်းမှာ ပျင်းဖို့အချိန်တောင် မရှိပါဘူး"

"ဘာဖြစ်လို့"

"ဩော်....တစ်ပတ်စာ အဝတ်တွေလျှော်၊ အိမ်သန့်ရှင်းရေးလုပ်၊ ချက်ပြုတ် အိမ်အလှပြင်၊ အားနေသေးရင် စာဖတ်၊ ကဲ....ဘယ်မှာ ပျင်းဖို့အချိန်ရှိတော့မလဲ"

"အဟွန်း...."

ဆွေက ငြိမ်း စကားကို နှာခေါင်းလေး မသိမသာရှုံ့ကာ ပြုံးလိုက်ပြီးမှ ပြောလိုက်၏။

"အဲဒါတွေ ဆွေ တစ်ခုမှ ဝါသနာမပါဘူး ငြိမ်းရယ်၊ ဒါနဲ့ နေစမ်းပါဦး ငြိမ်းက အဲဒီအလုပ်တွေ လုပ်နေရအောင် အိမ်ဖော်က ဘာမှမလုပ်ရဘူးလား၊ ဒါတွေဟာ အိမ်ဖော်ရဲ့ အလုပ်တွေပဲ ငြိမ်းရဲ့"

ငြိမ်း ပြုံးလိုက်၏။ ပြီးမှ....

"ဆွေရယ် အိမ်ဖော်ဆိုတာ အိမ်ရှင်ကဦးဆောင်ကြပ်မတ်မှု အောက်မှာရှိတဲ့ နောက်လိုက်ပဲကွာ၊ ငြိမ်းရော မေမေပါ သူများကိုခိုင်းဖို့ထက် ကိုယ်တိုင် ဝင်လုပ်ရမှ ကျေနပ် အားရတာလေ"

"ကျွတ်....ငြိမ်းရာ ချမ်းသာနေမှတော့ ဇိမ်ကျကျလေး နေစမ်းပါကွာ၊ ဘယ့်နှယ် ကိုယ်တိုင် လုပ်နေရတယ်လို့"

"ဝါသနာပေါ့ ဆွေရယ်၊ ဒီလို လုပ်နေရတာကိုပဲ စိတ်ချမ်းသာနေတာလေ"





"အဟင်း.... စံပဲကွာ၊ ဒါနဲ့ ငြိမ်းရဲ့ ကိုကိုကကော ခုလို ကျောင်းပိတ်ရက်တွေမှာ ငြိမ်းဆီ မလာဘူးလားဟင်"

"ကိုကိုက ကိစ္စမရှိဘဲနဲ့ သိပ်မလာဘူး ဆွေရဲ့၊ အမြဲတမ်း လိုလို အလုပ်များနေတတ်တာလေ"

"ဟာ....အဲဒါတော့ ငြိမ်း ညံ့သွားပြီ သိလား"

"ဟင်....ဘယ်လို ဆွေ"

"ချစ်သူတွေပဲ ငြိမ်းရယ်၊ တစ်နေ့မမြင်ရ ဘဝင်မကျနိုင်ဘူး ဆိုတဲ့ သီချင်းကို မကြားဖူးဘူးလား၊ ကိစ္စရှိမှဆိုတာ အကြင်နာ နည်းတာလို့ ယူဆရင်ကော မဖြစ်ဘူးလား၊ ငြိမ်းလူက ရိုးရိုးကြီး ဖေယျပဲကွာ၊ စည်းကမ်းကြီးတာလဲ စံပဲ၊ မျက်နှာထားကြီးကလဲ အရွယ်နဲ့မလိုက်အောင် တည်တင်းပြီး မှုန်နေတာပဲ၊ အဲဒါကို ငြိမ်းက ချစ်တယ်ဆိုလို့ အံ့ရောကွာ.... အံ့ရော"

မဲ့ကာရွဲ့ကာ ပြောနေသော ဆွေ့ အမူအရာကိုကြည့်ပြီး ငြိမ်း ပြုံးမိပါတော့၏။

ပြီးမှ....

"ဆွေရယ် ကိုကိုက လူသာငယ်တာ အလုပ်အကိုင်က ကြီးကြီးကျယ်ကျယ် ဆိုတော့ ဆွေ ပြောသလို ခေတ်လူငယ်လေးတွေလို နေရတာကာ ဘယ်ပေါ့သွက် နေပါ့မလဲလေ၊ အမြဲတမ်း လေးလေးနက်နက် တည်ကြည်နေရတော့လဲ အလို

လိုနေရင်း လူကြီး ဆန့်သွားရတာပေါ့၊ မဟုတ်ဘူးလား.... အဟင်း”

ရယ်မောကာ ပြောရင်း ငြိမ်း ရင်ထဲမှာ ကိုကို့အပေါ် တိုး၍သာ လေးစား အထင်ကြီးစိတ်ဖြင့် ပို၍ချစ်မိရပါ၏။

ကိုကို လူကြီးဆန်တာ တည်ကြည်တာတွေဟာ ငြိမ်း အတွက် ကျေနပ် ကြည်နူးစရာ အချက်များပင် မဟုတ်ပါ လား။

ငြိမ်း၏ ပင်ကိုစိတ်ရင်းကပင် တည်တံ့ ဖြောင့်မတ် လူခြေ ရမှုများကို မြတ်နိုး တန်ဖိုးထားတတ်ပါ၏။

ငြိမ်းနှင့် ဆွေမှာ ငယ်သူငယ်ချင်းပင်ဖြစ်၍ အထူး ခင်မင် ရင်းနှီးကြပါသော်လည်း ပင်ကို စိတ်ရင်း အခြေခံကျ ကွဲကြ ပါသည်။

ငြိမ်းက ငြိမ်သက် အေးဆေးသူ။

ဆွေက ပေါ့ပါးသွက်လက်စွာ အရာရာကို အသေးအနုတ် သိပ်မထားတတ်ပေ။

ခုလည်းကြည့်....

ကိုကို့အပေါ် ဆွေ မဲ့ကာရွဲကာ ဝေဖန်နေပါပြီ။

အလုပ်ရှင် ဖြစ်နေ၍သာ ဆွေ ထိုမျှလောက် သက်သာစွာ ဝေဖန်ဘာဟူ၍ ငြိမ်း သဘောပေါက်မိရစွာ ပြုံးရပါသော့၏။





ဆွေ့က ငြိမ်း ပြုံးတာကို မကျေမနပ်လေးကြည့်လိုက်ပြီးမှ ပြောလိုက်ပုံက....

“ကိုယ်က ငယ်ငယ်လေး ရှိသေးတာ ငြိမ်းရယ်၊ လူငယ် ဆိုတာ လူငယ်သဘာဝ လှုပ်ရှားပြုမူမှ သဘာဝကျတော့မှာ ပေါ့၊ ငြိမ်းတို့အတွဲ ကြည့်ရတာ ပျင်းစရာကြီး၊ ဘာမှ ရင်ခုန် စရာ ရှိမယ့်ပုံလဲ မပေါ်ပါဘူးလေ”

“ရင်ခုန်တယ်ဆိုတာ ဘာကိုပြောတာလဲဟင် ဆွေ”

“ကျွတ်....ငြိမ်းတစ်ယောက်ဟာ ခက်တော့တာပဲ၊ ရည်း စား တစ်ယောက်လုံးလုံး အနားမှာထားပြီး ရင်ခုန်တာ မသိ ဘူးဆိုတော့ သနားစရာ ကောင်းလိုက်တာကွာ၊ အဲဒါကြောင့် ပြောတာပေါ့၊ ငြိမ်းလူဟာ ရိုးရိုးကြီး ဇေယျပဲလို့.... အဟင်း ဟင်း”

“ဒါတော့ ဆွေ့ အထင်ကိုး”

“ဟင်....ဘယ်လို ငြိမ်း”

“ချစ်သူတွေရဲ့သဘာဝ တစ်ယောက်နဲ့တစ်ယောက် အပြန် အလှန် ကြင်နာကြတာ၊ နားလည်မှုရှိကြတာဟာ ကြည်နူး စရာ ကောင်းတယ်လို့ ငြိမ်း ယူဆတယ် ဆွေ၊ ဆွေ ဆိုလိုတဲ့ ရင်ခုန်ရတယ်ဆိုတာ ဆိုတ်ကွယ်ရာမှာ တွေ့ကြတာကို ပြော တာလားဟင်”

“အဟင်း....ဟင်းဟင်း.... ဟောဒီ ငြိမ်း တစ်ယောက်ဟာ လေ အတော်လဲ ဒိုးဝေးတာပဲကွာ၊ အဲဒါကလွဲပြီး ဘာများ

ရှိရဦးမှာလဲ ငြိမ်းရဲ့၊ ငြိမ်း ကြည့်ရတာ အဲ့ဒီလို တစ်ခါမှ မတွေ့ဖူးကြဘူးနဲ့ တူတယ်၊ ဟုတ်လား”

“ဟင့်အင်း....ဆွေ၊ ငြိမ်းနဲ့ကိုကိုက လူကြီးတွေလဲသဘော တူပြီးသား၊ လူငယ်ချင်းလဲ အပြန်အလှန် နားလည်မှုတွေ အပြည့်ရှိကြပြီးသားဆိုတော့ ဆိတ်ကွယ်ရာဆိုတာဘယ်တော့မှ မလိုအပ်ဘူးလေ”

“အဲဒါကြောင့် ပျင်းစရာကောင်းမှာလို့ ဆွေ ပြောတာ မပေါ့ ငြိမ်းရဲ့”

“ငြိမ်းတော့ တစ်ခါမှပျင်းတယ်လို့မတွေးမိပါဘူးဆွေရယ်၊ ဂုဏ်ခြေမဲ့တဲ့အလုပ်နဲ့ အရှက်တကွဲဖြစ်ရမှာ သိက္ခာကျရမှာကို ငြိမ်း အကြောက်ဆုံးပဲ သိလား ဆွေ”

“အင်း....လိုက်လဲလိုက်တဲ့ စိုးတွဲပဲလေ၊ ခုတောင်ကြည့်ပါ လား၊ ကျောင်းပိတ်ရက်မှာ သူ ငြိမ်းဆီ ဘယ်လောက်လာသင့် သလဲကွာ၊ မလာဘူးနော်၊ ဆွေဆို စိတ်ကောက်လို့ဆုံးမှာ မဟုတ်တော့ဘူး၊ သိလား ငြိမ်း”

“ငြိမ်းမှ စိတ်မကောက်တတ်တာ ကိုကိုသိတယ်လေ ဆွေရဲ့၊ ပြီးတော့ ကိုကို့ကြိုးစားမှုတွေမှန်သမျှ ငြိမ်းတို့ ဘဝရှေ့ရေး အတွက်ပဲ မဟုတ်လား၊ ဆွေ ပြောသလိုပေါ့လေ၊ လာစေ ချင်တဲ့စိတ်နဲ့ ငြိမ်းတော့ မျှော်မိတာပါပဲ၊ မအားလို့မလာနိုင် တာကို စိတ်ကောက်နေလို့ဖြစ်မလား ဆွေရယ်”





“ငြိမ်းက သိပ်ယုံတာယ်နော်”

“ယုံတယ် ဆွေ”

“ယောကျာ်းဆိုတာ အကုန်လုံး မယုံရဘူး ငြိမ်းရဲ့”

“အားလုံးလိုလိုပဲလား ဆွေရယ်”

“အင်းပေါ့၊ တစ်ထောင်မှာ တစ်ယောက်လောက်တော့ ကောင်းတာ ရှိချင်ရှိမှာပေါ့လေ၊ ရှားပါဘယ်ကွာ”

“အဟင်း....ကိုကိုဟာ တစ်ထောင်ထဲက တစ်ယောက်ပဲ ဆွေရဲ့”

“အမယ်လေး....ငြိမ်းရယ် တော်ပြီ တော်ပြီ၊ ဆွေ ဘာမှ မပြောတော့ပါဘူးနော်”

“အဟင်း....ဟင်း”

❋

## အခန်း(၁၀)

ဖေဖေနှင့် မေမေတို့အတွက် ကော်ဖီနှစ်ခွက်ကို အနေ တော်လေးဖျော်ကာ လေးထောင့် စတီးဗန်းလေးထဲထည့်ကာ ငြိမ်း အပြင်ယူလာခဲ့၏။

ဖေဖေရော မေမေပါ ငြိမ်းလက်ရာကိုမှ နှစ်သက်ကြပါ သည်။

မရီ ဖျော်တာက အစပ်အဟပ် မတည့်တာဘဲ မျှားတာမို့ မရီကို မဖျော်ခိုင်းတော့ချေ။

မရီက အချိုအဆိမ့်ကြိုက်သူပီပီ လွန်ကဲသော အရသာ များဖြင့် မေမေ့ခမျာ ခွဲကျပ်ချောင်းဆိုး ခဏခဏဖြစ်ရလေ၏။

ချိုဆိမ့်သင့်ရုံလေးဖြင့် ရနံ့မွှေးမွှေးလေး သင်းပျံ့နေသော မာတိုဗာအရသာလေးကို ဖေဖေရော မေမေပါ စွဲနေပြီ။

ညာဏ်ဝင်းစာပေ

သည်နေ့ တနင်္ဂနွေနေ့မို့ မေမေ ဆိုင်ပိတ်သဖြင့် ဖေဖေရော မေမေပါ အိမ်မှာရှိနေကြပါသည်။

တစ်ပတ်မှာတစ်ရက် နားရချိန်မှာ မေမေ့ခမျာ ပြင်ပ လူမှုရေး ကိစ္စများအတွက် အချိန်ကို တလေးတစား ပေးသွားပါ၏။

သာရေး၊ နာရေး၊ လူမှုရေးကိစ္စများ ဆိုသည်ကလည်း ဆိုင်ထွက်နေရသော မေမေ့အတွက် တစ်ခါတလေ လွန်စွာမှပင် မျက်နှာပူစရာကောင်းလောက်အောင် ချွတ်ယွင်းရတတ်သည် မဟုတ်ပါလား။

ထို့ကြောင့်လည်း အားရက်လေးတစ်ရက်မှာ မေမေ့ခမျာ အတိုးချကာ လူမှုရေးကိစ္စများအတွက် ဝတ္တရားကျေအောင် ဆောင်ရွက်တတ်လေတော့၏။

ငြိမ်း အပြင်ဧည့်ခန်းဆီ ဝင်လာချိန်မှာ ဖေဖေရော မေမေပါ ပစ္စည်းတစ်ခုကို စိတ်ဝင်တစားဖြင့် ခေါင်းချင်းဆိုင်ကြည့်နေလေသည်။

ဖေဖေက အရောင်းအဝယ်သမားမို့ ပစ္စည်းအသစ်အဆန်းဖြစ်စေ၊ ရှေးဟောင်းအသည်ဖြစ်စေ မကြာခဏ ရတတ်ပါသည်။

ထိုအခါတွင် မေမေနှင့် ခေါင်းချင်းဆိုင် သွေ့လာ အကဲခတ် ဝေဖန် အကဲဖြတ်တတ်ကြလေသည်။





ကော်ဖီဗန်းလေးကို စားပွဲပုလေးအပေါ် အသာတင်လိုက်ပြီးမှ ငြိမ်းက ဖေဖေ့အတွက်တစ်ခွက်၊ မေမေ့အတွက် တစ်ခွက် ယူကာ ရှေ့မှာချပေးလိုက်သောအခါ မေမေက ပြုံး၍ ပြောလိုက်၏။

"သမီး.... ဒီမှာကြည့်စမ်း"

မေမေပြသော ပစ္စည်းလေးကို ငြိမ်း အသာကိုင်း၍ငုံ့ကြည့်လိုက်၏။

အနည်လည်ကာ အသွေးကျလွန်းသော ပတ္တမြားသော့ကက်သီးလေးတစ်ခုပင် ဖြစ်လေသည်။

ပစ္စည်း၏တန်ဖိုးကို နားမလည်သော်လည်း အလွန်ဈေးကြီးမည့်ကိစ္စတော့ ငြိမ်း နားလည်နေပါသည်။

"မလှဘူးလား သမီး"

မေမေက ကတ္တီပါဘူးလေးထဲမှာ အနီရဲရဲလေး တောက်လက်နေသော သော့ကက်သီးကို ယူထုတ်ကာ ငြိမ်းလက်ထဲ အသာထည့်ပေးရင်း မေးလိုက်၏။

ငြိမ်းက မေမေပေးသော သော့ကက်သီးလေးကို လက်ဖဝါးပေါ် တင်ကြည့်လိုက်ပြီးမှ ပြောလိုက်၏။

"သိပ်လှတာပဲ မေမေရယ်၊ အရည်သည်ပြီး တလက်လက်ကို တောက်လို့"

"သမီး....ကြိုက်လား"

"အာ....မေမေကလဲ"

ငြိမ်း သိလိုက်ပါပြီ။

ငြိမ်း သဘောကျ နှစ်သက်မည်ဆိုပါလျှင် ဒါဟာလည်း ငြိမ်းအတွက် မေမေတို့ အပိုင်ပေးမည့်ပစ္စည်းလေးတစ်ခု ဖြစ်လာပေတော့မည်။

များပြားလှသော ရတနာတွေအနက် ငြိမ်း ကြိုက်လျှင် မေမေတို့က ပေးတတ်သည် မဟုတ်ပါလား။

ခုပင်ကြည့်....မေမေ့လေသံကို ငြိမ်း မှန်းဆမိရစွာ အာ.... မေမေကလဲဟူ၍ ဆိုလိုက်သည်နှင့် မေမေ ပြုံး၍ပြောတော့၏။

"ဩော်....ဘာဖြစ်လို့လဲ သမီးရယ်၊ ကြိုက်တယ်ဆိုရင် သမီးအတွက် ယူထားလိုက်လို့ မေမေ ပြောမလို့ပါ"

"ငြိမ်းမှာ ရှိနေသားပဲ မေမေရယ်၊ ရောင်းဖို့ပဲ ယူထားလိုက်ပါနော်၊ ငြိမ်းအတွက် မလိုပါဘူး"

"မဟုတ်ဘူး သမီး"

"ရှင်....ဖေဖေ"

ကော်ဖီကို အရသာခံကာ တစိမ့်စိမ့် အရသာခံသောက်နေသော ဖေဖေကလည်း ပြောလာသဖြင့် ငြိမ်းမှာ ကြောင်တက်တက်လေးနှင့် ဖေဖေ့ကို လှည့်ကြည့်မိရတော့၏။

ဥက္ကာဝင်းစာပေ



"ပစ္စည်းက အရမ်းကောင်းနေလို့ ဖေဖေတို့က မရောင်းချင်တော့တာလေ"

"ဟင်....ဖေဖေကလဲ အရမ်းကောင်းနေရင် စျေးကောင်းပိုပြီးရမှာ မဟုတ်ဘူးလား၊ ယူထားလိုက်ရင် ငွေတွေအိပ်နေမှာပေါ့"

"အိပ်ပါစေ၊ သမီးရဲ့ပစ္စည်းကောင်းဆိုတာ ရခဲဘိနဲ့၊ ကိုယ်နဲ့ ထိုက်လို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတာ မထွက်စေချင်တော့ဘူးလေ"

"ငြိမ်းမှာ များနေပါပြီ မေမေရယ်"

"ဩော်....အဟင်း....ဟင်း....ဟင်း၊ ကိုမောင်ရေ အဲဒါပဲ ကြည့်တော့၊ ကိုမောင့်သမီးက သိပ်ကိုလောဘနည်းတာ၊ မိဘက လှစေချင်လို့ ဆင်ပေးတာကိုပဲ သူ့မှာ အားနာနေရတာနဲ့ ရယ်စရာတော့ ကောင်းနေပါပြီ"

"သမီးက ဖေဖေတို့ကို အားနာနေလို့လားကွ"

"မဟုတ်ပါဘူး၊ ဖေဖေကလဲ"

"အားမနာနဲ့ သမီးရေ၊ သမီးက မွေးစားသမီးလဲမဟုတ်ဘူး၊ ဟောဒီက မေမေ့ဗိုက်ထဲက လွယ်ပြီးမွေးထားတဲ့ မေမေတို့ သမီးစစ်စစ်ကွယ်၊ အဟင်း....သူများ သားသမီးတွေဆိုဘာလိုချင် ညာလိုချင်ဆိုပြီး ပူဆာလိုက်ကြတာလေ"

မေမေ့စကားကြောင့် ငြိမ်း ပြုံးမိပါတော့၏။

ဥက္ကာဝင်းစာပေ

ပြီးမှ....

"ငြိမ်းမှာက ပူဆာစရာမလိုအောင်ကို မေမေတို့က ဖြည့်ဆည်းပေးထားတာပဲ မေမေရယ်၊ ဘာပူဆာစရာ လိုသေးလဲလို့"

"သမီး"

"ရှင်....ဖေဖေ"

"သမီးမေမေ စိတ်ချမ်းသာသွားအောင် နည်း နည်းသောက် ပူဆာပြလိုက်စမ်းပါကွာ"

"အ ဟင်း....ဟင်း...."

ဖေဖေ့စကားကြောင့် ငြိမ်းရော မေမေပါ သဘောကျစွာ ရယ်မိကြရပါတော့၏။

"ဟုတ်တယ်....ဟုတ်တယ်၊ မေမေက သမီး ဘာမှ မပူဆာတတ်လို့ အားမလိုအားမရကို ဖြစ်နေတာ၊ သိလား"

"လိုမှမလိုအပ်တဲ့ မေမေရယ်...ပူဆာတယ်ဆိုတာ အသိမပြည့်ကြတဲ့လူသာ ပူဆာကြတာမဟုတ်လား၊ ငြိမ်းမှာ မေမေနဲ့ ဖေဖေက ဘာမှ လိုလေသေးမရှိအောင်ကို အစစအရာရာဖြည့်ဆည်းပေးထားပြီးသားဆိုတော့ ဘာမှ မလိုအပ်တော့ဘူးလေ"

"အင်းပါကွယ်....အင်းပါ၊ သမီးက အဲသလို လိမ္မာလေ မေမေတို့ကလဲ ဩော်...ငါ့တို့ သမီးလေး ပူဆာတတ်ဘူး၊ အေးလွန်းတာမို့ သူငယ်ချင်းတွေကြားမှာ မျက်နှာငယ်နေရမှာ စိုးရတာနဲ့ပဲ ခေတ်လူငယ်တွေ ဘယ်လို ဝတ်စားပြင်ဆင်နေကြတယ်ဆိုတာ မျက်စိရော နားရော ဖွင့်ထားပြီးကို သမီး





အတွက် အလေးထားနေရပြန်ရောလေ၊ မေမေတို့မှာက ပြေးကြည့်လိုမှ သမီး တစ်ယောက်ပဲရှိတာကွယ်"

"မေမေရယ်....ငြိမ်း အနေနဲ့ မေမေတို့ ကျေးဇူးတွေကြောင့် ဘယ်နေရာမှာပဲဖြစ်ဖြစ် တင့်တယ်ထည်ဝါပြီး အမြဲတမ်း လှနေတာပါ၊ ပူဆာတယ်ဆိုတာ လူကြီးတွေကို စိတ်အနှောင့်အယှက်ပေးတာပဲ မဟုတ်လား မေမေ၊ ငြိမ်းကြောင့် မိဘနှစ်ပါး ဘယ်တော့မှ စိတ်သောကမရောက်စေရဘူးလို့ အမြဲတမ်း ကြိုးစားနေတာပါ"

"အမယ်လေး....လိမ္မာလိုက်တဲ့ သမီးရယ်၊ ကိုမောင် ကြားတယ်နော်....သမီးပြောတာ"

"ဟ....ကြားတာပေါ့ အေးရာ၊ မင်းကလဲ ငါ့များနားလေးတယ်လို့ ထင်နေလို့လား"

"အို....မဟုတ်ပါဘူး၊ ရှင်ကလဲ ဝမ်းသာလွန်းလို့ ပြောတာကို တကတဲ အထအနကလဲ ကောက်လိုက်တာ လွန်ပါရော"

"အလကားစတာပါကွာ....မင်းကလဲ ခုမှ သမီး လိမ္မာတာကို အထူးအဆန်းလုပ်ပြီး ပြောနေပြန်ပြီ၊ ငါတို့ သမီးက လာခြင်းကောင်းတဲ့ သမီးလေးမို့ မွေးလာကတည်းက ဘယ်တုန်းကမှ မိဘကို စိတ်ဒုက္ခမပေးခဲ့တာ မင်းလဲ အသိပဲကွာ"

"အင်း....ဟုတ်တယ်နော်....ကိုမောင်၊ ဒါကြောင့်လဲ သမီးဟာ ကုသိုလ်ထူးပြီးကို မောင်ရန်နောင်လို လူမျိုးနဲ့တွေ့ရတာ ထင်ပါရဲ့"

"အို....မေမေကလဲ"

ပြီးမှ....

"ငြိမ်းမှာက ပူဆာစရာမလိုအောင်ကို မေမေတို့က ဖြည့်ဆည်းပေးထားတာပဲ မေမေရယ်၊ ဘာပူဆာစရာ လိုသေးလဲလို့"

"သမီး"

"ရှင်....မေမေ"

"သမီးမေမေ စိတ်ချမ်းသာသွားအောင် နည်း နည်းလောက် ပူဆာပြလိုက်စမ်းပါကွာ"

"အဟင်း....ဟင်း...."

မေမေ့စကားကြောင့် ငြိမ်းရော မေမေပါ သဘောကျစွာ ရယ်မိကြရပါတော့၏။

"ဟုတ်တယ်....ဟုတ်တယ်၊ မေမေက သမီး ဘာမှ မပူဆာတတ်လို့ အားမလိုအားမရကို ဖြစ်နေတာ၊ သိလား"

"လိုမှမလိုအပ်တဲ့ မေမေရယ်...ပူဆာတယ်ဆိုတာ အလို မပြည့်ကြတဲ့လူသာ ပူဆာကြတာမဟုတ်လား၊ ငြိမ်းမှာ မေမေနဲ့ ဖေဖေက ဘာမှ လိုလေသေးမရှိအောင်ကို အစစအရာရာဖြည့်ဆည်းပေးထားပြီးသားဆိုတော့ ဘာမှ မလိုအပ်တော့ဘူးလေ"

"အင်းပါကွယ်....အင်းပါ၊ သမီးက အဲသလို လိမ္မာလေ မေမေတို့ကလဲ ခြေ..း.ငါတို့ သမီးလေး ပူဆာတတ်ဘူး၊ အေးလွန်းတာမို့ သူငယ်ချင်းတွေကြားမှာ မျက်နှာငယ်နေရမှာ စိုးရတာနဲ့ပဲ ခေတ်လူငယ်တွေ ဘယ်လို ဝတ်စားပြင်ဆင်နေကြတယ်ဆိုတာ မျက်စိရော နားရော ဖွင့်ထားပြီးကို သမီး





အဘွက် အလေးထားနေရပြန်ရောလေ၊ မေမေတို့မှာက ပြေးကြည့်လို့မှ သမီး တစ်ယောက်ပဲရှိတာကွယ်"

"မေမေရယ်....ငြိမ်း အနေနဲ့ မေမေတို့ ကျေးဇူးတွေကြောင့် ဘယ်နေရာမှာပဲဖြစ်ဖြစ် တင့်တယ်ထည်ဝါပြီး အမြဲတမ်း လှနေတာပါ၊ ပူဆာတယ်ဆိုတာ လူကြီး တွေ ကို စိတ်အနှောင့်အယှက်ပေးတာပဲ မဟုတ်လား မေမေ၊ ငြိမ်းကြောင့် မိဘနှစ်ပါး ဘယ်တော့မှ စိတ်သောကမရောက်စေရဘူးလို့ အမြဲတမ်း ကြိုးစားနေတာပါ"

"အမယ်လေး....လိမ္မာလိုက်တဲ့ သမီးရယ်၊ ကိုမောင် ကြားတယ်နော်....သမီးပြောတာ"

"ဟ....ကြားထာပေါ့ အေးရာ၊ မင်းကလဲ ငါ့များနားလေးတယ်လို့ ထင်နေလို့လား"

"အို....မဟုတ်ပါဘူး၊ ရှင်ကလဲ ဝမ်းသာလွန်းလို့ ပြောတာကို တကတဲ့ အထအနကလဲ ကောက်လိုက်တာ လွန်ပါရော"

"အလကားစတာပါကွာ....မင်းကလဲ ခုမှ သမီး လိမ္မာတာကို အထူးအဆန်းလုပ်ပြီး ပြောနေပြန်ပြီ၊ ငါတို့ သမီးက လာခြင်းကောင်းတဲ့ သမီးလေးမို့ မွေးလာကတည်းက ဘယ်တုန်းကမှ မိဘကို စိတ်ဒုက္ခမပေးခဲ့တာ မင်းလဲ အသိပဲကွာ"

"အင်း....ဟုတ်တယ်နော်....ကိုမောင်၊ ဒါကြောင့်လဲ သမီးဟာ ကုသိုလ်ထူးပြီးကို မောင်ရန်နောင်လို လူမျိုးနဲ့တွေ့ရတာ ထင်ပါရဲ့"

"အို....မေမေကလဲ"

ကိုကို့အကြောင်း ပါလာသဖြင့် ငြိမ်း ရှက်ကိုးရှက်ကန်း လေးဖြစ်ကာ အိမ်ထဲခင်ပြေးရန် ထလိုက်သည်နှင့် မေမေက ပြုံး၍ ပြောလိုက်၏။

"သမီး....ဒါလေးကို မေမေ ယူထားလိုက်တော့မယ်နော်၊ နောက်မှ သမီး ဘူးလေးထဲထည့်ပြီး သိမ်းလိုက်တော့၊ ဟုတ်လား"

"ဟုတ်ကဲ့ပါ....မေမေ"

ဗလုံးဗထွေးပြောကာ ငြိမ်း ညှော်ခန်းမှ အဖြတ်တွင် အခန်းထောင့်ဆီမှ တဂွ ဂွ မြည်လာသော ဖုန်းသံကြောင့် တုံ့ခနဲရပ်ကာ ဖုန်းရှိရာဆီ အသာသွားကာ ကောက်ယူနားထောင်လိုက်ရပါတော့၏။

"ဟုတ်ကဲ့၊ အိမ်မှိန့်ရှိပါရှင်"

"ငြိမ်း....ကိုကိုပါ"

"သြော်....ဟုတ်ကဲ့....ကိုကို"

ရှက်ဝဲဝဲလေးနှင့် ငြိမ်း မေ့မေတို့ဆီ ဝေ့ခနဲ ကြည့်လိုက်မိသေး၏။

ကိုကို့ဆီက ဆိုသံကြားသည်နှင့် မေမေတို့လည်း သူတို့နှင့် မဆိုင်တော့သလို စောစောက လော့ကက်သီးလေးကိုသာ အပြန်အလှန် လှည့်ပတ်ကာ ကြည့်နေကြလေတော့၏။

"ငြိမ်း"

"ဟင်....ရှင်....ကိုကို"

"ဘာတွေ စဉ်းစားနေတာသဲ၊ ကိုကို ပြောတာ ကြားရဲ့လားကွာ"





"ဟင်....ဘာပြောတာလဲ ကိုကို"

"ဟောဗျာ....ငြိမ်း ဘာဖြစ်ခနေတာသဲ၊ ကိုကို့ကို ပြောစမ်းပါဦးကွာ"

"ဟို....အဘင်း.... မေမေတို့ စတာနဲ့ ငြိမ်း ရှက်ရှက်နဲ့ ထပြေးမလို့ပြင်နေတုန်း ကိုကို့ဆီက ဖုန်းလာတာကိုး"

"ဟင်....ဘယ်လိုစတာလဲဟင်....ငြိမ်း"

"ငြိမ်းကို လိမ္မာတဲ့သမီးမို့ ကိုကို့လိုလူမျိုးနဲ့ တွေ့တာတဲ့"

"ကိုကိုက ဘာဖြစ်လို့လဲဟင်....ငြိမ်း"

"ကြည့်....သူ ကတ်ပြီ၊ ကိုကို့ကို လူတော်လူကောင်းလို့ ပြောတာရှင့်၊ ကဲ....ရှင်းပြီလား"

"အဟား.... နားဝင် ချိုလိုက်တာကွာ၊ အဲဒါ ငြိမ်း ကံကောင်းတာပေါ့နော်"

"အံမာ....ကိုကိုကကော ကံမကောင်းဘူးလား....ကဲ"

"ဟုတ်ပါဗျာ....ဟုတ်ပါ့ဗျာ၊ ကိုကိုက ပိုပြီးကံကောင်းတာပေါ့၊ ငြိမ်းလို ရုပ်ချောသဘောကောင်း အလိမ္မာလေးနဲ့ ဆုံစည်းရတာကို ကိုကို့အတွက် သတ္တဘာဂနတ်မင်းကို အမြဲတမ်း ကျေးဇူးတင်နေရတာလေ"

"ကိုကို"

"ဗျာ...."

"ငြိမ်းကို ဘာပြောစရာရှိလို့လဲဟင်"

"ဟာ....ဟုတ်ပါရဲ့၊ ကြည့်စမ်း၊ ခမေ့နေတယ်ကွာ"

"ဖြစ်ရမယ်၊ ကိုကိုကတော့၊ ကဲ....ပြော"

"ကိုကိုတို့ ဘုရားဖူးထွက်ဖို့ ငြိမ်း၊ ဟိုဘယ်က အဖွဲ့တွေနဲ့ ..အဲဒါ ငြိမ်းကိုပါ ခေါ်မလို့ကွာ"

"ဘယ်ကိုလဲဟင်....ကိုကို"

"ကျိုက်ထီးရိုးလေ၊ ငြိမ်း မရောက်ဖူးသေးဘူး၊ ဟုတ်လား"

"ဟုတ်တယ် ကိုကို၊ မေမေတို့ကို ပြောဦးမယ်နော်.... ကိုကို"

"ဘယ်တဲ့လဲ သမီး"

မေမေက လှမ်းမေးသဖြင့် ငြိမ်း ဖုန်းခွက်ကို လက်နှင့် ပိတ်ကာ....

"ကျိုက်ထီးရိုးတဲ့ မေမေ"

"ဪ....လိုက်သွားလေ၊ ကောင်းသားပဲ၊ မေမေတောင် တစ်ခေါက်ပဲ ရောက်ဖူးသေးတာ၊ တောင်အတက်မှို အမော မခံနိုင်လို့ နောက်ထပ် မရောက်ဖြစ်တော့ပါဘူး"

"ဒါဖြင့် ငြိမ်း ကိုကို့ကို ပြောလိုက် တော့ မယ် နော်.... မေမေ"

"အေး....အေး"

"ကိုကို"

"ဆို....ငြိမ်း၊ ဘာတဲ့လဲ"

"မေမေက လိုက်သွားတဲ့"

"အင်းပေါ့....ကိုကို တစ်ယောက်လုံးပါနေမှတော့ အန်တီက သူ့သမီးအတွက် လုံးဝစိတ်ချတယ်ပေါ့ကွာ၊ ဟုတ်တယ် မဟုတ်လား ငြိမ်း"





"ကိုကို....လိပ်ကြီး"

"အမလေး....ပျော်လို့ပါကွာ၊ ငြိမ်း မပါရင် ကိုကို ဘယ်ပျော်မလဲ၊ မဟုတ်ဘူးလား"

"ကဲပါ....ငြိမ်း ဘာတွေပြင်ထားရမလဲ ကိုကို"

"အဝတ်အစားနဲ့ အနွေးထည်လောက်ပဲ ပြင်ထားပေါ့၊ ကျန်တာအားလုံး ကိုကို စီစဉ်မယ်လေ"

"ကိုကို....ဘယ်နေ့လောက်ထွက်ကြမလဲဟင်"

"လာမယ့် စနေပေါ့ ငြိမ်း"

"ဟုတ်ကဲ့....ကိုကို"

"ကဲ....ဒါပဲနော်....ငြိမ်း"

"ဟုတ်ကဲ့"

# အခန်း(၁၁)

"ငြိမ်း အခန်းလေးက လှလိုက်တာ ချစ်စရာလေး"

"လွှတ်လွှတ်လင်းလင်းနေနော် ဆွေ၊ ညနေ ထမင်းစားပြီးမှပြန်ပေါ့၊ ဟုတ်လား"

"စိတ်ချ....ငြိမ်း၊ ဆွေ အကြာကြီးနေပြီးမှ ပြန်မယ်၊ သိလား"

"နေပါ ဆွေရယ်၊ ငြိမ်း အခန်းလေးကို ဆွေက သဘောကျနေလား"

မှာ့တ်တယ် ငြိမ်း၊ အပြင်အဆင်လေးတွေက နေချင့်စဖွယ်လေး၊ ဩော်....ငွေ....ငွေ၊ လောကကြီးမှာငွေရှိရင် အရာရာပြည့်စုံတယ်ဆိုတာ ဒါမျိုးတွေကိုပဲ ပြောတာထင်ပါရဲ့နော်"

ဉာဏ်ဇင်းစာပေ

"ဆွေ့ အဆောင်မှာနေရတာ အဆင်ပြေတယ်မဟုတ်လား"

"အဟင်း...."

ငြိမ်း စကားကို ဆွေ့ ပခုံးလေးတွန့်ကာ မျက်ခုံးလေးပင့် မျက်လုံးလေးပြူးပြပြီးမှ ပြောလိုက်၏။

"အဆင်ပြေတယ်ဆိုပါတော့လေ ငြိမ်းရာ၊ ဒေါ်လေးအိမ်မှာထက် စာလိုက်ရင် အများကြီး ကောင်းပါတယ်ကွာ၊ ဒါပေမယ့်...."

ဆွေ့က စကားမဆက်ကဲ ရပ်ထားလိုက်လေ၏။ ငြိမ်းက ဆွေ့မျက်နှာကို ဖျတ်ခနဲ လှမ်းကြည့်လိုက်ပြီးမှ မေးလိုက်သည်။

"ဆက်ပြောလေ ဆွေ့၊ ဒါပေမယ့် ဘာဖြစ်လဲဟင်"

"ဘာဖြစ်ရမလဲ ငြိမ်းရယ်၊ ခုနက ဆွေ့ ပြောခဲ့သလိုပေါ့၊ ငွေလေ....ငွေငွေ၊ လောကမှာ ငွေမရှိရင် သိပ်ပြီး အောက်ကျနောက်ကျနိုင်တယ် ငြိမ်းရဲ့၊ အဆောင်မှာနေတယ် ဆိုပေမယ့် ကိုယ်ကမှ တခြားလူတွေလို အသစ်အဆန်း တန်ဖိုးကြီးအဝတ်လှလှတွေ မဝတ်နိုင်တာ၊ တစ်ခါတလေ လောကကြီးမှာ အသက်ရှင်ပြီး ဆက်နေသွားရဖို့ကိုပဲ ဆွေ့လေ အရမ်း စိတ်ပျက်မိတယ် သိလား ငြိမ်း"

"အို....ဆွေ့ကလဲ မဟုတ်တာ"

"တကယ်ပြောတာ ငြိမ်း၊ ဟိုတယ်မှာ အလုပ်လုပ်ရတာက သတ်မှတ်ထားတဲ့ ဝတ်စုံနဲ့ဆိုတော့လဲ သုံးစုံလောက်နဲ့ အလဲ





လှယ် ဝတ်နိုင်ပေမယ့် အပြင်ကို အလည်အပတ် ထွက်ရတော့မယ်ဆိုရင် ဆွေ့မှာ ကောင်းကောင်းတွေ တကယ်မရှိဘူး ငြိမ်းရဲ့၊ ငြိမ်းကိုတော့ ဆွေ့ မချက်ပါဘူး"

"ဒါလောက် ရင်းနှီးနေကြတဲ့ သူငယ်ချင်းတွေပဲ ဆွေ့ယ် ဘာရှက်စရာရှိလို့လဲ၊ ငြိမ်း ဘာများ ကူညီရမလဲ ဆွေ့၊ ပြောလေ"

"ဆွေ့ ပြောသင့် မပြောသင့် အများကြီး စဉ်းစားပါသေးတယ် ငြိမ်းရဲ့"

"ဩော်.... ဆွေ့ရယ် ဆွေ့နဲ့ ငြိမ်း ကြားမှာ ပြောသင့်ပြောသင့်ဆိုတာ မရှိဘူးလို့ပဲ ငြိမ်း ထင်တယ်လေ"

"ဒါဖြင့် ပြောမယ်နော် ငြိမ်း"

"အင်း....ပြောပါ ဆွေ့ရယ်"

"ဆွေ့မှာက ငြိမ်းတစ်ယောက်ပဲ အားကိုးစရာရှိနေလို့ပါ သူငယ်ချင်းရာ"

"အင်းပါ ဆွေ့ရယ်၊ ပြောစမ်းပါ"

"ငြိမ်း"

"ဟင်...."

"ဆွေ့ရတဲ့လခနဲ့ မလောက်ဘူး၊ ငြိမ်းရယ်"

"ဟင်...."

"သထုံက အမေတို့ဆီလဲ ဆွေ အမြဲတမ်း မဟုတ်တောင် တစ်ခါတလေ ငွေပို့ချင်တယ် ငြိမ်းရယ်"

"အင်းပေါ့"

"ဒါပေမယ့် မွေ့ ဝင်ငွေက ဆွေ တစ်ယောက်တည်း အတွက်တောင်မှ အနိုင်နိုင်ရယ်လေ"

"ဒါဖြင့် ငြိမ်း ကိုကို့ကို ပြောပေးမယ်နော် ဆွေ၊ ဆွေ့ လခကို နည်းနည်း ထပ်တိုးပေးပါလို့နော်"

"ဖြစ်ပါ့မလား ငြိမ်းရယ်၊ တော်ကြာ ဆရာက မွေ့ကို တစ်မျိုးထင်နေပါဦးမယ်"

"ဘာဖြစ်လို့လဲ ဆွေ"

"ဩော်.... အလုပ်ဝင်တာဖြင့် မကြာသေးဘူး၊ ဒီအမျိုးသမီး လခတိုးတောင်းနေပြီလို့ပေါ့"

"ဩော်....ဆွေရယ် ကိုကိုက အဲသလိုမထင်ရအောင် ငြိမ်းပြောရမှာပေါ့ သူငယ်ချင်းရယ်၊ မစိုးရိမ်ပါနဲ့နော်"

"ကျေးဇူးတင်လိုက်တာ ငြိမ်းရာ"

"ကိစ္စမရှိပါဘူးလေ၊ ငြိမ်း တတ်နိုင်တာကူညီရတာ ငြိမ်းကတောင် ဝမ်းသာနေတာပါ၊ ပြီးတော့ ဆွေ စိုးရိမ်နေသလို ကိုကို ထင်မှာလဲ မဟုတ်ပါဘူးလေ"

"ဘာလို့လဲဟင် ငြိမ်း"





"ကိုကိုက ဘယ်သူ့ အပေါ်မှာမဆို သိပ်ကူညီတတ်တာ ဆွေရဲ့၊ ကိုယ့်အခက်အခဲကို ရိုးရိုးသားသား ဖွင့်ပြောပြီး အကူအညီ တောင်းလာတဲ့လူ မှန်သမျှကို ကိုကို ကူညီခဲ့တာချည်းပဲ သိလား"

"ဟုတ်လား ငြိမ်း၊ ဒါပေမယ့် ဆရာ့ကြည့်ရတာ လုပ်ငန်းနဲ့ ပတ်သက်လာရင် အရမ်းကို တိကျပြတ်သားမယ့် ပုံပဲနော်"

"ဟုတ်တယ် ဆွေ၊ ကိုကိုဟာ အလုပ်နဲ့ ပတ်သက်လာရင် စည်းစနစ်ကျကျနဲ့ စေ့စပ်သေချာမှု သိပ်ရှိတာ၊ အဲဒါကြောင့်လဲ ကိုကို့ လုပ်ငန်းတွေ အောင်မြင်တာပေါ့"

"ငြိမ်းက အဲသလိုပြောတော့ ဆွေ့စိတ်ထဲမှာ ဆွေ့အပေါ် ဆရာ သက်ညှာမှုရှိအောင် စဉ်းစားပေးပါ့မလားဆိုတဲ့ စိုးရိမ်စိတ်တွေက ရှိလာပြန်ရော"

"မဟုတ်တာ ဆွေကလဲ"

"အဟုတ်ပြောတာ ငြိမ်းရဲ့၊ စည်းကမ်းကြီးတဲ့လူတွေဟာ ငွေရေးကြေးရေးနဲ့ ပတ်သက်လာရင်လဲ စေ့စပ်ကပ်စေးနှဲတတ်ကြတယ် သိလား"

"အဟင်း....ဆွေရယ် စည်းကမ်းကြီးတာ စေ့စပ်တာတော့ မှန်ပါတယ်၊ ဒါပေမယ့် ကိုကိုဟာ ကပ်စေးနှဲတတ်တဲ့ လူတစ်ယောက်တော့ မဟုတ်ပါဘူး"

"အင်းလေ....ငြိမ်းက ငြိမ်းလူကြီးကို သိပ်ပြီး အမွှမ်းတင်နေတာကိုး၊ ဟုတ်မဟုတ် စောင့်ကြည့်ရသေးတာပေါ့ကွာ"

"စိတ်ချပါ ဆွေ့ရယ်၊ ငြိမ်း အတိအကျတော့ အာမမခံရဲ ပေမယ့် ကိုကို စဉ်းစားပေးလိမ့်မယ် ဆိုတာကိုတော့ အသေ အချာ ပြောရဲတယ်၊ သိလား"

"တကယ်နော်"

"တကယ်ပေါ့၊ ကိုကို့အကြောင်း ငြိမ်း သိတယ်လေ၊ ကိုယ်နဲ့ပတ်သက်တဲ့ လူတစ်ယောက်ရဲ့ အခက်အခဲကို ကူညီ ဖြေရှင်းပေးတယ်ဆိုတာ ကုသိုလ်ပြုခြင်း တစ်မျိုးပဲလို့ ကိုကိုက ခံယူထားတဲ့လူပဲ ဆွေ့ရဲ့"

"အင်း....ငြိမ်း အပြောနဲ့တင် ဆွေ့ တော့အားတက်သွားပြီ ကွာ၊ တကယ်ပဲ ငြိမ်းရာ ဆွေ့မှာ အခက်အခဲတွေ အများကြီး ရှိတာပါ၊ ရင်းရင်းချာချာ အားကိုး အကူအညီတောင်းရမယ့် လူဆိုလို့ ငြိမ်းတစ်ယောက်တည်းပဲ ရှိတာပါ"

"ဆွေ့ရယ် မိတ်ဆွေ သူငယ်ချင်းတွေဆိုတာ အခက်အခဲ ကြုံလာရင် အကူအညီပေးနိုင်မှ သူငယ်ချင်းကောင်း ပီသတာ မဟုတ်လား"

"အင်းလေ....ငြိမ်းမှာ အဲသလိုပြည့်ဝတဲ့ စိတ်ဓာတ်လေး တွေ ရှိနေမှန်းသိလို့လဲ ပွင့်လင်းရဲတင်းမှုနဲ့ ပြောဆိုရဲတာပေါ့"

"ဪ....ဆွေ"

"ဘာလဲဟင် ငြိမ်း"

"ကိုကိုတို့ ကျိုက်ထီးရိုးသွားကြမယ်ဆိုတဲ့ ဟိုတယ်ကအဖွဲ့ တွေထဲမှာ ဆွေလဲ ပါတယ်မဟုတ်လားဟင်"





"အင်း....စာရင်းတော့ ပေးထားပါတယ် ငြိမ်းရယ်"

"စာရင်းပေးထားမှတော့ လိုက်ဖြစ်ဖို့သေချာနေပြီ မဟုတ် လား ဆွေ့ရဲ့"

"အဲဒါလဲ စဉ်းစားနေတုန်းပဲလေ ငြိမ်းရယ်"

"ဟင်....ဘာဖြစ်လို့လဲ ဆွေ၊ ဆွေ ကျိုက်ထီးရိုးကိုရောက် ဖူးပြီးပြီလား"

"ဪ....ငြိမ်းကလဲ ဆွေက သထုံသူ တစ်ယောက်ပဲကွာ၊ ကျိုက်ထိုနဲ့သထုံဆိုတာ အနီးလေးရယ်၊ ရောက်ဖူးတာပေါ့၊ အခုဟာက အလုပ်ထဲကအဖွဲ့နဲ့မို့ လိုက်ချင်တာ သက်သက်ပါ"

"လိုက်ချင်ရင် လိုက်သွားပေါ့ ဆွေ့ရယ်၊ ပိုတောင်ကောင်း သေးတယ်၊ ငြိမ်းလဲပါမယ်လေ"

"သိပါတယ်၊ ဆရာ့ကို ဆွေ မေးပြီးပြီ၊ ငြိမ်းလဲ ပါမယ် တဲ့"

"အင်းလေ ငြိမ်းအတွက် အဖော်တောင် ရသေးတာပေါ့ ဆွေ့ရယ်၊ ငြိမ်းက တောင်တက်ခရီးဆို ခပ်ကြောက်ကြောက် ရယ်"

"ဘာကိုလဲဟင်"

"မောပြီး မတက်နိုင်မှာကိုပေါ့"

"အမယ်လေး....ဆရာ တစ်ယောက်လုံး ပါနေတာပဲ ငြိမ်း ကလဲ၊ ဟိုတောင်ခါးပန်းမှာ မောင်ထမ်းလို့ ခေါ်ပါ့မယ် ဆိုသလို ငြိမ်းလူက ငြိမ်းကို တွဲခေါ်မှာပေါ့လို့"

"ဟာ....လူရွှေသူရွှေ တွဲရမှာ ရှက်စရာ"

"အဟင်း....ငြိမ်းဟာလေ အတော် အသေးတာပဲ"

"ဟင်....ဘယ်လို"

"ဟိုရောက်ရင် ငြိမ်း အွေလိမ့်မယ် သိလား၊ ဒီလိုပဲ တစ်ယောက်ကို တစ်ယောက် ကြင်ကြင်နာနာ ဖေးမတွဲခေါ်ကြတဲ့ လူတွေချည်းပဲ ငြိမ်းရဲ့"

"ကဲပါ ဆွေ့ လိုက်ဖြစ်မယ် မဟုတ်လား"

"လိုက်ချင်တာပေါ့ ငြိမ်းရယ်၊ ဒါပေမယ့်...."

"ဒါပေမယ့် ဘာဖြစ်လဲ ဆွေ့"

"ဆွေ့မှာ အဝတ်အစား ကောင်းကောင်းမရှိဘူး ငြိမ်းရဲ့၊ အဲဒါကြောင့်"

"ဟင်...."

ဆွေ့ကို သနားသွားရ၏။ ပြီးမှ....

"ဒါဖြင့် ငြိမ်းပေးမယ်လေ ဆွေ့"

"အဲဒါကို ဆွေ့ ပြောမထွက်လို့ ငြိမ်းရဲ့"

"ဟင်....ဘယ်လို ဆွေ့"

"ငြိမ်းနဲ့ ဆွေ့နဲ့ ကိုယ်လုံးချင်းက သိပ်ကွာတာ မဟုတ်ဘူး ဆိုတော့ ငြိမ်း အဝတ်အစားတွေထဲက ဟိုကွာ ငြိမ်း သိပ်မကြိုက်တော့တဲ့ဟာတွေပဲ ဖြစ်ပါစေ၊ တစ်စုံ နှစ်စုံလောက် ဆွေ့ကို ပေးပါလားလို့"





"ဟာ....ဆွေ့ရယ် မဟုတ်တာ၊ ငြိမ်း ဝတ်ပြီးသားတွေ ဘာလုပ်ရမှာလဲ၊ အသစ်ပေးမယ် သိလား၊ ငြိမ်းမှာ မချုပ်ရသေးတဲ့ အစတွေရော မဝတ်ရသေးတဲ့ ရယ်ဒီမိတ်တွေရော ရှိတယ် ဆွေ့ရဲ့၊ ကဲ....လာ ဆွေ့ ငြိမ်း ပြမယ်၊ ဆွေ့ ကြိုက်တာ သုံးစုံလောက် ယူပေါ့ ဟုတ်လား"

"အားနာစရာ ငြိမ်းရယ်"

ငြိမ်း ခေါ်သွားသော အခန်းထောင့် နံရံကပ်ဗီရိုဆီသကာဖုံးသော အပြုံးဖြင့် ကျေနပ်စွာ ပါသွားသော ဆွေ့မျက်ဝန်းများက အရောင် တလက်လက်ဖြင့် တပ်မက်ခြင်းကြီးစွာ အနီးကပ်သွားပါတော့၏။ ငြိမ်းက ဗီရိုကို ဖွင့်လိုက်ပြီးမှ....

"ကဲ....ဆွေ့ ဟောဒီအဆင့်က အားလုံး အသစ်တွေချည်းပဲ၊ ဆွေ့ကြိုက်တဲ့ သုံးစုံ ရွေးပေတော့၊ ဟုတ်လား"

"ကျေးဇူးတင်လိုက်တာ ငြိမ်းရယ် တကယ်ပါပဲ"

## အခန်း(၁၂)

"သမီး....

"ခြော်....မေမေ"

အခန်းထဲသို့ မေမေဝင်လာသဖြင့် မဂ္ဂဇင်း တစ်အုပ်ကို စိတ်ဝင်စားစွာ ဖတ်နေသော ငြိမ်းမှာ ကမန်းကတန်းလေး ထထိုင်လိုက်၏။

"မေမေ ငြိမ်းကို ဘာခိုင်းမလို့လဲဟင်"

"မခိုင်းပါဘူးကွယ်၊ မေမေ ပျင်းလို့ စကားစမြည်လေး ပြောရင် ကောင်းမလားလို့ စဉ်းစားမိတာနဲ့ သမီးဆီလာခဲ့တာပါ၊ သမီး စာဖတ်ပျက်သွားမလား မသိဘူးကွယ်"

"အို....မပျက်ပါဘူး မေမေရဲ့၊ မဂ္ဂဇင်းပါ၊ ငြိမ်းက မေမေပါ. ဖေဖေနဲ့ အတူတူအပြင်သွားပြီ မှတ်နေတာ"

မေမေ့ကို ပြုံးပြုံးလေး ငြိမ်း ပြောလိုက်၏။ မေမေက ငြိမ်း ခုတင်စွန်းမှာ အသာဝင်ထိုင်လိုက်ပြီးမှ....

"အစက သွားမလို့ပါပဲ သမီးရယ်၊ တစ်ရက်တလေ နား ရတုန်း အိမ်မှာ လွတ်လွတ်လပ်လပ်နေချင်လို့ မလိုက်တော့ပါ ဘူးလေ၊ ညနေကျမှ ဘုရားကိုးဆူအလှူတစ်ခုကို မသွားမဖြစ် သွားရဖို့ ရှိနေသေးတယ် သမီးရဲ့"

"အန်ကယ်အောင်သောင်းတို့ အိမ်လား မေမေ"

"ဟုတ်တယ် သမီး၊ သမီး လိုက်ပါလား"

"ကိုကို လာလိမ့်မယ် မေမေ၊ မနက်ဖြန် ခရီးထွက်ဖို့ကိစ္စ လာပြောမှာ"

"ဩြော်...ဟုတ်လား၊ ဒါဆိုလဲ မေမေဘဲ သွားလိုက် တော့မယ်ကွယ်၊ ကိုအောင်သောင်းတို့က သမီးကိုသိပ်ချစ်ကြ တာလေ"

"အဟင်း....ဘာလဲ မေမေ၊ ချေးမ ခေတ်ချင်လောက် အောင်ကို ချစ်တာလား"

"အင်းပေါ့....ချောချော သမီးကို အတော်လေးကို လိုလို လားလားရှိကြတာ သမီးသိသားပဲ၊ မောင်သန့်ဇင်လဲ သမီးကို မျှော်လင့်ချက်ထားလို့ မရဘူးဆိုတာနဲ့ပဲ စိုးမိုးမာနဲ့ လက်ဆပ် သွားရှာတာ မဟုတ်လားကွယ်"

"တော်ပါတော့ မေမေရယ်၊ ကိုသန့်ဇင် ဆိုတဲ့လူက မိန်းကလေး အတော်များများနဲ့ တွဲနေတဲ့လူတစ်ယောက်ပဲ၊ ငြိမ်းတော့ အဲသလောက်ခွံတဲ့လူဆို ကြောက်ပါတယ်"





"အင်းလေ...ပိုက်ဆံလဲရှိ ရုပ်လဲချောဆိုတော့ စန်းပွင့်တာ ပေါ့ကွယ်"

"လူသာ အဓိကပါ မေမေရယ်၊ ကိုကိုကျတော့ရော ချမ်း သာတာပဲ၊ ချောတာပဲ၊ ဘယ်လောက်တည်ငြိမ်သလဲလို့"

"အဟင်း....ဟင်း"

ငြိမ်း စကားကြောင့် မေမေ သဘောကျစွာရယ်ပါတော့ သည်။

မေမေရယ်တော့ ငြိမ်း ရုတ်တရက် မလုံမလဲလေးဖြစ်သွား ရကာ မေမေ့ကို မေးမိ၏။

"မေမေ...ဘာလို့ရယ်တာလဲဟင်"

"ရယ်စရာကောင်းလို့ပါ သမီးရယ်"

"ဟင်...."

"သမီးက ကိုယ့်ငါးချဉ် ကိုယ်ချဉ်နေတာကိုးကွယ့်"

"ဟင်....မဟုတ်လို့လား၊ မေမေကလဲ"

"ဟုတ်ပါတယ်ကွယ် ဟုတ်ပါတယ်၊ မောင်ရန်နောင်လို လူချိုးတော့ ရှားပါတယ်လေ၊ စိတ်သဘောထားရော အရည် အချင်းပါ ပြောစရာမလိုပါဘူး၊ ဒါနဲ့ မနက်ဖြန် သမီးတို့ ဘုရားဖူးထွက်တဲ့အထဲမှာ ခင်ဆွေသက်လဲပါတယ် မဟုတ် လား"

"ဟုတ်ကဲ့၊ ပ ပါတယ် မေမေ"

"အေး....စကားခပ်လို့ ပြောရဦးမယ် သမီးရယ်"

"ဘာများလဲ မေမေ"

"ခင်ဆွေသက်ကို မေမေကြည့်ရတာ တစ်မျိုးပဲကွယ်"

"ဟင်....ဘယ်လို မေမေ"

မေမေ့စကားကြောင့် ငြိမ်း မျက်ဝန်းလေးပင် ဝိုင်းသွားရကာ မေးလိုက်မိ၏။

မေမေက ငြိမ်းကိုမကြည့်ဘဲ ပြောလိုက်၏။

"ဒီမိန်းကလေး မရိုးသားဘူးလို့ မေမေတော့ ထင်မိတယ် သမီး"

"ရှင်...."

"သူများသားသမီးကို မစာမနာ ပြောတာတော့ မဟုတ်ဘူး သမီးရယ်၊ ခင်ဆွေသက်ရဲ့ မျက်လုံးတွေဟာ အတောဝ်ကိုရဲတင်းပြီး တည်ငြိမ်မှုနည်းတယ်လို့ မေမေ ယူဆမိတာပဲလေ"

"ဆွေဟာ အစကတည်းက သွက်လက်ပွင့်လင်းပြီး ရဲတင်းဖျတ်လတ်တဲ့ မိန်းကလေးတစ်ယောက်ပဲ မေမေရယ်၊ အဲဒါသူ့ရဲ့ပင်ကိုလို ဖြစ်နေပါပြီလေ၊ စိတ်ရင်းတော့ ကောင်းရှာပါတယ်"

"လူတစ်ယောက်ရဲ့ စိတ်ကို ခန့်မှန်းရတဲ့ အလုပ်ဟာ အင်မတန်ခက်တယ် သမီး၊ မေမေနဲ့ ခင်ဆွေသက်နဲ့ တွေ့ဆုံမှုဆိုလို့ အတော်လေးနည်းပါတယ်ကွယ်၊ ဒါပေမယ့် ခဏတစ်ဖြုတ်လေး တစ်ခါနှစ်ခါလောက်ပဲ ဆုံကြပါသေးတယ်၊ သူ့မျက်လုံးထဲမှာ တော်မက်မှုအရိပ်တွေထွက်နေတယ်လို့ မေမေ အကဲခတ်မိတယ် သမီးရယ်၊ ဘယ်နေရာကိုပဲကြည့်ကြည့် သူကြည့်တဲ့ မျက်လုံးတွေက လုံးဝ ဂနာမငြိမ်ဘူးကွယ့်"

"ငြိမ်း ယူဆမိတာက ဒီလိုပါ မေမေ"

"အင်း....ဆိုစမ်းပါဦး သမီး"





"ဆွေဟာသာမန်မိသားစုထဲကကျပ်ကျပ်တည်းတည်းလေးနဲ့ နေလာခဲ့ရသူဆိုတော့ အခုသမီးတို့ဆီ ရောက်လာတဲ့အချိန်မှာသူမြင်ရတဲ့အဆောင်အယောင် အခမ်းအနားတွေကို ရင်သပ်ရှုမောအားကျခုံမင်စိတ်တွေနဲ့ လွတ်လွတ်လပ်လပ် လိုက်ကြည့်တာပဲဖြစ်မှာပါ မေမေ"

"အင်း....သမီးယူဆသလိုလဲ ဖြစ်နိုင်တာပဲလေ၊ ဒါပေမယ့် ဒီမိန်းကလေးရဲ့ ပြောဆိုဟန်၊လှုပ်ရှားဟန်၊ နေထိုင်ဟန်တွေကို မေမေ သိပ်သဘောမကျဘူး သမီး၊ သမီးရဲ့ သဘောထားကောင်းမှုအပေါ်မှာ ဒီမိန်းကလေး အခွင့်အရေးတွေ ပိုယူလာမှာကို စိုးရိမ်မိတယ်ကွယ်"

"ငြိမ်းတော့လေ ဆွေ့ကို အခွင့်အရေးပိုယူတာလို့ တစ်ခါမှ မထင်မိသေးပါဘူး မေမေရယ်၊ ဆွေဟာ သူ့အခက်အခဲကို ဟန်ဆောင်မှုကင်းကင်းနဲ့ ပွင့်ပွင့်လင်းလင်း ထုတ်ပြောတတ်တဲ့ မိန်းကလေးတစ်ယောက်ပဲ မေမေရဲ့၊ မိန်းကလေးအတော်များများဟာ သိပ်ပြီး ဟန်ဆောင်မှုတွေနဲ့ ဖုံးကွယ်ထားတတ်ကြတယ် မဟုတ်လား မေမေ၊ ဆွေက အဲသလို မဟုတ်ဘူးလေ မရှိတာကို မရှိဘူးလို့ ရိုးရိုးစင်းစင်းလေး ပြောရဲတယ်၊ အဲဒါကို ငြိမ်း သဘောကျတာ မေမေရဲ့"

ငြိမ်း၏စကားကို မေမေ ပြုံးပြုံးလေးနှင့် သဘောကျစွာ ခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီးမှ....

"သမီး"

"ရှင်....မေမေ"

"အခုတော့ ခင်ဆွေသက်က မရှိဘူးလို့ ပြောလိုက်တာနဲ့ သမီးသိက ဘာတွေများ ဖေးလိုက်ပြန်ပြီလဲဟင်"

"အဘင်း....မေမေကလဲ"

ငြိမ်း သဘောကျစွာ ရယ်မိပါတော့၏။

မေမေက သည်လိုပါပဲလေ။

နှမြောတွန့်တိုတတ်ခြင်း မရှိမေမ သို့ အရာရာကို စည်းကမ်း ရှိစွာ စနစ်တကျ နေတတ်သူမို့ဗီ အသဟာသဖြစ်စေ မှုကို မနှစ်မြို့တတ်ချေ။

ခုသည်း ဆွေ့ကို ငြိမ်း ဘာတွေများ ထောက်ပံ့ကူညီလိုက် ပြန်ပြီဆိုတာကို မေမေ သိချင်စိတ်ဖြင့် မေးနေပါပြီ။

ငြိမ်းကသည်း မေမေ မသိဘဲ ဘာတစ်ခုမှမလုပ်တတ်သူမို့ ဆွေ့ကို ဘာပေးပေး မေမေ့အား အမြဲတမ်း ပြန်ပြောပြ အသိပေးတတ်မြဲ ဖြစ်လေသည်။

"တလော့ကပဲ သမီး သူ့ကို ငွေတစ်ထောင် ပေးလိုက်သေး တယ် မဟုတ်သား"

"ဟုတ်တယ် မေမေ၊ သူ့အိမ်ကိုပို့ချင်တယ်ဆိုလို့လေ၊ အိမ်မှာ ကျန်ခဲ့တဲ့လူတွေ ကျပ်တည်းလွန်းလို့ ငွေပို့ချင်တယ်တဲ့၊ ငြိမ်းမှာ သူချေးတာပါ၊ ဒါပေမယ့် ငြိမ်း ပြန်မယူတော့ပါဘူး မေမေ ရယ်၊ ငွေတစ်ထောင်ဆိုတာ ငြိမ်းအတွက် မုန့်ဖိုးလောက်ပဲရှိ ပေမယ့် ဆွေတို့အတွက်ကျ အတော်လေး အထောက်အကူ ဖြစ်စေမယ့် အဘိုးအခပဲ မဟုတ်လား၊ မပေးပါနဲ့တော့လို့ ငြိမ်း ပြောတော့ ဆွေခမျာ ဝမ်းသာသွားလို့လေ"

"အင်း....သမီး စဉ်းစားကြည့်ပမ်း"





"ဘာများလဲ မေမေ"

"လူဆိုတာ သူတစ်ပါးဆီက ကူညီထောက်ပံ့မှုကို ယူတယ် ဆိုရင် တစ်ခါတလေလောက်မှ မလွဲသာလွန်းမှ ယူသင့်တာ ကွယ့်၊ အခု သမီးရဲ့သူငယ်ချင်းဆွေက မကြာခဏကို လိုအပ် ချက်တွေရှိလာတိုင်း လာလာပြီး ပြောတတ်လွန်းတော့ မေမေ တောင် တစ်ခါတလေ စဉ်းစားမိတယ်ကွယ်"

"ဘာများလဲ....မေမေ"

"ဆွေဟာ အားမနာတတ်ဘူးရယ်လို့ပေါ့"

"ဒါတော့ မေမေရယ်.... သူနဲ့ သမီးက အားနာရမယ့် သူတွေ မဟုတ်လို့ပေါ့"

"ဘယ်ဟုတ်မလဲ သမီးရယ်.... သူစည်းနဲ့သူ ကိုယ့်စည်းနဲ့ ကိုယ် နေကြတာ၊ ထစ်ခနဲရှိ စောင်းလိုက်ပြန်ပြီ ချေးလိုက် ပြန်ပြီနဲ့၊ သမီးမှာက ကိုယ်ပိုင်လုပ်ငန်းနဲ့ ဝင်ငွေရှိတဲ့ မိန်း ကလေးလဲ မဟုတ်တာ၊ ကျောင်းသူဘဝပဲ ရှိသေးတာကွယ်၊ သူ ဒီလို ခဏခဏ လာမတောင်းသင့်ဘူးလို့ မေမေ ထင်တယ်"

"မေမေရယ်.... တောင်းရမ်းချေးငှားတဲ့ အလုပ်သောက် သိမ်ငယ်အောက်ကျရတာ မရှိဘူးဆိုတာ ဆွေ မသိဘဲ နေပါ့ မလား၊ ဒါပေမယ့် သူမှာ တကယ်ချို့တဲ့လွန်းလို့ ငြိမ်းဆီမှာ မျက်နှာကြောက် ဖွင့်ပြောပြီး အကူအညီတောင်းလာတာဆို တော့ ငြိမ်းတောင် သနားနေမိသေးတာပါ၊ အခုလဲ ငြိမ်း မချုပ်သေးတဲ့ အသစ်တွေထဲက ဆွေကြိုက်တာ သုံးခုယူဆိုပြီး ပေးလိုက်တော့လေ ခမျာ ဝမ်းသာလွန်းလို့လေ"

"ဘာတွေယူသွားလဲ သမီး"

"ဘုရားသုံးစုံပါ မေမေ"

"ဟင်...."

မေမေ မျက်လုံးပြူးသွားပါတော့၏။

ရင်ဘတ်ကို လက်နှင့် ဘတ်ခနဲဖိလိုက်ပြီးမှ မေမေက ငြိမ်းကို ပြောတော့၏။

"ဘုရားသုံးစုံ.... ဟုတ်လား သမီး"

"ဟုတ်ပါတယ် မေမေ"

"အမယ်လေး....လေး....သမီးရယ်၊ အဲသလို ရက်ရက်ရောရောပေးရသလားကွယ်၊ တစ်စုံလောက်ဆို တော်ရောပေါ့၊ တစ်စုံကိုပဲ တစ်ထောင်ကျော်နေတာ"

"အဲဒါကြောင့်လဲ ငြိမ်း ပေးဘာပေါ့ မေမေရယ်၊ ဆွေကိုယ်တိုင်ဆိုရင် အဲဒါမျိုးတွေ ဝယ်မှမဝတ်နိုင်တာ၊ ဝတ်ပါစေ မေမေရယ်၊ ငြိမ်းမှာ အများကြီးပဲဟာ"

"အေး....များမှာပေါ့ သမီးရယ်၊ မေမေ ကိုယ်တိုင် ကိုယ့်သမီးနဲ့ လိုက်မယ်ထင်တဲ့ အဆင်တွေကိုရွေးပြီး ဝယ်ပေးထားတာရော သူများဆီက လက်ဆောင်ရထားတာတွေရောဆိုရင် သမီးမှာ အများကြီးဖြစ်နေတာပေါ့၊ ဒါပေမယ့် ဘုရားပါတိတ်ဆိုတာ လေး ငါးရာတန်မှ မဟုတ်တာ၊ ပေးတဲ့လူက ရက်ရက်ရောရောပေးဦး၊ လက်ခံမယ့်လူက အလိုက်သိဖို့တော့ လိုတယ်လို့ မေမေ ထင်တယ်လေ၊ အခုဟာက ဒီမိန်းကလေးအဖို့ သမီးက အခွင့်အရေးပေးလိုက်မယ်ဆိုရင် ဗီရိုကြီးတစ်ခုလုံးကိုပါ အားမနာပါးမနာ မ ချီသွားတော့မယ့် ပုံပဲကွယ့်"

"မေမေကလဲ ပြောတော့မယ်"





"ပြောရတယ် သမီး၊ မေမေတော့ ဒီမိန်းကလေးရဲ့ ပုံစံကို တယ်ပြီး အကဲမရပါဘူး၊ မတွေးကောင်းတွေးကောင်း တစ်နေ့ကျရင် ဒီကလေးမ မောင်ရန်နောင်ကိုပါ ချိန်ချင်ချိန်လာနိုင်တယ်၊ သိလား သမီး"

"အို....မေမေကလဲ၊ မဟုတ်တာ၊ ကိုကိုက ကလေးမှ မဟုတ်တာ"

"အေးလေ....ကလေးမဟုတ်ဘဲ သူဌေးဖြစ်နေလို့ စိုးရိမ်ရတာပေါ့၊ ဒီကလေးမပုံစံက ကိုယ်ရဖို့အတွက် ဘာကိုမှ မရှက်မကြောက်ဘဲ လုပ်ဝံ့မယ့်ပုံစံကွယ့်"

"ဆွေဟာ ငြိမ်း အပေါ်မှာ အဲသလောက် ကျေးဇူးမကန်းနိုင်ဘူးလို့ ငြိမ်း ထင်ပါတယ် မေမေ"

"ကျေးဇူးရှိမှ ကျေးဇူးဆပ်တတ်တာတဲ့ သမီး၊ အေးလေ.... သတိတော့ ထားပေါ့ကွယ်"

"ဟုတ်ကဲ့ပါ....မေမေ"

✱

## အခန်း (၁၃)

ကင်ပွန်းစခန်း....

တောင်ခြေစခန်းဖြစ်သော ကင်ပွန်းစခန်းကို ရောက်တော့ ညနေ သုံးနာရီတိတိရှိနေလေပြီ။

"ကဲ....ခဏနားပြီး ထမင်းစားကြတာပေါ့၊ ပြီးမှ ဆက်တက်ကြရအောင်"

ကားပေါ်ပါလာသူများကို ကိုကိုက လှမ်းပြောလိုက်၏။ ကိုယ့်အုပ်စုလေးနှင့်ကိုယ် နှစ်ယောက်တစ်တွဲ လုံးယောက်တစ်တွဲ စသဖြင့် ကိုယ်နှစ်သက်သော အစားအသောက်များ စားသောက်ကြရန် ဆိုင်အသီးသီးသို့ ထွက်သွားကြလေသည်။

ငြိမ်းနှင့်ဆွေသာ ကားပေါ်မှာကျန်ခဲ့၏။ ကိုကိုက ကားနောက်မှလာ၍ ငြိမ်းကို ပြောလိုက်၏။

"ငြိမ်း....လာလေ၊ တစ်ခုခုသောက်ရအောင်"

"ဟုတ်ကဲ့....ကိုကို"

ပေါင်ပေါ်တင်ထားသော ဆလင်းဘက်အိတ်လေးကို ငြိမ်း လွယ်ရင်းမှ ဆွေ့ကို ခေါင်းညိတ်ပြကာ ခေါ်လိုက်၏။

"ဆွေ့....လာ....ဆင်းရအောင်"

ဆွေ့သည်း ဆတ်ခနဲ ခေါင်းညိတ်ပြကာ ငြိမ်း နောက်မှ ကပ်ကာ ပါလာ၏။

ကိုကို ဆွေ့ကို ဝတ္တရားကျေမျှပင် ခေါ်ဖော်မရသဖြင့် ငြိမ်းမှာ ကြား ; မနေတတ်လှစွာ မျက်နှာပူနေမိသေး၏။

အဒအေးဆိုင်တစ်ခုထဲသို့ ကိုကို ဦးဆောင်ကာ ဝင်သွားသဖြင့် ငြိမ်းရော ဆွေ့ပါ ကိုကို့နောက်မှ ပါလာရ၏။

ထောင့်ကျကျလွတ်ခနေသော စားပွဲဆီ ကိုကို ဝင်ထိုင်လိုက်ပြီးမှ ငြိမ်းကို မေးလိုက်၏။

"ငြိမ်း....ဘာသောက်မလဲ"

"ကိုကို ကြိုက်တာမှာပါ"

ကိုကို့မျက်နှာ ပြုံးရိပ်သန်းသွားရပြီးမှ ချက်ချင်း မျက်နှာ ပိုးသတ်ကာ ဆွေ့ကို မေးလိုက်လေသည်။

"မခင်ဆွေ့သက်....ဘာသောက်မလဲ"

"ရပါတယ် ဆရာ၊ ဆွေ့က ဘာပဲဖြစ်ဖြစ်သောက်ပါတယ်"





ကိုကို့ကို ပြုံးပြုံးလေးကြည့်ကာ ပြန်ပြောနေသော ဆွေ့၏ အမူအရာကို ငြိမ်းပင် တွေ့တွေ့လေး ငေးကြည့်နေမိရပါတော့၏။

ငြိမ်း စိတ်ထဲမှာ ဆွေ့ကို အားနာခနေသည် မဟုတ်ပါလား။

ကိုကိုက အလေးဘယူ သိမ်မရှိလှသလောက် ဆွေ့ခမျာ ကိုကို့အပေါ် ပျာနေအောင် အလေးအနက်ရှိနေလေတော့၏။

ဩော်....အလုပ်ရှင်အပေါ် ဝန်ထမ်းတစ်ဦး၏ လေးစားမှုဟူ၍ပင် ငြိမ်း သဘောပေါက်မိပါသည်။

ဆွေ့ အဖြေကြောင့် ကိုကို့မျက်နှာ တည်ခနဲဖြစ်သွားရကာ မနှစ်မြို့ဟန်ဖြင့် ဆွေ့ကို ပြောလိုက်၏။

"ဒါဖြင့်လဲ ခင်ဗျား ကြိုက်တာတစ်ခုခုပဲ မှာလိုက်ပါဗျာ၊ ဘာပဲဖြစ်ဖြစ်ဆိုတာ သိပ်ပြီး အဆင်ပြေလှတဲ့စကား မဟုတ်ပါဘူး"

ကိုကို့ စကားကြောင့် ငြိမ်းပင် မျက်နှာဘယ်လိုထားရမှန်း မသိအောင် ဆွေ့ကို အားနာသွားရပါတော့၏။

ဆွေ့ကို ကြည့်လိုက်တော့ ငြိမ်း အံ့ဩသွားရပြန်၏။

အဘယ်ကြောင့်ဆိုသော် ဆွေ့မှာ လုံးဝ မျက်နှာ ပျက်မသွားဘဲ ပြုံးပြုံးလေးပင် ရှိနေခဲ့သောကြောင့်ပင်တည်း။

"ဒါဆိုရင်လဲ ငြိမ်း သောက်တာပဲ ဆွေ့ လိုက်သောက်မယ်လေ ဆရာ၊ ကဲ....အဆင်ပြေပြီ မဟုတ်လား....အဟင်း"

အပြုံးမပျက် ပွင့်လင်းရင်းနှီးစွာ ပြောလိုက်သော ဆွေ
စကားကြောင့် ငြိမ်းလည်း အသက်ရှုချောင်သွားရသလိုပင်

ကိုကို့မျက်နှာ မှုန်တည်တည်ဖြစ်နေမှုကို ဆွေ တွန့်တွန့်ရှုံ့
မဖြစ်တာ တော်ပါသေးရဲ့လေ။

"ဘာသောက်မလဲ အစ်ကို"

စားပွဲထိုးလေး လာမေးတော့မှ ကိုကိုက ပြောလိုက်၏။

"ကျွဲရိုင်း သုံးလုံးပေးကွာ"

"ရေခဲစိမ်လား အစ်ကို"

"ဟုတ်တယ်"

"ကောင်းပြီ....အစ်ကို"

စားပွဲထိုးလေးက သွက်လက်စွာ ထွက်သွားပြီး ချက်ချင်း
ဆိုသလို ပိုက်တပ်ထားသော ကျွဲရိုင်းသံဘူးသုံးလုံးဖြင့် ပြန်
ရောက်လာ၏။

"ငြိမ်း....သောက်"

ကိုကိုက ငြိမ်းကို ဂရုစိုက်စွာပြောရင်း ကျွဲရိုင်း အချိုရည်
ဘူးကို ငြိမ်းလက်ထဲ ထည့်ပေးနေ၏။ ပြီးမှ....

"ခေါင်းမူးသေးလား ငြိမ်း"

ကားစီးလျှင် မူးနောက်နောက်ဖြစ်တတ်မှန်း ကိုကို သိနေ
သဖြင့် မေးလိုက်ခြင်း ဖြစ်လေသည်။





ငြိမ်းက ကိုကို့ကို ခေါင်းလေး အသာယမ်းပြလိုက်ပြီးမှ
ပြောလိုက်၏။

"ဟင့်အင်း....မမူးပါဘူး ကိုကို၊ ဆေးလဲ သောက်ထား
ယ်လေ၊ ငြိမ်း ဘာမှမဖြစ်ပါဘူး ကိုကို"

"ဟုတ်လား၊ တော်သေးတာပေါ့၊ ကိုကိုက ငြိမ်းများ
းနေမလားလို့ စိုးရိမ်နေတာ"

"မမူးပါဘူးနော်၊ ကိုကိုပေးထားတဲ့ ဘီဆစ်လဲ သောက်
ယ်၊ မေမေက ရှုဆေးရော ပရုတ်ဆီပါ ထည့်ပေးလိုက်တာ
လ၊ အဟင်း....ငြိမ်းက ဘာမှမဖြစ်ဘဲ ဟောဒီက ဆွေပဲ
ားတောက်လို့ ရှုဆေးတွေ ရှုရှုနေရသေးတယ် ကိုကိုရဲ့"

ငြိမ်း စကားကို ကိုကို ဘာမှမဘုံပြန်တော့ပါဘဲ အချို
ည်ကို တဖြည်းဖြည်း စုပ်သောက်နေလိုက်လေသည်၊

ဆွေကလည်း သောက်နေရာမှ ငြိမ်း စကားကို ထောက်ခံ
ာန် ခေါင်းတဆတ်ဆတ်ညိတ်ကာ ကိုကို့ကို ပြုံးကြည့်လိုက်
ပြီးမှ ပြောလိုက်၏။

"ဟုတ်တယ် ဆရာ၊ ဆွေက ကားစီးတိုင်း အမြဲတမ်းလိုလို
မူးရိပ်ရိပ်ဖြစ်တာ ထုံးစံလိုဖြစ်နေပါပြီလေ၊ ဘော်ပါသေးရဲ့၊
ငြိမ်းမှာ ရှုဆေးပါလာလို့၊ မဟုတ်ရင်တော့ ဒုက္ခပဲပေါ့"

"ခင်ဗျားမှာ ရှုဆေးမပါဘူးလား"

"ဟင့်အင်း....မပါလာဘူးဆရာ၊ မေ့ကျန်ခဲ့တာ"

"ကိုယ် မူးတတ်ရင် ဂရုတစိုက် ယူလာသင့်တာပေါ့ဗျာ"

"ဟုတ်ပါတယ်၊ ဆွေ့ကိုက ပေါ့ဆတာပါ ဆရာရယ်၊ ဆွေ့အပြစ်ပဲ၊ ငြိမ်းရှိလို့သာပဲ၊ မဟုတ်ရင်တော့ ကားထဲမှာ ဆွေ ကျွမ်းစိုက်အောင်ကိုမူးပြီး ခေါင်းဆောင်နိုင်မှာမဟုတ်ပါဘူး၊ ဆရာ့မှာ ဘီဆစ်ရှိသေးလားဟင်"

"ရှိပါတယ်"

"ဆွေ့ကိုလဲ ပေးပါဦးနော် ဆရာ"

"အင်း"

"အခု မယူသေးပါဘူးလေ၊ အပြန်မှ ဆွေ ယူပါ့မယ်၊ အခုကို ဟောဒီ ကျွဲခြင်းအချိုရည်ကို သောက်လိုက်ရလို့ ဆွေ မကြာခင် လန်းဆန်းကြည်လင်လာမှာပါ"

"ဟုတ်ဘယ် ဆွေ၊ တောင်အဘက်မှာ အားပြည့်နေဖို့လိုတယ် မဟုတ်လား၊ ငြိမ်းတော့ သူ့ကိုသိပ်ကြိုက်တာ"

"ဆွေဖြင့် တစ်ခါမှ မသောက်ဖူးသေးပါဘူး ငြိမ်းရာ၊ ဈေးကြီးတယ်မဟုတ်လား၊ ဆင်းရဲသားတွေ မမှန်းနိုင်ပါဘူးကွာ၊ ခုတော့ ဆရာ့ကျေးဇူးကြောင့် ဆွေလဲ ကျွဲခြင်းသောက်ဖူးသွားပြီပေါ့၊ အဟင်း....သိပ်ကိုကျေးဇူးတင်ပါတယ် ဆရာ တကယ်ပါ"

ကိုကို့ကို ခေါင်းလေးငဲ့စောင်းကာ ပြောနေသော ဆွေ့ပုံစံလေးက တကယ့် ကလေးမလေးငယ်ငယ်တစ်ယောက်သို့ ပွင့်လင်းလှတာမို့ ငြိမ်းပင် ပြုံးသွားရတော့၏။ ပြီးမှ....

"ဆွေကလဲ အချင်းချင်းတွေပဲ၊ ဒါလောက်ပြောနေစရာ မလိုပါဘူးကွာ"





"လိုတယ် ငြိမ်းရဲ့"

"ဟင်...."

"ဟုတ်တယ်လေ၊ ဆွေ ဆိုတာ ဆရာနဲ့ ငြိမ်းတို့ရဲ့ကျေးဇူးကြောင့်သာ ခုလို ဝတ်ရစားရတာ၊ အဲဒီကျေးဇူးတွေကို ဆွေ ဘယ်တော့မှမမေ့ဘူး သိလား၊ အမြဲသတိရနေမှာ"

"ဒါတော့ ဆွေ့သဘောလေ၊ ငြိမ်းအနေနဲ့ ဆွေ့အပေါ် ကူညီခဲ့တာ ကျေးဇူးအဘတင်ခံချင်လို့မှ မဟုတ်တာ"

"ဆွေ နားလည်ပါတယ် ငြိမ်းရာ"

"ငြိမ်း....မုန့်တစ်ခုခု ဝယ်ဦးမလား"

ကိုကိုက ငြိမ်းတို့စကားကို စိတ်ဝင်စားဟန်မတူပါ။

ထို့ကြောင့်လည်း ငြိမ်းကို မုန့်ဝယ်ရန် ပြောလာခြင်းဖြစ်၏။

ဆွမ်းတော်ကပ်ရန် မေမေထည့်ပေးလိုက်သော မုန့်များ ငြိမ်းမှာ ပါလာသဖြင့် ကိုကို့ကို ပြန်ပြောလိုက်ရ၏။

"ငြိမ်းမှာပါတယ် ကိုကို၊ မေမေ ထည့်ပေးလိုက်တယ်လေ"

"ဪ....ကိုကိုက ငြိမ်းများ ထပ်ဝယ်ချင်သေးလားလို့ပါ"

"ဟင့်အင်း.... မဝယ်တော့ပါဘူး ကိုကိုရေ၊ ကိုကိုကော ဝယ်ချင်လို့လားဟင်"

"ကိုကို့မှာလဲ ပါတယ်လေ ငြိမ်း"

"ဟင်....ဟုတ်လား၊ ဘာတွေလဲ ကိုကို"

"မုန့်တွေနဲ့ ပန်းသီး၊ လိမ္မော်သီးတွေပေါ့"

"အို....ဟုတ်လား၊ ငြိမ်းမှာ သစ်သီးမပါဘူး ကိုကိုရဲ့ မေမေက လေးမှာစီးလိုတဲ့"

"ကိုကို့မှာ ပါသားပဲကွာ၊ တူတူပေါ့ ငြိမ်းရ၊ ဆွမ်းတော်ကပ်ဖို့ရော လမ်းမှာ ဆာရင်စားဖို့ပါ ကိုကို ပိုပြီးယူလာခဲ့တာလေ"

"ဟယ်....ကော်တာပဲ၊ ကိုကိုက အကွက်မြင်တတ်လိုက်တာ၊ ငြိမ်းဖြင့် လမ်းမှာစားဖို့ ဘာမှမပါလာဘူး သိလား၊ ဝယ်စားဖို့ပဲ စိတ်ကူးတာ ကိုကိုရဲ့....အဟင်း"

"ဆမင်းဟင်းကလွဲရင် သရေစာတွေက သန့်ရှင်း လတ်ဆတ်မှုမှာ စိတ်မချရဘူး ငြိမ်းရ၊ ကိုယ့်ပစ္စည်းနဲ့ကိုယ်ဆိုတော့ စိတ်ချလက်ချလေး စားရတယ်လေ၊ ဘာမှမပူနဲ့၊ ငြိမ်းကြိုက်တတ်တဲ့ စတော်ဗယ်ရီကိတ်ရော မရန်းပေါင်းနဲ့ သရက်ယိုရောပါတယ်၊ သိလား"

"အို....တကယ်"

"အင်းပေါ့"

"ဟယ်....ပျော်လိုက်တာ ကိုကိုရာ"

"ငြိမ်း"

"ဟင်....ကိုကို"

"ရေငတ်ရင် ရေသန့်ဘူးတွေ ပါတယ်နော်၊ တခြားမှာ လုံးဝမသောက်နဲ့၊ ကြားလား"

"ဟုတ်ကဲ့ပါ ကိုကို"

ငြိမ်းတို့ ပြောနေတာကို ငေး၍ နားထောင်နေရင်းမှ ဆွေက ပြောလိုက်၏။





"ဆရာ့မှာ ပစ္စည်းတွေအများကြီး သယ်ရမှာပေါ့နော်"

"အထမ်းသမား ငှားရမှာပေါ့၊ လူတစ်ကိုယ်နဲ့ ပိုက်ဆံအိတ် တစ်လုံးလောက်ပဲ ပေါ့ပေါ့ပါးပါး တက်ကြတာပေါ့ကွာ၊ ကဲ....ဟိုမှာ အဖွဲ့သားတွေ ကားပေါ်ရောက်ကုန်ကြပြီ၊ သွားကြစို့ ငြိမ်း"

"ဟုတ်ကဲ့ ကိုကို"

"ငြိမ်းတို့ သွားနှင့်လေ၊ ကိုကို ငွေရှင်းပြီး လာခဲ့မယ်၊ ဟုတ်လား"

"ကောင်းပြီ ကိုကို၊ လာ....ဆွေ၊ သွားစို့"

ဆွေ့ လက်ကိုဆွဲကာ ငြိမ်း ထွက်လာသောအခါ ဆွေက ငြိမ်းနား နား တိုးတိုးလေး ကပ်ပြောလိုက်ပုံက....

"ငြိမ်း-သိပ်ကံကောင်းတယ်ကွာ" တဲ့လေ။

✻

## အခန်း (၁၄)

"ကဲ....ခအနားရအောင်"

ကိုကို့ အသံကြောင့် ငြိမ်းဧရာ အော့ဗါ တစ်ယောက်ကိုတစ်ယောက် ပြုံး၍ ကြည့်မိကြတော့၏။

တကယ်တော့လည်း ငြိမ်းတို့ နားချင်နေကြပြီ မဟုတ်ပါလား။

အနီးရှိ သစ်ပြစ်ဆုံဘစ်ခုမှာ ငြိမ်း အားပါးတရ ထိုင်ချလိုက်လေသည်။

"မောသလား ငြိမ်း"

ကိုကို ပြုံး၍မေးရင်း ငြိမ်းရှေ့မှာ ဝင်ထိုင်လိုက်၏။

ဆွေက ငြိမ်းနံဘေး မလှမ်းမကမ်းမှာ ထိုင်နေလေသည်။ ငြိမ်းက ကိုကို့ကို ပြုံးကြည့်ပြီးမှ ပြောလိုက်၏။

"ကိုကိုက ပိုမောမှာပေါ့နော်"

"ဘာဖြစ်လို့"

"ငြိမ်းကိုလဲ တွဲရလို့ပေါ့"

ငြိမ်းစကားကို ကိုကို ခေါင်းအသာယမ်းပြလိုက်ပြီးမှ တိုးတိုးလေး ပြောလိုက်၏။

"ကိုကိုတော့ မမောပါဘူး ငြိမ်းရာ၊ ပျော်တောင်ပျော်သေးတယ်"

"ဘာပြုလို့လဲ ကိုကို"

"ငြိမ်းနဲ့ ခုလို အတူတူ သွားရလို့ပေါ့ကွာ"

"ကိုကိုနော် စကားအပြောအဆို ဆင်ခြင်ရတယ်တဲ့"

"ဟာ....ကိုကို ဘာပြောသေးလို့လဲ ငြိမ်းကလဲ"

"ဒီက တောတောင်တွေ နတ်ကြမ်းတယ်တဲ့ ၊သိလား ကိုကို"

"ဘယ်သူပြောတာလဲ"

"ဆွေလေ"

"နတ်မကြိုက်တာ ကိုကို ဘာမှမလုပ်ပါဘူး ငြိမ်းရာ၊ ဒါလောက်လေးမှ ပြောခွင့် မရှိတော့ဘူးတဲ့လားကွာ"

"ဒါ့ထက် ပိုလာမှာစိုးလို့ ငြိမ်းက သတိပေးတာပါ ကိုကို့ရဲ့"

"စိုးရိမ်နေသလား ငြိမ်း"

"ဒါပေါ့ ကိုကိုရဲ့"





ဘာမှ မစိုးရိမ်နဲ့၊ ဘာမှမဖြစ်ပါဘူးကွာ၊ အိမ်ကထွက်လာကတည်းက ကိုကိုတို့ ဒီက အစောင့်အရှောက်တွေကို မေတ္တာပို့ အမျှဝေပြီးသား မဟုတ်လား ငြိမ်း"

"ဟုတ်တယ် ကိုကို၊ ဒါနဲ့ ငြိမ်းတို့ ဘယ်အချိန်လောက် အပေါ်ကို ရောက်မလဲဟင် ကိုကို"

"သိပ်မဝေးတော့ပါဘူး ငြိမ်း၊ နောက်ထပ် အလွန်ဆုံး နာရီဝက်လောက်ပဲ လျှောက်ရတော့မှာပါ"

"အရင်တုန်းကဆို တောင်ခြေကနေ တောင်ထိပ်အထိ ခြေကျင်ခရီးကို ခုနစ်မိုင်ကျော်ရှိတယ်ဆို ဟုတ်လား ကိုကို"

"ဟုတ်တယ် ငြိမ်း၊ ခုတော့ လမ်းတွေ ပြုပြင် တိုး ချဲ့ပြီး ဆက်ဖောက်ထားပေးတော့ ကားနဲ့ တောက်လျှောက်တက်နိုင်ပြီလေ၊ တစ်မိုင်ကျော် ခရီးလောက်ပဲ လျှောက်ရတော့တာ"

"ဪ....ငြိမ်းတို့ ကံကောင်းတာပေါ့နော် ကိုကို"

"အားလုံး ကံကောင်းကြတာပေါ့ ငြိမ်းရာ၊ ကဲ.... ငြိမ်း အဆာပြေ တစ်ခုခုစားရအောင်၊ ဘာစားမလဲပြော၊ ပန်းသီး လိမ္မော်သီး အချဉ်ထုပ်"

"မိုးချုပ်နေပြီ ကိုကိုရယ်၊ လိမ္မော်သီးပဲ ကောင်းမှာပါ"

"ကောင်းပြီ"

ကိုကိုတစ်ယောက် လွယ်ထားသော ကျောပိုးအိတ်ထဲမှ လိမ္မော်သီး အလုံးထွားထွားနှစ်လုံးကို ငြိမ်းလက်ထဲ ထည့်ပေးလိုက်ပြီးမှ ပြောလိုက်၏။

"ငြိမ်း....ခင်ဆွေသက်ကို တစ်လုံးပေးလိုက်ကွာ"

"ဟုတ်ကဲ့ ကိုကို၊ ဆွေ့ရေ....ရော့"

ခေါင်းဖြီးနေသော ဆွေ့က ငြိမ်း ကမ်းပေးသော လိမ္မော်သီးကို ဝမ်းသာအားရ လှမ်းယူကာ အလျှင်စလို အခွံနွှာနေတော့၏။

ငြိမ်းက ကိုကို့ကို ပြုံးကြည့်လိုက်ပြီးမှ မေးလိုက်၏။

"ကိုကိုကော မစားဘူးလား"

"စားမယ်လေ"

"ဟင်....ဘယ်မှာလဲ၊ ကုန်ပြီလား၊ ဟုတ်လား ကိုကို"

"ရှိပါတယ်ကွာ"

"ဒါဖြင့် ယူထုတ်လေ၊ ငြိမ်း နွှာပေးမယ်"

"ဟင့်အင်း....ငြိမ်းလက်ထဲက လိမ္မော်သီးကိုပဲ တစ်ဝက်စီ စားကြတာပေါ့၊ ကဲ....မကောင်းဘူးလား ငြိမ်း"

"ဩော်....အဟင်းဟင်း"

သဘောပေါက်သွားရသွားဖြင့် ငြိမ်း ကြည်ကြည်နူးနူးလေး ရယ်မိရင်း လိမ္မော်သီးကို အခွံနွှာနေမိလေသည်။

ထိုစဉ်မှာပင် ဆွေ့တစ်ယောက် သူမကို ပေးထားသည့် လိမ္မော်သီးကို အခွံသင် အမျှင်ရွေးခြင်းအလုပ် လုံးဝပြီးစီးသွားပြီဖြို့ အလယ်တည့်တည့် ထက်ခြမ်းခြမ်းလိုက်ကာ ငြိမ်းတို့ဆီ လျှောက်လာပြီးမှ ကိုကို့ကိုကမ်းပေးကာ ပြောလိုက်၏။

"ဆရာ....ရော့ စားပါဦး"

"ဟင်...."

ရုတ်တရက်မို့ ကိုကိုရော ငြိမ်းပါ ကြောင်တက်တက်လေး ဖြစ်နေမိကြ၏။





ငြိမ်းမှာ အခွံနွှာနေရင်းမှ တန့်ခနဲပင် ရပ်သွားမိသည်အထိ ဆွေ့ အမူအရာကို အငေးသား လှမ်းကြည့်မိရသည် အထိပင် ဖြစ်နေလေတော့၏။

သို့သော် ကိုကိုက အကင်းပါစွာ တုံ့ပြန်လိုက်လေသည်။

"စားပါ မခင်ဆွေ့သက်၊ ခင်ဗျားပဲ စားပါ၊ ကိုယ်တို့အတွက် ဒီမှာ ရှိပြီးသားပါ"

"အို....ဆရာကလဲ ဆွေ့က စားဦးစားဖျားဆိုပြီး ဆရာ့ကို တမင်ကျွေးချင်တဲ့ စေတနာနဲ့ သေးသေးစားစား ကျွေးတာကို မငြင်းသင့်ပါဘူးနော်၊ ရော့....ယူပါ ဆရာ၊ စားစမ်းပါ.... အဟင်းဟင်း"

"ဟင်...."

ငြိမ်းရင်ထဲ ထင့်ခနဲ ဖြစ်သွားရပါတော့၏။

ဆွေ့ဟာ ဘယ်လိုပါလိမ့်။

အတင်းရော အခမ့်ပါ ရဲဘင်းလွှဲချည်လား။

ကိုကိုနဲ့ ငြိမ်းတို့ ခုနလေးတင်က ကြည်ကြည်နူးနူးလေး အပြန်အလှန် ပြောနေကြသော စကားများကို သူမ မကြားဘဲ နေမည် မဟုတ်ပါ။

ဒါတောင်မှ အတင်းအကျပ် လာရောက် ပူးကပ်နေသည့် သဘောက သူမ ပြောသလို လေးစားမှုကြောင့် ဟူ၍ပင် ဖြစ်ပါစေဟု ငြိမ်း ကျိတ်၍ဆုတောင်းနေမိ၏။

ကိုကို့ကို ငြိမ်း မသိမသာ ကြည့်မိတော့ ကိုကို့ မျက်နှာတစ်ခုလုံး အလိုမကျမှုဖြင့် တင်းနေလေပြီ။

ငြိမ်း နားလည်ပါသည်။

ငြိမ်းကြောင့်သာ ကိုကို ဆွေ့အပေါ် တင်းတင်းပြတ်ပြတ် မပြောလိုက်ခြင်းဖြစ်သည် ဟူ၍ပင်။

ငြိမ်းကိုလည်း ကိုကို ဖျတ်ခနဲ ဝေ့ကြည့်လိုက်ပြီးမှ ဆွေ့ဘက် လှည့်ကာ ပြုံး၍ပြောလိုက်၏။

"မလိုပါဘူးလို့ ကိုယ်ထင်ပါတယ် မခင်ဆွေသက်"

"ဟင်...."

ဆွေ့မျက်နှာ ကွက်ခနဲ ပျက်သွားပါတော့၏။

သြော်....ဆွေ ရှက်သွားပါမည်။

ထိုအခါကျတော့လည်း ငြိမ်းမှာ ဘာရယ်မဟုတ်ဘဲ ဆွေ့ကို အားနာသွားရပြန်၏။

ကိုကိုက ဆက်ပြောလေသည်။

"မလိုပါဘူးလို့ ကိုယ် ပြောရတာကလဲ အဲဒီ လိမ္မော်သီးဟာ ကိုယ်ဝယ်လာတဲ့ ကိုယ့် လိမ္မော်သီးပဲလေ၊ ငြိမ်းအတွက် ရည်ရွယ်ပြီး ဝယ်လာတာဆိုရင် ပိုပြီးအတိအကျမှန်လိမ့်မယ်၊ ငြိမ်းကနေတစ်ဆင့် မခင်ဆွေသက်ကို ပေးလိုက်တာဟာ ငြိမ်းက သူ့သူငယ်ချင်းတစ်ယောက်ကို စားစေချင်လို့ ပေးလိုက်တာလို့ပဲ ကိုယ် ယူဆထားပြီးသား၊ စားဦးစားဖျားဆိုပြီး လေးလေးစားစား ကျွေးတယ်ဆိုရအောင် မခင်ဆွေသက် ဝယ်လာတဲ့ အသီးမှမဟုတ်တာဗျာ၊ ရယ်စရာဖြစ်နေပြီ....အဟင်း"

"ဘာပဲဖြစ်ဖြစ်ပေါ့ ဆရာရယ်၊ ငြိမ်းက ဆွေ့ကို ပေးလိုက်တော့ ဆွေ့ပစ္စည်း ဖြစ်သွားပြီလေ မဟုတ်ဘူးလား၊ ဆွေ စေတနာရှိတဲ့လူကို ကျွေးချင်စိတ်လေး ပေါ်ပေါက်မိတာ





ဟာ အပြစ်လားဟင်၊ ပြီးတော့လဲ ဆရာနဲ့ ဆွေဟာ သူစိမ်းသက်သက်မှ မဟုတ်တာ"

"ကဲဒါ ခင်ဗျား မှားနေပြီ"

"ရှင်"

"ကိုယ့်စိတ်ထဲမှာ စားစရာတစ်ခုကို ကိုယ့်ချစ်သူရဲ့ လက်နဲ့ ကိုယ်တိုင်နွှာပြီးမှ ကျွေးတာကိုစားချင်လို့ ငြိမ်းနဲ့မှ တစ်ဝက်စီ စားမယ်လို့ပြောတာ ခင်ဗျား မကြားလိုက်ဘူးထင်တယ်"

ကိုကို့စကားကြောင့် ဆွေ့မျက်နှာ ကွက်ခနဲ ပျက်သွားပြီးမှ ချာခနဲ လှည့်ထွက်သွားကာ တဘွတ်ဘွတ် ပြောသွားပါတော့၏။

"ဟွန်း....ကြားတယ် ကြားတယ်၊ တကတဲ ဖြစ်နေလိုက်တာ၊ ဆွေ့လက်က နူနေတာကျနေတာပဲ"

အတော်လှမ်းလှမ်းရောက်သွားသော ဆွေ့ကို ကြည့်ကာ ငြိမ်း သက်ပြင်းမသိမသာချမိပြီးမှ စိတ်မကောင်းစွာ ပြောလိုက်မိ၏။

"သူ စိတ်ဖြစ်သွားပြီ ကိုကို"

"ဖြစ်ပါစေလေ၊ ဒါမှအေးမှာ၊ သူ့အပြုအမူတွေကို ကိုကိုမကြိုက်တာ ငြိမ်းရာ၊ ငြိမ်းနဲ့စားဖို့ ပြင်ဆင်နေမှန်းသိလျက်နဲ့ တမင် ဖင်နှောက်တာ ငြိမ်း သိသားပဲကွာ"

"အင်း....ဆွေ တစ်ယောက်နဲ့တော့ ခက်တာပဲ"

✻

# အခန်း(၁၅)

တောင်ထိပ်ရောက်တော့ ညဉ့်ရှစ်နာရီခန့် ရှိနေပါပြီ။

စေတီတော်မြတ်ကို ပူဇော်ထွန်းညှိထားသော မီးပဒေသာများဖြင့် သပ္ပာယ်ကြည်ညိုဖွယ်ရာ ရင်အေးစွာ ဖူးမြော်လိုက်ရချိန်မှာ မောပန်းနွမ်းနယ်ခဲ့သမျှတွေ ကွယ်ပျောက်သွားရပါလေ၏။

ငြိမ်းထက် ရင်ပြင်တော်ပေါ် အရင်ရောက်နှင့်နေသော ဆွေတစ်ယောက် ဘုရားရှိခိုးနေတာကို တွေ့ရ၏။

ဘုရားဖူးများဖြင့် စည်ကားနေသော ရင်ပြင်တော်တစ်ဝိုက်တွင် လူတွေ ဟိုတစ်စု သည်တစ်စု ကိုယ့်အုပ်စုလေးနှင့်ကိုယ် ရှိနေကြလေ၏။

တည်းခိုဆောင်ရောက်သည်အထိ ဆွေမှာ ငြိမ်းကို စကား ဟဟ မပြောသေးချေ။

ငြိမ်းမှာသာ ဆွေ အနေခက်နေမည်စိုး၍ စကားပြော လိုက်ရ၏။

"ဆွေ စိတ်ဆိုးနေလားဟင်"

"အဟင်း...."

ငြိမ်း စကားကို မဲ့မဲ့လေးပြုံးကာ ဆွေက ငြိမ်းကိုမကြည့်ဘဲ အဝတ်အစားလဲရန် ယူထုတ်နေရင်းမှ ပြောလိုက်၏။

"ငြိမ်း စဉ်းစားကြည့်ပါလားကွာ၊ ဆရာဟာ ဆွေကို လုံးဝ အသိအမှတ်ပြု အလေးမထားဘူးဆိုတဲ့ သဘောပဲ မဟုတ်လား ငြိမ်း"

"ကိုကို့ အကြောင်းလဲ ဆွေ သိသားနဲ့ကွယ်၊ ကိုကိုဟာ အဲသလိုပဲ နေတတ် ပြောတတ်တဲ့ လူတစ်ယောက်ပဲ ဆွေရယ်"

"ဒီမယ်....ငြိမ်း"

"ဟင်...."

"ဆွေ ပွင့်ပွင့်လင်းလင်းပြောရမလား"

"ဟင်....ဘာလဲ ဆွေ၊ ပြောလေ"

"ဆရာ့ကိုတော့ ပြန်မပြောနဲ့ကွာ"

"အင်းပါ....ပြောပါဦး ဆွေ"





"ဆွေ စိတ်ထဲမှာ ဆရာ့ကို နည်းနည်းလေးမှ မကျေနပ်ဘူး၊ သိလား"

"ဟင်...."

"အဟင်း....ဟင်း....ငြိမ်း အံ့သြနေသလား"

"ဆွေရယ်...."

"အလုပ်သမားတစ်ယောက်က အလုပ်ရှင်အပေါ် မကျေနပ်လဲ ဘာမှ တတ်နိုင်တာ မဟုတ်ဘူးလေ ငြိမ်းရဲ့၊ ဆရာ အတွေးတော်တော်ခေါင်သေးတာပဲ"

"ဟင်....ဘယ်လို....ဆွေ"

"ဆွေကို ဆက်ဆံလိုက်တဲ့ ဆရာ့ ပုံစံက ဆွေကပဲ သူ့ကို အတင်းလိုက်ကြိုက်နေလို့ တူးတူးခါးခါးကြီးကို ဖြစ်နေတဲ့ပုံပဲ ငြိမ်းရဲ့"

"အို...."

ပွင့်လင်းလွန်းသော ဆွေ စကားကြောင့် ငြိမ်းပင် ဒိန်းခနဲ ဖြစ်သွားရလေတော့၏။

ဆွေက ဘာကိုမှ အမှုမထားဟန်ဖြင့် ဆက်ပြောနေလေသည်။

"ဟုတ်တယ် ငြိမ်းရဲ့၊ ဆွေက အသိဉာဏ်မဲ့နေတဲ့ မိန်းကလေးတစ်ယောက်မှ မဟုတ်တာ၊ ကိုယ့်သူငယ်ချင်းရဲ့ ချစ်သူ

တစ်ယောက်၊ ပြီးတော့လဲ ကိုယ့်အလုပ်ရှင်ဖြစ်နေကဲ့ လူတစ်ယောက်ကို မိုက်မိုက်မဲမဲလိုက်ပြီး ကြိုက်နေရလောက်အောင် ဆွေ မရူးသေးပါဘူး ငြိမ်းရာ"

ငြိမ်း အနေရခက်လာလေ၏။

ဆွေ့ကို ဘာပြန်ပြောရမှန်းပင် မသိတော့။ တစ်ခုခုတော့ ပြောသင့်နေတာကို ငြိမ်း နားလည်နေပါ၏။

သို့သော် ငြိမ်း နှုတ်ဖျားက ဘာစကားတစ်ခွန်းမှ မထွက်လာနိုင်အောင် ဆွံ့အနေရလေ၏။

"ရှင်းရှင်းပြောရရင်တော့ ဆရာ့ကို ဆွေကသာ စိတ်ဝင်စားမယ်ဆိုရင် ဘာမှ ခက်ခဲတဲ့ အလုပ်မဟုတ်ဘူးဆိုတာ ဆရာ နားမလည်သေးလို့ဘဲ ငြိမ်း သိလား"

"အို...."

ငြိမ်း မျက်နှာတစ်ခုလုံး ခဖွားခနဲ ဖြစ်သွား၏။

ဆွေ့ကို ပြူးကြောင်ကြောင်လေး ကြည့်နေမိတာတောင်မှ ဆွေ့ကို မမြင်နိုင်ဘဲ ရှိနေရလေ၏။

ဆွေက မခိုးမခန့်လေးပြုံးလိုက်ပြီးမှ....

"အဟွန်း....ဟွန်း.... စကားအဆိုတောင် ရှိခဲ့သေးတာပဲ ငြိမ်းရယ်၊ မိန်းမဖျက်ရင် ပြည်တောင်ပျက်နိုင်သေးတာပဲ လေ"





"ဆွေ...."

တုန်ယင်စွာ ငြိမ်း မျက်နှာအပျက်ပျက်နှင့် ခေါ်လိုက်တာကို ဆွေက ခေါင်းလေး အသာလေးယမ်းလိုက်ပြီးမှ ပြောလိုက်၏။

"ဘာမှ မစိုးရိမ်ပါနဲ့ ငြိမ်းရာ.... ဆွေ ဘာမှ မလုပ်ပါဘူး ကွာ"

"ဟင်း...."

ငြိမ်း သက်ပြင်းလေး မသိမသာကျိတ်ကာချမိရပါတော့၏။

"ငြိမ်းရေ ဆရာပါ ဆွေ ကျေး ဇူး ရှင် တွေ ပဲ ကွာ၊ ပြီးတော့ ဆွေမှာ ချစ်သူရှိနေပြီ ငြိမ်းရဲ့၊ သိလား....အဟင်း"

"ဟဲင်....ဟုတ်လား ဆွေ"

"အင်းပေါ့"

"ဘယ်သူလဲ....ဘယ်ကလဲ ဆွေ ...ဟင်"

"သူနာမည် ကိုမိုးကျော်တဲ့ ငြိမ်းရဲ့"

"ကိုမိုးကျော်"

ငြိမ်း သံယောင်လိုက်ကာ ခေါ်မိရပေမယ့် ဘယ်သူမှန်း မသိသေးချေ။

ဆွေ့အတွက် စိုးရိမ်သွားရစွာ မေးလိုက်မိ၏။

"သူက ဘာအလုပ်လုပ်တာလဲဟင်....ဆွေ"

"ကိုမိုးက ဆွေလိုပဲ ဟိုတယ်တစ်ခုမှာ စာရေးလေ ငြိမ်း"

"ဟင်....ဘယ်ဟိုတယ်လဲ ဆွေ"

"ရတနာထွန်း ဟိုတယ်က"

"သြော်...."

ငြိမ်း သိပါသည်။

ကိုကို ပြောထားဖူး၍ ရတနာထွန်း ဟိုတယ်ပိုင်ရှင်နှင့် ကိုကိုတို့ အဆောက်အအုံဆောက်လုပ်စဉ်ကာလက အတော်လေး အပြိုင်အဆိုင်ဖြစ်ခဲ့ရသည့် အကြောင်းကို ငြိမ်း ကြားဖူးထားပါ၏။

"ကိုမိုးကပြောတာ ငြိမ်းရဲ့"

"ဟင်....ဘာများလဲ ဆွေ"

"ဆွေကို သူတို့ဟိုတယ်မှာ လာလုပ်ပါလားတဲ့လေ"

"သြော်.... ဟုတ်လား၊ ဆွေက ဘယ်လိုပြန်ပြောလိုက်လဲ ဟင်"

"ဆရာ့ကို မသိစေနဲ့နော်....ငြိမ်း"

"အင်းပါ....ဆွေ"

"ငြိမ်းမို့လို့ ဆွေ အစအဆုံးအားလုံးအသိပေးတာပါကွာ"

"ပြောပါ ဆွေ၊ စိတ်ချပါ"





"လခလဲ ပိုပေးမယ်တဲ့လေ....အဟင်း"

"သြော်....ဟုတ်လား"

"ဆွေက သိပ်လှတော့ ဟိုတယ်အတွက် ဧည့်သည်တွေနဲ့ ပြောဆိုဆက်ဆံတဲ့ နေရာတွေမှာ လိမ္မာပါးနပ်မှုလဲ ရှိပြီးသားဆိုတော့ ဘာ ဖြစ် ဖြစ် စီးပွားရေးရှုထောင့်က ကြည့်ရင် အောင်မြင်တယ်ပေါ့ကွာ"

"အင်း...."

"ကိုမိုးကတောင် ဆွေကို သူဘော့စ်နဲ့ တစ်ခါတွေ့ပေးပြီးပြီ ငြိမ်းရဲ၊ သိလား"

"ဟင်...."

"လူကြီးက သဘောကောင်းမယ့်ပုံပါပဲ၊ ဆွေ ဆန္ဒရှိရင် အချိန်မရွေး လာပါတဲ့၊ ငြိမ်း မှာသက် မလျော့တဲ့လစာနဲ့ ချီးမြှင့်ထားမှာပါတဲ့လေ"

"ဒါဖြင့် ဆွေ ဘယ်လိုစဉ်းစားထားလဲဟင်၊ ငြိမ်း တို့ကို ဘာမှအားမနာနဲ့နော် ဆွေ၊ ဆွေ့အတွက် ပိုပေးနိုင်တဲ့ အခြေအနေရှိတယ် ကြားရလို့ ငြိမ်းလဲ ဝမ်းသာပါတယ်၊ ဆွေ ကြိုက်သလိုဆုံးဖြတ်နိုင်ပါတယ်၊ ငြိမ်း ဆွေ့ကို နားလည်ပေးနိုင်တယ် သိလား"

"ခုတော့ ပြီးသွားပါပြီ ငြိမ်းရယ်"

"ဟင်....ဘယ်လိုဆွေ"

"ပြီးသွားပြီလို့"

"ဘာဖြစ်လို့လဲဟင်"

"ဆွေ့ကို ဆရာ လခတိုးပေးလိုက်လို့ပေါ့"

"ဟင်....ဒါဖြင့် ဆွေ လခတိုးပြီးခေါင်းတာ"

"ဟုတ်တယ် ငြိမ်း၊ ပွင့်ပွင့်လင်းလင်းပြောလိုက်ရင် ဆရာ စိတ်ဖြစ်ပြီး မပေးမှာစိုးလို့ တစ်မျိုး လှည့်ပြောရတာလေ တကယ်ဆို အဲသလိုကြောင့်ပါကွာ"

"ဪ....ဆွေရယ်"

ဆွေ လည်ပတ်မှုကို ငြိမ်း မအံ့သြတော့။ မိမိတို့မှာဖြင့် အဟုတ်ထင်လိုက်ရတာ၊ သူမ မိသားစုအတွက် နိုင်သမျှ ထောက်ပံ့ပေးရန်အတွက် စေတနာသန့်သန့်ဖြင့် သက်သက်ပို ပေးခြင်းပါ။

ကိုကိုကပင် ငြိမ်းကို ပြောဖူးသေး၏။

"ဒါ ထိုးစံမဟုတ်ဘူး ငြိမ်း၊ လစာတစ်ထောင်ဟာ တစ် ထောင်ပဲပေါ့၊ သူ မကျေနပ်ရင် မလုပ်ရုံဘဲရှိတယ်လေ၊ကိုကိုက ငြိမ်း ချက်နှာထောက်ပြီး ငါးရာဘာမင်တိုးပေးလိုက်တာငြိမ်း၊ သူက ရလေလိုလေ ဖြစ်လာရင်တော့ တခြားပြောင်းရုံပဲရှိ တော့တယ်"

"ဆွေက သူ့မိဘအတွက် ငွေကြေးအထောက်အပံ့ပြုချင်လို့ ပိုတောင်းတာ ကုသိုလ်ရပါတယ် ကိုကိုရယ်"

ငြိမ်းစကားကြောင့် ကိုကို ပြုံးလိုက်ပြီးမှ....

"ငြိမ်း"

"ရှင်....ကိုကို"

"ငြိမ်းသူငယ်ချင်းက ဘယ်လောက်လည်ပတ် ပါးနပ်မှုရှိ သလဲဆိုတာ ငြိမ်း မသိဘူးသားကွာ"

"ဟင်...."





"အေး....ငြိမ်း စိတ်ကောင်းရှိပုံနဲ့ဆိုရင် မကြာခင်မှာ ငြိမ်း ဆီက သူ ကိုကို့ကို အလှူခံလာရင် ဘယ်လိုလုပ်မလဲ ငြိမ်း"

"အာ....ကိုကိုကလဲ၊ မဟုတ်တာ"

ငြိမ်းပင် ကိုကို့ကျောပြင်ကို ဖွဖွလေးထုမိကာ ရှက်ပြုံး လေးနှင့် ဆိုခဲ့ရသေးဗ ၏။

"ဆွေက အပြီးပေးတာ ငြိမ်းရဲ့၊ ဘယ်လောက်ပေးမှာလဲ လို့လေ"

ဆွေစကားကြောင့် ငြိမ်း ဆွေကို ဖျတ်ခနဲ လှမ်းကြည့် လိုက်၏။

"သောင့်နှစ်ရာ ပေးမယ်တဲ့"

"ဟင်...."

"ယော....ငြိမ်းကတစ်ဆင့် ဆရာ့ကို ပြောတော့ ဆွေ ယောင့်ငါးရာရလိုက်ရော မဟုတ်လား၊ ကိုမိုးသိတော့ ဆွေကို ဆူသေးတယ်လေ"

"ငွေသုံးရာပိုတာများ သူ့ဘော့စ်ကို ခုချက်ချင်း ပြောရင် ရမှာပါဆိုလို့ မနည်းတားဆားရတာ ငြိမ်းရဲ့၊ ဆွေ လောဘ ကြီးတာ လူသိလို့ ဘယ်ကောင်းမလဲနော်၊ အဟင်း.... ပြီး တော့လဲ ဆရာ့အနေနဲ့ ဆွေကို ဒါလောက်လေး ပိုပေးလိုက် ရတဲ့အတွက် ဘာမှ ထိခိုက်မှုရှိသွားမှာ မဟုတ်ဘူးလေ.... နော်....ငြိမ်း"

"ဒါတော့ဒါပေါ့ ဆွေရယ်၊ ကိုကိုက လူမှုရေးကြည့်ပြီး ပေးတာပါ၊ ထိုးစံတော့ ဘယ်ဟုတ်မလဲ"

"အိမ်မာလေး.... သူဌေးတွေကများ၊ ဒါလေးလောက်ကို စကားထဲ ပြောနေသေးတယ်ကွာ၊ အလုပ်ရှင်နဲ့ အလုပ်သမား ဆိုတာ အပြန်အလှန် အကျိုးပြုနေကြတဲ့လူတွေပါ ငြိမ်းရာ"

"ဟုတ်ပါတယ် ဆွေ၊ ငြိမ်းပြောတာက ကိုကို ကူညီတတ်တာကိုပါ"

"အင်းပါ၊ ဆရာ့လိုအလုပ်ရှင်နဲ့ တွေ့ရတာ ဆွေတော့ ကံကောင်းတာလို့ပဲ မှတ်ပါတယ် ငြိမ်းရာ"

"ကျေးဇူးတင်ပါတယ် ဆွေ"

"အို....ကျေးဇူးတင်ရမှာက ဆွေပါနော်၊ ငြိမ်းကလဲ"

"ဒါတော့ ငြိမ်းမသိဘူးလေ၊ ဆွေ ကံကောင်းတယ်လို့ ယူဆတော့ ငြိမ်းစိတ်ထဲ ဝမ်းသာရတာပေါ့၊ မဟုတ်ဘူးလား ဆွေ"

"ဟုတ်ပါတယ် ဟုတ်ပါတယ်၊ ကဲ....အိပ်ကြရအောင်၊ ခရီး ပန်းလို့ ဆွေတော့ နွမ်းနေပြီ"

"မနက်စောစော ဆွမ်းတော်ကပ်မယ်ဟုတ်လား ဆွေ"

"ကပ်မှာပေါ့၊ ဆွေကိုနှိုးနော် ငြိမ်း"

"အင်းပါ"

မနက်လေးနာရီမှာ ငြိမ်းတို့ ဆွမ်းတော်ကပ်ကာ ဘုရား ရှိခိုးကြပါ၏။

ကိုကိုပါ ငြိမ်းတို့နှင့်အတူ ဆွမ်းတော်ကပ်လေသည်။ ဆွေက သူ့ဆွမ်းတော်ဗန်းလေးကို ငြိမ်း၏ဗန်းလေးဘက်မှာမထားဘဲ ကိုကို့ဗန်းလေးဘေးမှာ ပူးကပ်ထားရင်း ပါးစပ်မှပြောလိုက် သေး၏။





"ဆရာ့ဗန်းလေး အလယ်ထားပြီး ဆွေနဲ့ငြိမ်းရဲ့ဗန်းလေး ရံရတဲ့ ကုသိုလ်ကြောင့် ဖြစ်လေရာ ဘဝတိုင်းမှာ ဆရာနဲ့ အနီးကပ်ဆုံးနေရပါလို၏ဘုရားလို့ ဆွေတော့ ဆုတောင်း လိုက်ပြီ....အဟင်း"

ဆွေစကားကြောင့် ငြိမ်းရင်ထဲ ထိတ်ခနဲဖြစ်သွားရကာ ကိုကို့မျက်နှာကို အလျင်စလို လှည့်ကြည့်လိုက်မိ၏။

ထုံးစံအတိုင်း ကိုကို့မျက်နှာ တည်တင်းနေလေပြီ။ ပြီးမှ ကိုကို မဲ့ပြုံးလေး မသိမသာပြုံးလိုက်ရင်း....

"အဟင်း....ဆုတောင်းတိုင်းသာ ပြည့်မယ်ဆိုရင် လူတွေ ဟာ ဘာအလုပ်လုပ်ဖို့ လိုဦးမလဲဗျာ၊ လူတိုင်းဟာ သူ့ကံ တရားနဲ့သူ သူ့ကုသိုလ်နဲ့သူ ဖြစ်လာကြတာ၊ မခင်ဆွေသက်က ပါးမလိုလို့နဲ့ အတော်ထူသေးတာပဲကိုး"

"ဟင်...."

ဆွေမျက်နှာ ကွက်ခနဲပျက်သွားပါတော့၏။ ဘာစောဒကမှ မတက်တော့ပါဘဲနှင့် စောစောက သူမ ဘုရားဝတ်ပြုခဲ့သော နေရာမှာ ချာခနဲသွားထိုင်ကာ ပုတီးတချောက်ချောက် စိပ် နေလေတော့၏။

❋

## အခန်း(၁၆)

"ငြိမ်း"

"ဩော်....ဆွေ လာလေ၊ ဘယ်က လှည့်လာတာလဲဟင်"

"ငြိမ်းဆီပဲ တမင်လာတာပါ"

"ဟုတ်လား ဆွေ၊ ဒါဖြင့် လာထိုင်၊ ကဲ....ပြော၊ ငြိမ်း ဘာကူညီရမလဲ ဆွေ"

"အဟင်း....ဟင်း"

ပခုံးလေးတွန့်ကာ မခိုးမခန့်လေး ရယ်လိုက်ပြီးမှ ဆွေ တစ်ယောက် ငြိမ်းနံဘေးမှာ ဝုန်းခနဲထိုင်ချလိုက်၏။

"ဟင်...."

ငြိမ်း ရင်ထဲ တစ်မျိုးဖြစ်သွားရတော့၏။

ဆွေ ဘာဖြစ်နေတာပါလိမ့်။

ပြီးတော့လည်း ပြင်ဆင်ဝတ်စားထားတာများ အပျိုစားပင်။

အဖွာကောက် ဖွထားသော ဆံပင်ပုံစံ အသစ်လေးနှင့် မျက်နှာပေါ်မှာ ရောင်စုံမိတ်ကပ်များ လှလှပပလိမ်းကာ နီရဲအောင် ဆိုးထားသော နှုတ်ခမ်းဖူးဖူးလေးက ထုံးစံအတိုင်း အလိုမပြည့်ဟန်လေးနှင့် စူထော်ထော်လေး ရှိနေလေတော့၏။

ငြိမ်း မသိမသာ သက်ပြင်းချမိရလေပြီ။

သြော်....ဆွေ့ကို အေးဆေးတည်ငြိမ်စေချင်လှပါသည်။

ဘယ်အချိန်မဆို ဆွေ့ကို တွေ့တိုင်းတွေ့တိုင်းမှာ အပူတစ်ခုခု ဆိုက်စမြဲ ဖြစ်နေရတာကိုပင် ငြိမ်း ရင်မောရလွန်းပါ၏။

ခုလည်း ဘာတွေများ အလိုမပြည့်မှုများ ရှိလာပြန်ပြီမသိပါ။

အပျိုစားလေးဝတ်ဆင်ကာ ငြိမ်းဆီ ရောက်လာဟန်က တစ်ခုခု အပူကပ်တော့မည်ဆိုတာ သေချာလှပါသည်။

"ဆွေ"

"ဟင်...."

"ဘာဖြစ်လာလဲဟင်"

"ဟင့်အင်း...."





စကားဖွာတတ်သော ဆွေတစ်ယောက် နှုတ်ဆိတ်နေမှုကို ငြိမ်း စကားစလိုက်၏။

သို့သော် ဆွေက ဟက်ဟက်ပက်ပက်လေး မပြောသေးပေ။

ငြိမ်း ပြုံးလိုက်၏။

သြော်....ကိုယ်က အိမ်ရှင်ပဲလေ။

ဆွေဟာ အားငယ်တဲ့ ဧည့်သည်တစ်ယောက်မို့ ဆွေ အနေမခက်အောင် ငြိမ်း ဝတ္တရားကျေပွန်ရမည် မဟုတ်ပါလား။

"ဆွေ ထမင်းစားမလားဟင်"

"စားပြီးပါပြီကွာ"

"ဒါဖြင့် ဘာစားချင်လဲ၊ တစ်ခုခုစားပါလား။ ငြိမ်း သွားလုပ်ပေးမယ်လေ၊ နော်....ဆွေ"

"ဟင့်အင်း....မလုပ်ပါနဲ့ ငြိမ်းရာ၊ ဆွေ ဘာမှမစားချင်ဘူး၊ သိလား"

"ရော်.... အဆန်းပါလား၊ ဆွေတစ်ယောက် ဘာတွေဖြစ်နေတာလဲဟင်"

"ငြိမ်း"

"ပြောလေ....ဆွေ၊ ဘာလဲ၊ ဘာများလဲ"

"ကျွတ်....ပြောလို့ကို မလွယ်ဘူးဟာ"

"ဟင်....ဘာ....ဆွေ"

"ပြောမထွက်ဘူးလို့"

"ဘာစကားများလဲဆွေရယ်....ဆန်းလိုက်တာ၊ ဆွေနဲ့ ငြိမ်း တို့က သူစိမ်းတွေလားဟင်၊ ဆွေပြောမှ ငြိမ်း သိတော့မှာ ပေါ့ သူငယ်ချင်းရယ်၊ ကဲ....ပြောစမ်းပါဦး ဆွေ၊ ဘာတွေ များ အခက်အခဲဖြစ်နေတာလဲဟင်"

"အခက်အခဲ"

ငြိမ်း၏ စကားကို သံယောင်လိုက်ပြောပြီးမှ ဆွေ ညည်း ညည်းလေး ပြောလိုက်၏။

"ငြိမ်းရယ်....ဆွေ့အတွက် အခက်အခဲဆိုတဲ့ စကားဟာ မိတ်ဆွေရင်းတစ်ခုလိုဖြစ်နေပြီထင်တယ်နော်"

"ဟင်...."

"ဟုတ်တယ်လေ၊ ခုပဲ ကြည့်ပါလား၊ ဆွေ ငြိမ်းဆီကို ရောက်လာတာဟာ အခက်အခဲတစ်ခုခုရှိလို့ အကူအညီလိုချင် လို့ ရောက်လာတာပဲလို့ ငြိမ်း ယူဆထားတယ် မဟုတ်လား"

"အို....ဆွေ၊ ငြိမ်း ရိုးရိုးသားသားပဲ ပြောတာပါ သူငယ် ချင်း၊ မှားနေလားဟင်၊ ငြိမ်း စကားမှားသွားရင် ခွင့်လွှတ်ပါ ဆွေရယ်နော်"

"မမှားပါဘူး ငြိမ်းရဲ့"

"ဒြော်...."





"ပြည့်စုံမှုဆိုတဲ့ စကားဟာ ဆွေ့အတွက် လုံးဝမဟုတ်ဘူး နော်....ငြိမ်း"

"ဆွေရယ်....ဒီလိုထင်ရင် မှားမှာပေါ့"

"ဘယ်လို....ငြိမ်း"

"ပြည့်စုံတယ် မပြည့်စုံဘူးဆိုတာ ကိုယ့်ရဲ့ ကံတရားအပေါ် မှာ တည်နေတယ်မဟုတ်လား ဆွေ"

"ဆိုစမ်းပါဦး ငြိမ်းရယ်"

"ကြီးကြီးကျယ်ကျယ်တော့ ငြိမ်း မပြောတတ်ပါဘူး ဆွေ ရယ်၊ လူကြီးတွေပြောသံ ကြားဖူးတာပါ"

"အင်း....ဘာတဲ့လဲ"

"လူတွေဟာ သူ့ကံတရားနဲ့ သူ လာတာတဲ့"

"အင်း...."

"တစ်ယောက်နဲ့တစ်ယောက် ကု သိုလ် ချင်း မ တူ ကြ လို့ အကျိုးပေးချင်းလဲ မတူကြဘူးပေါ့ ဆွေရယ်"

"ဪ....ဪ....ဒါဖြင့် အခု ဆွေနဲ့ ငြိမ်းက ကံတရား ချင်း မတူကြလို့ ကုသိုလ်အကျိုးပေးချင်းလဲ မတူကြဘူးပေါ့၊ ဟုတ်လား ငြိမ်း"

"ဒါပေမယ့် တစ်ခုတော့ရှိတယ် ဆွေရဲ့"

"ဘာများလဲ"

"လူတိုင်းဟာ ကိုယ့်ကံကြမ္မာကို ကိုယ် ကြိုပြီးမသိနိုင်ကြ
ဘူးလေ"

"အင်း...."

"ဒီနေ့ ဆင်းရဲနေတဲ့ လူတစ်ယောက်ဟာ မနက်ဖြန်မှာ
ထီပေါက်ပြီး သူဌေးဖြစ်ချင်လဲ ဖြစ်သွားတတ်တာပဲ ဆွေရဲ့"

"အဲဒါက တစ်ထောင်မှာ တစ်ယောက်လောက်ပါ ငြိမ်း
ရာ၊ ဆွေတော့လေ ငြိမ်းလို ဘဝမျိုးကို သိပ်အားကျတာ
သိလား"

"ဟင်...."

"လောကမှာ စားဝတ်နေရေးအတွက် ဘာတစ်ခုမှ မပူ
မပင်နေရတဲ့ ငြိမ်းရဲ့ ကုသိုလ်မျိုး ဆွေ ဒီဘဝမှာ ရနိုင်ပါ့မလား
ဟင်"

"ဩော်....ဆွေရယ်၊ ဘာလို့မရနိုင်ရမှာလဲ၊ ကုသိုလ်ရှိရင်
အကျိုးပေးမှုဆိုတာက အလိုလိုဖြစ်လာတာပဲ"

"ဆွေက အခုကို လိုချင်တာ ငြိမ်းရဲ့"

"ဆွေကို ငြိမ်း တစ်ခုမေးမယ်နော်"

"ဘာလဲ....ငြိမ်း"

"ဆွေ ဘုရားကို မှန်မှန်ရှိခိုးတယ် မဟုတ်လားဟင်"





"ဟင့်အင်း....ငြိမ်း၊ တစ်ခါတလေ တစ်ပတ်လောက်ကြာ
တာတောင်မှ ဘုရားကို ဦးတစ်ကြိမ်မချမိတာမျိုးလဲ ရှိတာပဲ
လေ....အဟင်း"

"ဆွေရယ်.... ဆွေဟာ ဗုဒ္ဓ ဘာ သာ မိန်း က လေး တစ်
ယောက်ပဲ၊ ကိုယ် ကိုးကွယ်တဲ့ ဘာသာတရားအပေါ်မှာ
လေးစားမှုတော့ ထားသင့်တယ်လို့ ငြိမ်းထင်တယ်၊ သိလား"

"ဟာ....ပျင်းတယ် ငြိမ်းရဲ့၊ ပြီးတော့ အိပ်ငိုက်တယ်"

"အဲဒါ ဆွေ မှားနေပြီ"

"ဟင်...."

"ဆွေက ချမ်းသာချင်တယ်လဲ ပြောနေသေးတယ်၊ ချမ်း
သာဖို့အလုပ်ကျ မလုပ်ချင်ဘူးဆိုတော့ ဖြစ်လာဦးမလားလို့"

"ဟင်....ဘာပြောတယ် ငြိမ်း၊ ဘုရားရှိခိုးရင် တကယ်
ချမ်းသာမှာလား၊ ဟုတ်လား"

"အတိအကျမဟုတ်တောင်မှ တစ်စိတ်တစ်ဒေသချမ်းသာမှု
ရလိမ့်မယ်ဆိုတာ ငြိမ်း ပြောခဲ့တယ်၊ သိလား ဆွေ"

"ဘယ်လို...."

"အနည်းဆုံးတော့ ဆွေရယ်....ဆွေ ရင်ထဲမှာ ဘောက်
လောင်နေတဲ့ ပူပင်သောက အလိုမကျနေမှုတွေကို ဖြေဖျောက်မှု
ပေးနိုင်လိမ့်မယ်လို့ ငြိမ်း ထင်တယ်လေ၊ ဖေဖေနဲ့ မေမေတို့
မကြာခဏပြောတတ်တဲ့ စကားတစ်ခွန်းလိုပေါ့ ဆွေ"

"ဘာစကားလဲ ငြိမ်း"

"အကြောင်းရှိမှ အကျိုးဆိုတာ ရှိတယ်တဲ့၊ လက်ရှိအနေ အထားမှာ ကိုယ် ခံစားနေရတဲ့ သုခ ဒုက္ခတွေမှန်သမျှ အရင် က ကိုယ် ပြုသားခဲ့ဖူးတဲ့ အကြောင်းတရားအပေါ် အခြေ ပြီး အကျိုးပေးကြတာတဲ့လေ၊ ကောင်းတာပြုခဲ့ရင် ကောင်း တာဖြစ်ပြီး မကောင်းတာပြုထားရင် မကောင်းတဲ့အကျိုးတွေ ခံစားရတတ်တာမျိုးပေါ့"

"ဒါဖြင့် အခု ဆွေ အဖြစ်က မကောင်းတာတွေပြုသားခဲ့ လို့ပေါ့၊ ဟုတ်လား ငြိမ်း"

"အင်းလေ....ကုသိုလ်နဲ့ အကုသိုလ်ဆိုတာ"

"ဟာ....တော်စမ်းပါ ငြိမ်းရာ"

"ဟင်...."

"အဲဒါတွေ ဆွေ နားမထောင်ချင်ဘူး၊ သိလား၊ အဟင်း.... ငြိမ်းက ပြောမှာပေါ့၊ ငြိမ်းမှာ ဘာအပူအပင် ဘာသောကမှ မရှိတာ၊ အစစ အားလုံးလိုတရပြည့်စုံနေတာ၊ အေးအေး တည်ငြိမ်နိုင်တာ ဆာမှ မဆန်းဘူး"

"ဆန်းတာပေါ့ ဆွေရယ်"

"ဟင်...."

"လူတိုင်းမှာ ဆန္ဒဆိုတာ ရှိစမြဲပဲလေ၊ ဆန္ဒရဲ့ နောက်မှာ လောဘဆိုတာ အလိုလိုကပ်လာပြီးသားပဲ"

"အင်း...."





"ကိုယ့်ဆန္ဒတွေဟာ ဖြစ်သင့်ဖြစ်ထိုက်တဲ့ ဆန္ဒပဲလားဆို တာ ပိုင်းခြားသိမြင်နိုင်စွမ်းတော့ ရှိရမှာပေါ့ ဆွေရယ်"

"ဟင့်အင်း.... ငြိမ်း၊ ဆွေတော့ ဖြစ်ချင်တာကို ဖြစ်ရဖို့ လောက်ပဲ ဆန္ဒပြင်းပြမိတယ် သိလား"

"မဖြစ်လာရင် ဆွေပဲ စိတ်ဆင်းရဲရမယ် မဟုတ်လား"

"ဖြစ်အောင် လုပ်ကြည့်ချင်တဲ့ စိတ်တော့ အမြဲရှိတယ် ငြိမ်းရဲ့"

"ဒါတော့ ဆွေ့သဘောပဲလေ၊ ငြိမ်းက ဆွေ့ကို ခင်လို့ ပြောတာပါ"

"အင်းပါ.... ဆွေ နားလည်ပါတယ်"

"ဝမ်းသာပါတယ် ဆွေရယ်"

"ငြိမ်း"

"ဟင်...."

"ဆွေ လာရင်းကိစ္စကိုတောင် မပြောရသေးဘူး"

"ပြောလေ ဆွေ"

"ဆွေ့ကို ငွေတစ်သောင်းလောက် ချေးပါ ငြိမ်းရယ် နော်"

"ဟင်....တစ်သောင်း ဟုတ်လား ဆွေ"

"ဟုတ်တယ်"

"များလှချည်လား ဆွေ"

"အံမယ်လေး....ငြိမ်းရယ် ဆွေ့ ရယ်ချင်အောင် မျက်လုံး ပြူးပြမနေစမ်းပါနဲ့၊ ငွေတစ်သောင်းဆိုတာ ငြိမ်းတို့အတွက် မဖြစ်စလောက် ငွေလေးပါကွာ"

"မဟုတ်တာ ဆွေ့ရယ်၊ ငြိမ်းမှာ မုန့်ဖိုးလောက်ပဲရှိတာ၊ အဲသလို အများကြီး မရှိပါဘူး၊ ဆွေ့ကကော ဒီငွေတွေကို ဘာလုပ်မလို့လဲဟင်"

"သုံးဖို့ပေါ့ ငြိမ်းကလဲ"

"သုံးဖို့"

"ဟုတ်တယ်၊ ခုတလော ကိုမိုးက ဆွေ့ထက် အပျိုစား ဝတ်နိုင်တဲ့ တစ်ယောက်နဲ့ တွဲနေတာ မခံချင်လွန်းလို့"

"ဟင်....ဖြစ်ရလေ ဆွေ့ရယ်၊ အဲ့ဒါ ပြိုင်စရာလား၊ သူ့ လမ်း သူသွားပစေပေါ့"

"ဟင့်အင်း.... ငြိမ်းရာ၊ ဆွေ့ကို အဲသလို ကျောတာမျိုး လုံးဝ မခံနိုင်ဘူး၊ တစ်ခုခု တုံ့ပြန်ချင်တယ်"

"မလုပ်ပါနဲ့ ဆွေ့ရယ် မကောင်းပါဘူး၊ ဆွေ့လူက မိန်း ကလေး တစ်ယောက်ကို အပေါ်ယံအမြင်နဲ့ ဆုံးဖြတ်တတ် ရင်လဲ လေးစားစရာ ဘယ်ဖြစ်တော့မှာလဲကွာ"

"ဒီမယ် ငြိမ်း၊ ဆွေ့ ဆုံးဖြတ်ပြီးပြီ"

"ဟင်...."

"ဆွေ့ကို ငွေတစ်သောင်းပဲ ချေးပါကွာ"

"မရှိပါဘူး ဆွေ့ရယ်"

"ငြိမ်း ကိုကို့မှာ ပြောပေးပါလား"

"ဟာ....မဖြစ်ပါဘူး၊ ကိုကို ဘယ်ကြိုက်မလဲ"





"ငြိမ်းကို သိပ်ချစ်တယ်ဆို"

"အဲဒါနဲ့ ဘာဆိုင်လို့လဲ ဆွေ့ရယ်"

"အိုး....ငြိမ်း ပူဆာရင် အလိုလိုက်ရမှာပေါ့"

"ဟင့်အင်း....ငြိမ်းမှ အဲသလို မပူဆာချင်တာ"

"ကောင်းပြီလေ၊ ဆွေ့ သွားတော့မယ်"

"ငြိမ်းကို စိတ်ဆိုးလား ဆွေ့"

"အဟင်း....မဆိုးပါဘူး ဆွေ့၊ နောက်ထပ် အကြံတစ်ခု ထုတ်ကြည့်ရဦးမှာပေါ့ ငြိမ်းရယ်၊ ဆွေ့က လုပ်မယ်လို့ဆုံးဖြတ် ထားတဲ့ ကိစ္စတစ်ခုကို လုပ်ကိုလုပ်ရမှ ကျေနပ်နိုင်တာလေ၊ ကဲ....သွားမယ် ငြိမ်း"

"ကြော်....ဆွေ့ရယ်"

❋

# အခန်း(၁၇)

"ဆရာ...ဆွေ့ကို ဝင်ခွင့်ပြုပါနော်"

အသံကြောင့် စာရင်းဇယားများကို ငုံ့ကာကြည့်နေသော ရန်နောင် ခေါင်းဆတ်ခနဲ ထောင်သွားရ၏။

"ဟင်...."

ဆင်နှားရှက် တံခါးလေးကို အသာတွန်းကာ ဝင်ခွင့် တောင်းနေသူ ခင်ဆွေသက်ကို မြင်လိုက်ရသဖြင့် စိတ်မှာ ချက်ချင်း အနှောင့်အယှက်လေးတစ်ခု ဖြစ်သွားရပါတော့၏။

သည်အမျိုးသမီး ဘာပြဿနာလုပ်လာပြန်ပါလိမ့် ဟူသော အတွေးဖြင့် မျက်မှောင်ပင် မသိမသာလေး ကြုတ်သွားရလေတော့သည်။

"ဝင်ခွင့်ပြုပါနော် ဆရာ"

ဒုတိယအကြိမ် ပြုံးပြုံးလေးပြောလိုက်သော ခင်ဆွေသက်၏ စကားကြောင့် သူမှာ ချက်ချင်း ဣန္ဒြေဆောင်လိုက်ရကာ ပုံမှန်လေး ပြောလိုက်ရ၏။

"ဩော်.... လာလေ ထိုင်၊ ကိစ္စကိုလဲ ပြောပေါ့ ဟုတ်လား"

"[illegible]"

[illegible] င်ဆွေသက်မှာ မျက်နှာလေး ပို၍ ပြုံးသွားရ[illegible] ၁ ခြေလှမ်းလေးများဖြင့် သူ စားပွဲရှေ့ ကုလာ[illegible] ်လုံးမှာ အသာဝင်ထိုင်လိုက်လေ၏။

ခုမှပင် ဆွေ[illegible]ည်း [illegible]က်ကို ဝဝလေး ရှုမိရတော့၏။

ဆရာဦးရန်နောင်၏ မိဘ်ခါဘ်ကို ဆွေ သိနေသည်မဟုတ်ပါလား။

ဆရာက တည်ကြည်ပြတ်သား၍ မည်သူ့ အပေါ်မှာမဆို မထောက်မညှာ ရှင်းရှင်းလင်းလင်း ပြောတတ်ပါဘိသနဲ့။

အကယ်၍ ဆွေ့ကို အော်ငေါက်ကာ ဟောက်လွှတ်မည် ဆိုပါလျှင် ဆွေ့အနေဖြင့် ဘာမှမတတ်နိုင်ပါ။

ရင်တထိတ်ထိတ်နှင့် အရဲကိုးကာ ကြိုးစားလိုက်သော ဆွေ့ အဖို့ ပဏာမအဆင့် အောင်မြင်သွားပြီဟူ၍ ဆိုရပေသိမ့်မည်။





ထို့ကြောင့်လည်း မျက်နှာကို အချိုဆုံးဖြစ်အောင် ပြုံးပြုံး လေးထားကာ ဆွေ့မှာ တစ်ဆင့်တက်ရပြန်တော့၏။

"ကျေးဇူးတင်လိုက်တာ ဆရာရယ်"

"ဟင်...."

ပင်ကိုကြုတ်ထားသော မျက်မှောင်နှစ်ခုစလုံး ပို၍ကုတ် သွားလောက်အောင် ရန်နောင့်စိတ်ထဲ ဘဝင်မကျ ဖြစ်သွား ရကာ စိတ်မရှည်ဟန်ဖြင့် ခပ်ဆတ်ဆတ်လေး မေးလိုက်၏။

"ကဲ.... ခင်ဗျား လာရင်းကိစ္စက[illegible] အလုပ်တွေရှိနေတယ်၊ မအားဘူးဗျ[illegible]ကမ်း ကို ခင်ဗျားလဲ နားလည်တားပြီ[illegible] အပို ပြောမှု လုပ်မှုတွေကို ဘာမှ ခွင့်မပြု[illegible] ခင်ဗျားကို လက်ခံလိုက်တာဟာလဲ ခင်ဗျား[illegible]ချင်း ဖြစ် နေလို့ပဲ မခင်ဆွေသက်"

"အို...."

ခင်ဆွေသက်မျက်နှာ မသိမသာ ပျက်သွားရတော့၏။

သူမ လာရင်းကိစ္စအတွက် ရန်နောင်က မလိုအပ်ဘဲ အပို ပြောမှု လုပ်မှုဟူ၍ ပြောလိုက်ခြင်းပင် မဟုတ်ပါလား။

သို့သော်လည်း ခင်ဆွေသက်ပဲလေ။

ဒါလောက်လေး ပြောရုံနှင့်တော့ မဖြုံသေးပါချေ။

ပျက်သွားသော မျက်နှာအမူအရာကို ချက်ချင်း ဆိုသလို အပြုံးနှင့် ဖုံးကွယ်လိုက်ကာ ဆက်ပြောလေသည်။

"ဟုတ်ပါတယ် ဆရာ၊ ဆွေ နားလည်ပါတယ်၊ ဆရာ့ အချိန်တွေကို ဆွေ ခုလို အနှောင့်အယှက်ပေးသလို ဖြစ်သွားတာကိုလဲ ဆွေ တောင်းပန်ပါတယ်၊ ဆွေလေ ငြိမ်းရဲ့မျက်နှာကြောင့်သာ ဆရာ ခုလို လက်ခံစကားပြောတာကိုလဲ သဘောပေါက်ပြီးသားပါ၊ အဲဒီအတွက် ကျေးဇူးတင်လိုက်တာလို့ ဆွေ ပြောတာပါ ဆရာ"

"ကဲ....ကဲ....ခင်ဗျားပြောနေတာနဲ့ပဲ အချိန်တွေ အတော်လေး ကြာသွားပြီဗျာ၊ လိုရင်းကိုပဲ ပြောပါ မခင်ဆွေသက်"

"ဆွေ ဆရာ့ဆီက အကူအညီတစ်ခုလောက် တောင်းချင်လို့ပါ ဆရာ"

"အကူအညီ ဟုတ်လား"

"ဟုတ်ပါတယ် ဆရာ၊ ဆွေ့မှာ ဆရာနဲ့ ငြိမ်းတို့က လွဲပြီး တခြား ဘယ်သူ့ကိုမှ အားကိုးစရာမရှိပါဘူး ဆရာရယ်"

"ခင်ဗျားသိုတဲ့ အကူအညီက ဘာလဲ"

"ငွေတစ်သောင်းလောက်ပါ ဆရာ"

"ဘာအတွက်လဲ"

"ဟို....ဆွေ ကိုယ်ရေးကိုယ်တာပါ ဆရာ"

"ဒါဖြင့် ခင်ဗျား ငြိမ်းဆီ သွားပြောပါလား"





"ပြောပြီးပါပြီ ဆရာရယ်"

"ဟင်...."

ရန်နောင် ဒက်ခနဲ သဘောပေါက်လိုက်ပါပြီတည်း။

ငြိမ်းဆီမှ မရခဲ့သဖြင့် သူ့ထံရောက်လာခြင်းပါလား။

ငွေတစ်သောင်းဆိုတာ ငြိမ်းမှာ မရှိဘဲမနေပါ။

ငြိမ်း မပေးချင်၍သာ သူမ မရခဲ့ခြင်းပင် ဖြစ်လိမ့်မည်။

ငြိမ်းက အစစအရာရာ သူ့အပေါ် ဖြူစင် ရိုးသားစွာ ဖွင့်ဟတိုင်ပင် ပြောဆိုတတ်သဖြင့် သူမအပေါ် ငြိမ်း ဘယ်မျှအထိ ကြည့်ရှုကူညီခဲ့ကြောင်းကို ရန်နောင် အသေးစိတ်သိနေလေသည်။

အသေးအမွှား ကိစ္စများအစ ငွေကြေးပမာဏ အနည်းများအလိုက် ခင်ဆွေသက်တစ်ယောက် ငြိမ်းဆီမှာ လက်ဖြန့် ရယူခဲ့တာ အကြိမ်ပေါင်း မနည်းပါပြီ။

အယူသာရှိ၍ ပြန်ဆပ်ခြင်းဆိုတာ တစ်ခါမှပင် မကြားဖူးသေးပါ။

ငြိမ်းကိုပင် သူ ခဏခဏ သတိပေးနေရသေး၏။

ငြိမ်း၏ သဘောထားဖြူစင်မှု ကူညီတတ်မှုအပေါ် ခင်ဆွေသက် ပိုင်ပိုင်အသုံးချကာ ရယူခဲ့ပေါင်းမနည်းပြီမို့ ခုတော့ ငြိမ်းလည်း ဆင်ခြင်လိုက်ပြီ ထင်ပါသည်။

"ငြိမ်းက ဘာပြောလိုက်လို့လဲ"

"မရှိဘူးတဲ့ ဆရာရယ်"

"ဩော်....ဟုတ်လား"

"အလကား၊ သူညာတာ ဆရာ၊ ဆွေ သိတာပေါ့"

ခင်ဆွေသက်က မကျေမနပ်ဟန်လေးနှင့် ပြောလာသဖြင့် သူ ထောင်းခနဲဖြစ်သွားရကာ....

"ခင်ဗျားက ဘာကိုသိတာလဲ"

"ငြိမ်းမှာ ငွေတစ်သောင်းမရှိဘူးဆိုတာ လုံးဝမဖြစ်နိုင်ပါဘူး"

"ဩော်....အဟင်း....သိပ်ဟုတ်တာပေါ့"

"ဟင်...."

"သိပ်ဟုတ်တာပေါ့ မခင်ဆွေသက်ရာ၊ ငြိမ်းမှာ တစ်သောင်း မဟုတ်ဘူး၊ တစ်သိန်း သိန်းတစ်ရာ အိုဗျာ...သိန်းတစ်ထောင်လောက်အထိ ရှိနေတာပဲ"

"ရှင်...."

သည်တစ်ကြိမ်မှာ ခင်ဆွေသက် တစ်ယောက် ပါးစပ်အဟောင်းသားလေး ဟသွားရလေပြီ။

ငြိမ်းအပေါ်မှာ စိတ်မကွက်စဖူး ကွက်ရှိသွားရလေတော့သည်။





ဟွန်း....ဘာသူငယ်ချင်းလဲ။

လုံးဝမကောင်းဘူး။

ဆွေ ဒုက္ခရောက်နေတာ ကူညီဖော်မရတဲ့ ငြိမ်းကို စိတ်နာတယ်။

ခုတော့ ကြည့်စမ်း....

သိန်းတစ်ထောင်လောက်အထိ ချမ်းသာတယ်ဆိုပါလား၊

အို....မနာလို့ရကောင်းလိုက်တာ၊

လူချင်းအတူတူ ဘာလို့များ ဒါလောက်ကွာခြားလွန်းနေရသလဲ။

ကံတရားကိုက မတရားလိုက်တာ။

ချမ်းသာပါတယ်ဆိုမှ ပိုပိုပြီး ချမ်းသာလာအောင် မိဘအမွေ၊ ချစ်သူဆီက အမွေတွေနဲ့ ငြိမ်းဟာ ထိတ်ထိတ်ကြဲ သူဌေးမတစ်ယောက် ဖြစ်နေရပါရော့လား။

ဆွေ့ကိုပြောတော့ မရှိပါဘူးတဲ့လေ။

ဟွန်း....ငြိမ်းရယ်၊ ငယ်သူငယ်ချင်းမျက်နှာမှ မထောက်ရက်စက်လွန်းတယ်။

တောက်....ဘယ်လောက် မကျေနပ်စရာကောင်းလိုက်ပါလဲနော်။

"မခင်ဆွေသက်"

"ဟင်....ရှင်"

မကျေမနပ်နှင့် မျက်မှောင်တွန့် နှုတ်ခမ်းမသိမသာလေး မဲ့ဟန်ရှိနေသော သူမကို သဘောပေါက်စွာ ခေါင်းတဆတ်ဆတ် ညိတ်ကာ ကြည့်ပြီး ရန်နောင်ခေါ်လိုက်သဖြင့် ဆတ်ခနဲ ဖြစ်သွားကာ အလန့်လန့်အဖျပ်ဖျပ်ထူးရင်း ဣန္ဒြေဆည် ခေါင်းမသိမသာ ငုံ့သွားလေတော့၏။ ရန်နောင်က....

"ခင်ဗျား ကြားဖူးမှာပေါ့ဗျာ"

"ရှင်...."

"လူ၏အလိုက် ဆယ်ခါလိုက်လည်း မလိုက်တစ်ခါ ရှိခဲ့ပါမူ ကြီးစွာရန်သူ စွဲမှတ်ယူ၏ တဲ့"

"ဟင်...."

"မြိမ်းအပေါ်မှာ ခင်ဗျား အတော်လေး မကျေမနပ်ဖြစ်နေပုံရတယ်ဟုတ်လား"

"အို....အို....မ....မဟုတ်ပါဘူး ဆရာရယ်"

"အဟင်း....ဟင်း၊ ခင်ဗျား ညာတာပဲ"

"ဟင်...."

"ခင်ဗျားမျက်နှာပေါ်မှာ အရိပ်တွေအမျိုးမျိုး ဖြတ်ပြေးနေတာပဲဗျာ၊ အထူးသဖြင့် မြိမ်းကို မနှာသိုမှုပေါ့"

"အို...."





ချက်ချင်းပင် ခင်ဆွေသက် ခေါင်းငုံ့ကျသွားရပါတော့သည်။

"အဲဒါ ခင်ဗျား လုံးဝမှားနေပြီ"

"ဟင်...."

"ခင်ဗျားအပေါ် မြိမ်းလောက် ကောင်းခဲ့တာ လောကကြီး တစ်ခုလုံးမှာ ခင်ဗျား ရှာကြည့်စမ်း၊ တွေ့နိုင်မယ်ထင်သလား"

"ဆရာ ဒါတွေအားလုံး သိနေတာပဲလားဟင်"

"ဟား....သိတာပေါ့ဗျာ"

"မြိမ်းက အကုန်လုံးကို ပြန်ပြောပြတာပဲလား ဆရာ"

"ဒါပေါ့ဗျာ၊ သူနဲ့ကျွန်တော်ဟာ တစ်နေ့ကျရင် အမှန်တကယ် လက်ထပ်ကြမယ့်လူတွေပဲလေ၊ မြိမ်းဟာ သူတစ်ပါးအပေါ် ဘယ်လိုအကူအညီပေးရမလဲဆိုတာ အမြဲ စဉ်းစားနေတဲ့ ဖြူစင်မြင့်မြတ်တဲ့ စိတ်ဓာတ်မိုင်ရှင် မိန်းကလေး တစ်ယောက်ပါဗျာ၊ အဲ....ခင်ဗျားအပေါ်မှာ သူကူညီခဲ့တာတွေဟာလဲ အကြိမ်ပေါင်း မရေမတွက်နိုင်လောက်အောင် များနေပြီဆိုတာ ခင်ဗျားသိမှာပါ၊ အခု သူ ခင်ဗျားကိုမကူညီတာဟာလဲ အကြောင်းရှိမှာပါသေ"

"ဟင်...."

"ကူညီမှုဆိုတာ အကူညီခံရတဲ့လူအတွက် အကျိုးထူး တစ်ခုခု ရှိသွားမှသာ ကူညီပေးတဲ့လူမှာ ကြည်နူး ပီတိဖြစ်မှု ဆိုတာ ရှိလာမယ်မဟုတ်လားဗျာ၊ ခုတော့ ခင်ဗျားအပေါ်မှာ ငြိမ်းကူညီခဲ့သမျှ အားလုံးလိုလိုတွေဟာ ခင်ဗျားထင်သလို သုံးဖြုန်းပစ်လိုက်ဖို့ချည်းဆိုတော့ အဟင်း.... ရိုင်းရိုင်းပြောရရင် သဲထဲရေသွန်သလို ဖြစ်နေပြီပေါ့ဗျာ"

"ဒါ ဆွေ့အခက်အခဲတွေကို ဆွေ ဖြေရှင်းတာပါ ဆရာ"

"အခက်အခဲတွေ ဟုတ်လား"

"ဟုတ်ပါတယ်"

"ဘာအခက်အခဲလဲ မခင်ဆွေသက်၊ ဝမရှိဘဲ ဝိလုပ်ပြီး ဟန်ဆောင်မှုတွေဖုံးထားတဲ့ လန်ကြုတ် အခက်အခဲတွေပဲ မဟုတ်လား"

"အို...."

ဆွေ ဆတ်ခနဲ ထရပ်လိုက်လေသည်။

ကိုယ့်အလုပ်ရှင်မို့သာ ဆွေ သည်းညည်းခံနေတာပါလေ။

ခုတော့ ဆရာ့စကားတွေက တဖြည်းဖြည်း ရင့်သီးလာပြီမို့ ဆွေ့အတွက် မျှော်လင့်ချက် မရှိတော့လေပြီ။

"ဆွေ သွားတော့မယ် ဆရာ၊ ဆွေ လာရင်းကိစ္စက ဆရာ့ဆီမှာ ငွေတစ်သောင်း ချေးမလို့ပါ"





"လွယ်လွယ်ချည်လားဗျာ၊ ငွေတစ်သောင်း ချေးရလောက်အောင် ခင်ဗျားမှာ ငွေတစ်သောင်းနဲ့ တန်ဖိုးတူညီတဲ့ပစ္စည်း တစ်ခုခု ရှိလို့လား"

"ဟင်...."

"လောကမှာ ဘယ်အရာမှ အလကားမရနိုင်ဘူး မခင်ဆွေသက်၊ ချေးပါ ပြောမယ့်အစား ပေးပါလို့ တောင်းတာကပဲ သဘာဝကျဦးမယ်ဗျာ၊ ဒါပေမယ့် ခင်ဗျား အပျော်သုံးဖို့အတွက်တော့ တစ်ပြားမှ မချေးနိုင်ပါဘူး၊ လခကိုတောင်မှ လိုတာထက် ပိုပေးထားတာ ခင်ဗျားသိသားပဲ"

"ဆွေ သွားတော့မယ်"

"ကောင်းပါပြီ"

အံကြိတ်ကာ ချာခနဲနေအောင် လှည့်ထွက်လာတော့၏။

☼

## အခန်း(၁၈)

"တောက်....လုံးဝ မကျေနပ်ဘူးကွာ"

"ဘာလို့လဲ ဆွေရာ၊ ဆွေကြည့်ရတာ အတော်လေး မကျေနပ် ဖြစ်နေပုံပါလား"

"ဟုတ်တယ် ကိုမိုး၊ ဆွေ နည်းနည်းလေးမှ မကျေနပ်ဘူး သိလား"

"ဘယ်သူ့ကိုလဲ၊ ကိုယ့်ကိုလား၊ ဟုတ်လား ဆွေ"

"အို....ကိုမိုးကလဲ မဟုတ်ပါဘူး၊ ကိုမိုးကို ဆွေက ဘာလို့ မကျေနပ်ဖြစ်ရမှာလဲလို့၊ ကိုမိုးက ဆွေချစ်သူပဲဟာ"

"အဟင်း....ခုတော့သေးတာပေါ့ ဆွေရာ၊ ကိုမိုးက ဆွေ မကျေနပ်တာ ကိုမိုးကိုမျှားလားလို့၊ ရင်ကို ထိတ်သွားတာ ပဲကွာ၊ ကဲ....ပြောစမ်း ဆွေ၊ ဆွေ ဘာတွေမကျေမနပ်ဖြစ် နေတာလဲ၊ ကိုမိုးကိုပြော"

"ဘာရှိရမှာလဲ ကိုမိုးရဲ့၊ ငြိမ်းကိုရော ဆွေတို့ သူဌေးကို ရောပေါ့"

"အင်း....ဟုတ်ပြီ၊ ဖြစ်ရတဲ့အကြောင်းက...."

"ဆွေ အခက်အခဲရှိလို့ ငွေသွားချေးတာ မပေးဘူးလေ ကိုမိုးရဲ့"

"အို....ဟုတ်လား၊ ဒါဆို လွန်တာပေါ့ကွာ"

"အဲဒါကြောင့် ဆွေ ပြောတာပေါ့ ကိုမိုးရဲ့၊ ငွေ တစ် သောင်းလောက်လေးကိုများ ကြီးကြီးကျယ်ကျယ်လုပ်ပြီး ရစ် နေကြသေးတယ်၊ တကယ်ပဲ ကိုမိုးရာ၊ ဆွေမှာမရှိပေမယ့် ဆွေ တို့က ဒါလောက်ငွေလေးကို မမှုသေးပါဘူး"

"ဟုတ်တာပေါ့၊ငွေတစ်သောင်းဆိုတာ ဘာမှရိုတာမဟုတ် ပါဘူး၊ အလကား တမင်ညစ်ချင်လို့မချေးတာ ဖြစ်မှာပေါ့ ဆွေရာ"

"ဟုတ်လိမ့်မယ် ကိုမိုး၊ ငြိမ်းကို ဆွေ တွေးကြည့်ရင် စိတ် နာလာသလိုပဲ၊ ငယ်သူငယ်ချင်းဆိုပြီး ငြိမ်း ဆွေကို မညှာ တာခဲ့ဘူး၊ ပစ်ပစ်ခါခါ ပြောလိုက်သေးတယ်"





"ဟိုတစ်ယောက်ကကော"

"ဦးရန်နောင်လား"

"အင်း"

"မသူးပါဘူး၊ ငွေမချေးတဲ့အပြင် ဆွေ့ကို မခံချိမခံသာ ဖြစ်အောင် ပြောလွှတ်လိုက်သေးတယ် ကိုမိုးရဲ့"

"ဘာတွေများလဲ ဆွေ"

"ဆွေ့ကို အလကား အံပိုဖြုန်းနေတာတဲ့၊ ဟွန်း....သူ ဘယ်နားလည်မလဲ၊ သူတို့မှာ လိုတရဘာဝနဲ့ နေရတာကိုး၊ ဆွေတို့မှာက လိုချင်တာမှန်သမျှ ငွေလမ်းခင်းနေရတာလေ"

"အင်းလေ....တကယ်ဆို ဆွေက သူ့အကျိုးစီးပွားအတွက် အလုပ်အကျွေးပြုနေတဲ့ လူတစ်ယောက်ပဲကွာ၊ ဒီငွေလောက် လေးကိုများ စကားထဲ ထည့်ပြောစရာတောင် မလိုဘူးလို့ ကိုယ်ထင်တယ် ဆွေ"

"ဒါက ကိုမိုးလို ညှာတာ စာနာတတ်တဲ့ စိတ်ဓာတ်ရှိ သူရဲ့ အယူအဆကိုးလို"

"ဆွေ"

"ဟင်...."

"ဆွေ လိုနေတဲ့ ငွေတစ်သောင်း ကိုမိုး ပေးမယ်နော်"

"ဟာ....ကိုမိုးကလဲ၊ ဘာလို့ယူရမှာလဲ၊ မယူပါဘူးနော်"

"ဘာဖြစ်လို့လဲဟင်"

"ဆွေ့ကိုကော ကိုမိုးက ဦးရန်နောင် မေးသလို ဘာလုပ်ဖို့လဲဆိုတာ မမေးတော့ဘူးလား"

"မေးစရာမှ မလိုဘဲကွာ"

"ဟင်...."

"ကိုယ် နားလည်မှုရှိပါတယ် ဆွေရာ"

"ဟင်....ဘာကိုလဲ ကိုမိုး"

"လူဘိုင်းမှာ 'သူ့အခက်အခဲနဲ့သူဘော့ ရှိကြတာ မဆန်းဘူး ဆွေ၊ ဆွေ့အတွက် အများကြီး ခက်ခဲနေတယ်ဆိုတဲ့ အကြောင်းတစ်ခုဟာ သူဌေး ဦးရန်နောင်အတွက် မဖြစ်စလောက် အသေးအမွှားဆိုပြီး ဂရုမစိုက်တာမျိုးလဲ ရှိချင်ရှိမှာပေါ့ကွာ"

"ဟုတ်တယ် ကိုမိုးရဲ့၊ ဆွေ့မှာ ဘာမှ ပြည့်ပြည့်စုံစုံရှိတာမှ မဟုတ်တာ၊ လိုအပ်တဲ့ ပစ္စည်းလေးတွေ ဝယ်ချင်လို့ ချေးပါတယ်၊ အဟွန်း....အလကား အပိုဖြုန်းတာလို့ပြောတယ်လေ....ကဲ"

"အဲဒါ ဆွေ မှားတာပေါ့"

"ဟင်...."





"ဘာလို့ မျက်နှာအငယ်ခံရတာလဲ ဆွေရာ၊ ငွေတစ်သောင်းလောက်နဲ့ ဆွေ စိတ်ညစ်ခံနေစရာမလိုပါဘူး၊ ကိုမိုးဆီမှာ ယူလိုက်ပြီးရော"

"ကိုမိုးကို ဆွေ အားနာတယ်"

"ဟောဗျာ....အားနာတယ် ဟုတ်လား"

"ဟုတ်တယ်"

"ဖြစ်ရလေ ဆွေရေ....ကိုယ်တို့က သူစိမ်းတွေလားကွာ"

"ကိုမိုး"

"ပြောလေ....ဆွေ"

"ဆွေ တစ်ခုမေးချင်တယ်"

"တစ်ခုတည်းလား ဆွေ"

"ဆွေ့အတွက် အရေးကြီးလို့ပါ ကိုမိုးရယ်"

"ကဲ....မေးစမ်းပါ"

"ခုတလော ကိုမိုးကို မိန်းကလေးတစ်ယောက်နဲ့...."

"ဩော်....အဟား....ဟား"

"ကိုမိုး ဘာရယ်တာလဲ၊ ဆွေ အကောင်းပြောနေတာ သိလား၊ ဆွေ့ ရင်ထဲမှာ မီးလောင်နေသလိုပဲ ပူနေတယ် ကိုမိုးရယ်၊ ကိုမိုး ဆွေ့ အပေါ်မှာ မချစ်တော့ဘူးလားလို့ စဉ်းစားမိတိုင်း ဆွေ နေမကျအိပ်မရဖြစ်ခဲ့ရတာပါ"

"ခက်နေပြီ ဆွေရာ...အဲဒါ ကိုမိုးရဲ့ ကာစင်ကွ"

"ဟင်....တကယ်လား"

"ဆွေ စိတ်ရှင်းသွားအောင် ကိုယ် တစ်နေ့ ခေါ်လာပြီး မိတ်ဆက်ပေးမယ် သိလား"

"အို....ကိုမိုးရယ်၊ ဆွေ ယုံပါပြီ၊ အထင်မှားမိတဲ့အတွက် ဆွေ့ကို ခွင့်လွှတ်နော်"

"ခွင့်လွှတ်ပြီးသားပါ ဆွေရာ"

"ဒါဆိုရင် ငွေတစ်သောင်းလဲ ဆွေ မယူတော့ပါဘူး ကိုမိုး ရယ်နော်"

"ဘာပြုလို့လဲ ဆွေ၊ ယူစမ်းပါ၊ ကိုမိုးမှာ ပိုနေလို့ ဆွေ့ကို ပေးတာပဲဟာ"

"ကိုမိုးကို ဆွေ အမှန်အတိုင်းဝန်ခံမယ်နော်"

"ဘာများလဲ ဆွေ"

"ခဆွေလေ ကိုမိုးနဲ့ ဟိုတစ်ယောက် အပျံစားဝတ်ပြီး တွဲနေတာမြင်တော့ ဆွေ့မှာ အဲသလို အပျံစားတွေမရှိလို့ ကိုမိုး မချစ်တာဆိုပြီး ထင်တယ်ခလေ"

"ဖြစ်ရလေ ဆွေရာ"

"ငွေတစ်သောင်းချေးပြီး ဆွေ လှလှလေးချုပ်ဝတ်ချင်လို့ သိလား ကိုမိုး"





"ဆွေက ပင်ကိုလှပြီးသားပဲကွာ၊ အပျံစားဝတ်လိုက်ရင် ပိုပြီး တောက်ပပြောင်လက်ပြီး ထင်ပေါ်လာမှာ အမှန်ပဲလေ၊ ကောင်းသားပဲ၊ ဆွေ စိတ်ကူးရှိတဲ့အတိုင်း အကောင်အထည် ဖော်နိုင်အောင် ကိုယ် ငွေတစ်သောင်းပေးမယ်၊ ဟုတ်လား"

"ပေးမယ်ဟုတ်လား ကိုမိုး"

"အင်းပေါ့....ကိုယ့်ချစ်သူကို လှလှလေး ဝတ်စားပြင်ဆင် ပြီးနေတာ ကိုမိုးလဲ ကြိုက်ပါတယ် ဆွေ"

"အို....ကိုမိုးရယ်၊ ကိုမိုးက သိပ်ပြီးစိတ်ကောင်းရှိတာပါပဲ လားနော်၊ ဆွေ အစကတည်းက ဒီလိုသာ ပွင့်ပွင့်လင်းလင်း ပြောလို့ရှိရင် သူများဆီမှာသွားပြီး မျက်နှာငယ်နေစရာတောင် မလိုတော့ဘူးနော်၊ ဆွေ့ကိုက မှားတာပါ"

"ဆွေက ကိုယ့်အပေါ်မှာအားမကိုးဘဲကွာ၊ အားကိုးစမ်း ပါ ဆွေရာ၊ ဆွေ့ အတွက်ဆိုရင် ကိုယ် ဘာမဆို ဖြေရှင်းပေး ချင်ပါတယ်"

"ကိုမိုးရယ်"

"ဆွေ"

"ဟင်....ကိုမိုး"

"ဆွေ အဲဒီဟိုတယ်မှာ ဘာလို့ အောက်ကျနောက်ကျလုပ် နေသေးလဲကွာ၊ ထွက်လာခဲ့ပါတော့လား ဆွေရာ"

"အို....ကိုမိုးကလဲ၊ ဆွေ အဲဒီမှာ တစ်ထောင့်ငါးရာတောင် ရတယ်လေ"

"အိုး....ကိုမိုးတို့ရဲ့'ရတနာထွန်း'ကို ဆွေလာခဲ့၊ သုံးဆောင် ပေးမယ် သိလား"

"ဟင်....တကယ်လား ကိုမိုး"

"ကကယ်ပေါ့ ဆွေရာ၊ ဆွေ နုလိုစားချင်တာ မစားရ ဝတ်ချင်တာမဝတ်ရနဲ့၊ ထင်သလိုလဲ မသုံးရ၊ ရတဲ့လစာလေးနဲ့ ချိုချိုတဲ့တဲ့ဖြစ်နေတာ ကိုမိုး မကြည့်ရက်လို့ပါကွာ"

"ကိုမိုး"

"ပြောပါ ဆွေ"

"ကိုမိုးရဲ့ ဘော့စ်ကကော ဆွေ့ကို တကယ်ပဲ သုံးဆောင် ပေးမှာနော်"

"ဆြော့....ဆွေကလဲကွာ၊ ကိုယ့်ဘော့စ်ကို ကိုယ်ပိုင်လို့ ပြောနေတာပေါ့၊ အားလုံးကိုယ့်တာဝန်ထားစမ်းပါ ဆွေရာ"

"ကိုမိုး ဆွေ့ကို ဆိတ်ကြည့်စမ်းပါ"

"ကဲ....ရော့"

"အား....နာတယ်"

"ယုံပြီလား ဆွေ"

"ဆွေ အိပ်မက်မက်နေတာများလားလို့ ကိုမိုးရယ်"

"တကယ်ပြောနေတာပါ ဆွေ၊ ဟိုတုန်းက ဘာလို့မပြော လဲလို့ ဆွေ ဘင်ကောင်းထင်နေလိမ့်မယ်"





"ဟုတ်တယ် ကိုမိုး၊ ဘာလို့လဲဟင်"

"ဟိုတယ်ဖွင့်စဆိုတော့ ဘော့စ်က ကိုယ့်ကိုလုပ်ပိုင်ခွင့်တွေ ပိမပေးဘူးလေ ဆွေရ"

"ဪ....ဟုတ်လား၊ ခုတော့ကောဟင်....ကိုမိုး"

"အဟင်း....ဟင်း.... ခုတော့လား၊ ဘော့စ်က ကိုမိုးရဲ့ ရည်အချင်းတွေကို ကောင်းကောင်းကြီး သဘောပေါက် ားပြီလေ"

"ကိုမိုးက သိပ်တော်တာပဲကွာ"

"ဒါပေါ့ ဆွေ၊ ကိုမိုး ဘယ်လောက် တော်သလဲဆိုတာ ိတယ်ရဲ့ တစ်လ တစ်လ ဝင်ငွေအမြတ်တွေက သက်သေထူ နေတာကိုး"

"အင်း...."

"ခုတော့ကွာ ဘော့စ်က ကိုမိုးမှ ကိုမိုး၊ အားကိုးတကြီး ဖြစ်နေပြီပေါ့ကွာ"

"အဲဒါ ကိုမိုး သိပ်ကံကောင်းသွားတာပေါ့နော်"

"အင်းပေါ့၊ ကိုမိုးက ကိုမိုး ကံကောင်းသလို ဆွေကိုပါ ကောင်းစေချင်တာပေါ့"

"အင်း....ဟုတ်ပါတယ်လေ၊ ကိုယ့်အပေါ်မညှာတဲ့ အလုပ် ်အိမ်မှာ ဆွေလဲ မလုပ်ချင်တော့ပါဘူး ကိုမိုးရယ်"

"ဒါ အမှန်ကန်ဆုံးသော ဆုံးဖြတ်ချက်ပဲ ဆွေရာ၊ ရဲရဲတင်းတင်းသာ ထွက်လာခဲ့စမ်းပါ၊ ဆွေ့ဘဝတစ်ခုလုံးအတွက် လုံးဝ မမျှော်လင့်နိုင်စရာ ကောင်းလောက်အောင် စိတ်တိုင်းကျရမယ်၊ စိတ်ချမ်းသာရမယ် သိလား"

"အင်း....ကိုမိုးနဲ့တွေ့ရတာ ဆွေ့အတွက် ဘုရားသိကြားမ တာပဲလေ၊ ဆွေ ကုသိုလ်ကံတရား ကောင်းစား တိုးတက်ဖို့ အချိန်တန်လာပြီလို့ ဆိုရမှာပေါ့နော် ကိုမိုး"

"ဒါပေါ့....ဒါပေါ့ ဆွေရာ၊ လူ့ကံတရားဆိုတာ အနိမ့်အမြင့် အစာက်အကျတွေနဲ့ ဖန်တီးထားတယ်ဆိုရမှာ ဆွေ ကံဇာတာစန်းလက် တက်လာပြီပေါ့ကွာ"

"ကိုမိုးရယ် ကျေးဇူးတင်လိုက်တာ"

"ဟိတ်....ဒါ ကျေးဇူးတင်စရာလား ဆွေ"

"မဟုတ်ဘူးလားဟင်"

"မဟုတ်သေးဘူး"

"ဟင်....ဘာပြုလို့"

"ဆွေက အလုပ်လုပ်ပေးလို့ ချီးမြှင့်တာပဲကွာ၊ အလကား ပေးတာမှ မဟုတ်တာ၊ အဲ....ကိုယ်နဲ့ ဆွေလက်ထပ်ပြီးတော့မှ ဆွေ့ကို ဘာအလုပ်မှ မခိုင်းတော့ဘဲ အိမ်မှာ အပျိုစား အလှထားထားတဲ့အချိန်ကျမှ ကျေးဇူးတင်ကွာ....ဟုတ်လား"





"ကိုမိုး"

"ဟင်...."

"ဆွေ့တို့ ဘယ်တော့မှ လက်ထပ်ကြမှာလဲဟင်"

"ကိုယ် ငွေစုနေတယ် ဆွေ၊ တင့်တင့်တယ်တယ် နေနိုင်တဲ့ တစ်နေ့ကျပေါ့ကွာ၊ သိပ်လဲမဝေးတော့ပါဘူးလေ၊ တစ်နှစ်နှစ်နှစ် အလွန်ဆုံးပေါ့၊ ဟုတ်လား ဆွေ"

"ဝမ်းသာလိုက်တာ ကိုမိုးရယ်"

"ကဲ....ဆွေ ဝမ်းသာရင် စားစရာတွေစားလိုက်၊ ပြီးရင် ကိုမိုးနောက် လိုက်ခဲ့၊ ငွေတစ်သောင်း ပေးလိုက်မယ် ဟုတ်လား"

"ကောင်းပါပြီ ကိုမိုးရယ်"

စားပွဲပေါ်မှ အမယ်စုံလင်လှသော စားသောက်ဖွယ်ရာများကို ဆွေ အားပါးတရ မြိန်ရှက်စွာ စားလိုက်လေတော့သည်။

❀

## အခန်း (၁၉)

"ဘာပြောတယ် ဆွေ့"

ရုတ်တရက်မို့ အံ့ဩလွန်းရစွာ ငြိမ်းမှာ ဆွေ့မျက်နှာလေး ကို မျက်လုံးအဝိုင်းသားနှင့် မော့်ကြည့်နေမိ၏။

ဆွေ့ဘာ ငြိမ်း နားမရှင်းသေးဟန် အထင်နှင့် ထပ်၍ပြော လိုက်ပြန်သည်။

"ဟုတ်တယ် ငြိမ်း၊ ဆွေ့ အလုပ်ထွက်တော့မလို့"

"ဩော်...."

ဆွေ့မျက်နှာကို အငေးသားကြည့်ကာ သဘောပေါက်ဟန် ခေါင်းမသိမသာ ညိတ်ဟန်ပြုလိုက်ပြီးမှ....

ညက်ဝင်းစာပေ

"ဘာပြုလို့လဲဟင်....ဆွေ"

"အဟွန်း...."

ငြိမ်း အမေးကို မဖြေသေးဘဲ ဆွေက မခိုးမခန့်လေး ရယ်လိုက်၏။

ငြိမ်း မျက်မှောင်တွန့်ခနဲ ကြုတ်သွားရင်းမှ....

"ဆွေ ဘာရယ်တာလဲဟင်၊ ဆွေမှာ ဘာများ မကျေနပ် စရာတွေ ရှိနေလို့လဲဟင်"

"သိပ်ရှိတာပေါ့ ငြိမ်းရယ်၊ ဆွေမှာလေ ငြိမ်းရဲ့လူအပေါ် မကျေနပ်ဇရာတွေ အများကြီးမှ အများကြီးရှိတာပေါ့"

"ဟင်...."

ငြိမ်းရင်ထဲ ဒိတ်ခနဲ တုန်သွားရလေတော့၏။

ကိုကို့အပေါ်မှာ ဆွေ တစ်ယောက် မကျေနပ်စရာတွေ အများကြီးပင် ရှိသည်ဆိုပါလား။

ငြိမ်း ဒက်ခနဲ သိလိုက်ပါပြီ။

ဆွေ ကိုကို့ဆီမှာ ငွေချေး၍ မရခြင်းကြောင့်ပင် ဖြစ်ရုံမှ လွဲ၍ အခြားမရှိနိုင်ချေ။

သက်ပြင်းလေး မသိမသာချမိရင်းမှ ငြိမ်း ပြောလိုက်၏။

"ဘာများလဲ ဆွေ၊ ငြိမ်းကို ပြောပြပါလား"





"အို.... ပြောမှာပေါ့ ငြိမ်းရဲ့၊ ပြောချင့်လွန်းလို့ပဲ ဆွေ ကို တမင်လာတာ"

"ဪ...."

"ဒီမယ် ငြိမ်း"

"ဟင်...."

"ဆွေ့အပေါ်မှာ ငြိမ်းတို့ တော်တော့်ကို မတရားသဖြင့် ဆက်ဆံထားတာပဲလေ"

"ဟင်....ဘယ်လို ဆွေ၊ ငြိမ်းတို့က မတရားသဖြင့် ဆက်ဆံ တယ်၊ ဟုတ်လား"

"ဟုတ်တယ်"

"ဘုရား...."

ငြိမ်း ရင်ဘတ်ကို လက်နှင့်ဖိမိရကာ ဘာပြန်ပြောရမှန်း မသိသောက်အောင် ကြောင်နေမိတော့၏။ ပြီးမှ....

"ဆွေရယ် ဘယ်လိုပြောလိုက်တာလဲကွယ်"

"အို....မှန်တာကို ပြောတာလေ ငြိမ်းရဲ့"

"မှန်တာ....ဟုတ်လား"

"အင်းပေါ့"

"ငြိမ်း မေးပါရစေ ဆွေရယ်၊ ဆွေ့အပေါ်မှာ ကိုကိုနဲ့ ငြိမ်းတို့ ဘယ်တုန်းက ဘယ်လိုများ မတရားပြုကျင့် ဆက်ဆံခဲ့ ဖူးလို့လဲဟင်"

"ဩော်.... ငြိမ်းက မေ့နေတာလား၊ မေ့ဟန်ဆောင်နေ
တာလား"

"ဘာကိုလဲ ဆွေ"

"ငွေတစ်သောင်း ကိစ္စလေ....ဟွန်း"

"ဩော်....ဆွေ့ရယ်"

စိတ်ရှုပ်ညစ်ညူးစွာ ငြိမ်း ခေါင်းလေး မသိမသာ ယမ်းမိ
ရတော့၏။

ဆွေက မဲ့မဲ့လေး ပြုံးလိုက်ပြီးမှ....

"ငြိမ်းမှာ ချေးလို့မရတော့ ဆွေ ဆရာ့ဆီမှာ ထပ်ပြော
သေးတယ် ငြိမ်းရာ"

"ဩော်...."

ငြိမ်း သိသားပဲ။

အဲသည်နေ့က ကိုကို ငြိမ်းဆီ ဖုန်းဆက်ခဲ့သေးတာပဲလေ။

ကိုကိုကပင် ငြိမ်းထံမှ ဆန္ဒတောင်းခဲ့သေးသည်။

ဆွေပြောတဲ့ ငွေတစ်သောင်း ကိုကို ထုတ်ချေးပေးရ
မလားတဲ့လေ။

ငြိမ်းဆန္ဒရှိလျှင် ကိုကို ပေးရန်အသင့်ပါဟူသောသဘောမို့
ငြိမ်းမှာ ချက်ချင်းပင် ကိုကို့ အကြောင်းကြားချက်ကို ငြင်း
ပယ်လိုက်ရလေတော့၏။





"အို....မပေးနဲ့ ကိုကို၊ ဆွေဟာ တစစနဲ့ အတင့်ရဲလာပြီ၊
ငြိမ်းဆီမှာ ယူထားတာတောင် မနည်းတော့ဘူး ကိုကိုရဲ၊
မပေးနဲ့၊ မပေးနဲ့"

ထိုအခါ ကိုကိုက သဘောကျစွာ ရယ်မော၍ ငြိမ်းကို
ပြောလိုက်ပုံက....

"အင်းပါကွာ မပေးပါဘူး ငြိမ်းရာ၊ ကိုကိုက ငြိမ်းများ
ဆန္ဒရှိမလားလို့ပါ၊ ကိုကို့အတွက် ငြိမ်းဟာ အရေးအကြီးဆုံး
ပဲကွာ၊ ငြိမ်းဆန္ဒဟာ ကိုကို့ဆန္ဒပဲ"

"ကိုကိုရယ်"

ကြည်နူးပီတိတဝေဝေဖြင့် ငြိမ်း ပြုံးမိရတော့၏။

"ငြိမ်း"

"ရှင်....ကိုကို"

"ခင်ဆွေသက်တော့ ကျေနပ်ပုံမရဘူးကွာ သိလား"

"ဒါတော့ ထုံးစံပဲ ကိုကိုရယ်၊ ချေးတိုင်းသာပေးရရင်ဖြင့်
မွဲရချည်ရဲ"

"ငြိမ်းက ဘာလို့ မချေးလိုက်တာလဲဟင်"

"အို....မွဲရချည်ရဲ့လို့ပါဆို၊ သူ ယူထားတာ များလွန်းနေ
ပြီ ကိုကို၊ ဒါတောင် ငြိမ်းက အလကား ပေးထားတာတွေမှ
အများကြီး"

"အင်း....ငြိမ်း လိမ္မာလာပြီပဲ"

"ရှင်...."

"ကြွက်တွင်းထဲကို မိုက်မိုက်မဲမဲရေလောင်းနေတဲ့ အလုပ်က မြန်မြန်လေး ရပ်တန်းကရပ်လိုက်လို့ပေါ့"

"ဩော်....ကိုကိုကလဲ....အဟင်း"

ကိုကိုပေးသော ဥပမာကြောင့် ငြိမ်း သဘောကျစွာရယ် မိပါတော့၏။

မှန်ပါသည်။

ဆွေ့အပေါ် ငြိမ်း၏ ကူညီထောက်ပံ့ ပေးကမ်းမှုများက ကြွက်တွင်းထဲ ရေလောင်းထည့်နေသလို မပြည့်နိုင် ဖြစ်နေရသည် မဟုတ်ပါလား။

ဒါကြောင့်လည်း မေမေပြောတာ ထင်ပါရဲ့လေ။ လူ လောဘများ တယ်လည်း ကြောက်စရာကောင်းတာ ဟူ၍ ပင်တည်း၊

"ငြိမ်း"

"ဟင်....ဩော်....ဆွေ"

ဆွေ ခေါ်လိုက်တော့မှ ငြိမ်းမှာ အတွေးလွန်နေရာမှ ဖျတ်ခနဲ သတိထားလိုက်ချိန်မှာ ဆွေ၏ထိမထင်သောအပြုံးကို မြင်လိုက်ရတော့၏။

"ဆွေ့ ပြောတာ ငြိမ်းမကြားလိုက်ဘူးထင်တယ်၊ ဘာတွေ စဉ်းစားနေတာလဲ"





"ဘာရယ်မဟုတ်ပါဘူးကွာ"

"မဖုံးပါနဲ့ ငြိမ်းရာ၊ ရှင်းရှင်းနဲ့ တည့်တည့်ပြောလိုက်စမ်း ပါ၊ ဆွေ့အကြောင်း စဉ်းစားနေတာလို့လေ၊ မဟုတ်ဘူးလား အဟင်း....ဟင်း"

"ဆွေရယ်"

ငြိမ်း ညည်းမိလိုက်ပြီးမှ....

"ကိုကိုငွေကစ်သောင်းမချေးလို့ ဆွေ စိတ်ညစ်ပြီး အလုပ် ထွက်တာလားဟင်"

"ဒါပေါ့ ငြိမ်း၊ ကိုယ့်အပေါ်မှာ မညှာတာတဲ့ စာနာမှု မရှိတဲ့ အလုပ်ရှင်အပေါ်မှာ ဆွေ သစ္စာရှိပြနေလို့ ဘာထူးဦး မှာလဲ....ကဲ"

"ကိုကိုက မညှာတာဘူး၊ ဟုတ်လား ဆွေ"

"အင်းပေါ့၊ ငြိမ်း စဉ်းစားကြည့်ပါလား၊ ဆွေ့အတွက် ဒါလောက်တောင် အခက်အခဲဖြစ်နေတဲ့ကိစ္စတစ်ခုကို မျက်နှာ လွှဲပစ်ရက်တာ ဘယ်လောက်ရက်စက်သလဲ၊ တကယ်ဆို ဒီငွေ မဖြစ်စလောက်လေးနဲ့ လူအကြောင်း သိလိုက်ရတာ ဆွေ့ အတွက် ကံကောင်းတယ်လို့ ဆိုရမှာပေါ့ ငြိမ်းရဲ့"

"ဟင်....ကံကောင်းတာ ဟုတ်လား ဆွေ"

"အင်း"

"ဆွေရယ်....ဒဆွေ ဒီလိုပဲ သတ်မှတ်လိုက်တာလားဟင်၊ တကယ်ဆိုရင် ဆွေ့အပေါ် ငြိမ်းတို့ ဘယ်လောက်အထိ သက်ညှာ ကြည့်ရှုပေးခဲ့တယ်ဆိုတာ ဆွေပြန်စဉ်းစားကြည့်ရင် သိနိုင်ပါတယ်ကွယ်"

"အို....တော်စမ်းပါ ငြိမ်း"

"ဟင်...."

"ဆန်ပေးမှ ဆေးရတဲ့ အပေးအယူရှိလို့သာ ဆွေ့ဘက်က အလုပ်လုပ်ပေးခဲ့လို့ ဆွေ ရတဲ့အခွင့်အရေးပဲလေ၊ ဆွေ လုပ်အားနဲ့ ငြိမ်းတို့လုပ်ငန်းတွေ အောင်မြင်မှု တိုးတက်မှုတွေ ဖြစ်လာတာပဲမဟုတ်လား၊ တကယ်ပြောတာ ဆွေ၊ ခု ဆွေ ငွေချေးတာ မရတဲ့အတွက် အရမ်းကိုစိတ်နာတယ် သိလား"

"ဆွေရယ်....ဖြစ်ရလေ"

"ဟိုတုန်းက ငြိမ်း ကူညီခဲ့တာတွေအတွက် ဆွေ ကျေးဇူးမမေ့ပါဘူးလေ၊ လူဆိုတာ ကံတရား အလှည့်အပြောင်းလေးတွေနဲ့ အမြဲတမ်း ပုံသေရယ်လို့ မရှိပါဘူးကွာ၊ တစ်နေ့နေ့မှာ ဆွေ ချမ်းသာလာရင် ငြိမ်းရဲ့ အကူအညီတွေကို ပြန်ပြီး ကျေးဇူးဆပ်ပါမယ် ဟုတ်လား" -

"ငြိမ်းက တုံ့ပြန်မှုအတွက် မျှော်ကိုးပြီး ပေးခဲ့တာမှ မဟုတ်တာ ဆွေရယ်၊ အခုကော ဆွေ ဒီလိုဆုံးဖြတ်တာ ကိုကို သိပြီးပြီလားဟင်"

"ဟင့်အင်း....ငြိမ်းဆီကပဲ သိပစေပေါ့၊ ဆွေတော့ အလုပ်မတက်တော့ဘူး၊ ထွက်စာရေးပေးဖို့ လိုအပ်ရင်ပြောပေါ့ကွာ၊ ဒါပေမယ့် မလိုအပ်ဘူးထင်တယ်နော်....အဟွန်း"

"ဆွေ့သဘောပဲလေ၊ ဆွေ့အတွက် ပိုပြီးအဆင်ပြေနိုင်မယ့် အလုပ် ဖြစ်မယ်ဆိုရင် ငြိမ်းလဲ ဝမ်းသာပါတယ် ဆွေ"

"ဟာ....သိပ်ကိုအဆင်ပြေတာပေါ့ ငြိမ်းရယ်၊ ဆွေနဲ့ကိုမိုး အခုတွဲနောက်ကျသွားလို့သာ ဒီအခြေအနေအထိ ဖြစ်နေရ





တာ၊ မဟုတ်ရင်တော့လား ဆွေလဲ ငြိမ်းလိုပဲ ချမ်းသာတဲ့ မိန်းကလေးတစ်ယောက် ဖြစ်နေရောပေါ့ကွာ"

"ဟင်....ဘယ်လို ဆွေ"

"ဆွေ့ကို အခု ကိုမိုးက တစ်လသုံးထောင် ပေးမယ်တဲ့ ငြိမ်း"

"ဩော်....ဟုတ်လား၊ ကောင်းတာပေါ့ ဆွေရယ်"

"ကောင်းတာတော့ တကယ်ပဲ ငြိမ်းရယ်၊ ရတနာထွန်းဟိုတယ်မှာ ကိုမိုးက မန်နေဂျာဆိုတော့ အစစအရာရာ ကိုမိုးသဘောတစ်ခုပဲလို့တောင် ပြောနိုင်တယ်လေ.ခုတောင် ကိုမိုးက ဆွေ့ကို ငွေတစ်သောင်း လွယ်လွယ်လေး ပေးလိုက်တာ သိလား"

"ဩော်...."

"အဟွန်း....ဆွေ့အတွက် ကံဇာတာ စန်းလက်တက်ချိန် ရောက်တော့မယ်ထင်တယ်ငြိမ်းရေ၊ ကိုမိုးလို သူတော်ကောင်းနဲ့ ကြုံရတာ ဘုရားမတာပဲလေ၊ မန်နေဂျာဆိုပေမယ့် ကိုမိုးက တကယ်သုံးနိုင်ဖြုန်းနိုင်တာ၊ ငွေကို ပလူပျံသလိုသုံးနေတာများ သိပ်အားကျစရာကောင်းတာပဲ သိလား"

"ခုလိုကြားရတာ ငြိမ်း တကယ်ပဲဝမ်းသာပါတယ် ဆွေ"

"ဒါပေါ့ကွာ.... ရှေ့ဆက်ပြီး ဆွေ့အတွက် အကောင်းတကာ့ အကောင်းဆုံးအခြေအနေတွေပဲ ရှိတော့မယ့် အရိပ်တွေ ပြနေပြီပဲလေ"

"ဆွေတို့ ဘယ်တော့လောက် လက်ထပ်ဖြစ်ကြမလဲဟင်"

"ကိုမိုးကပြောတယ်လေ၊ သူ ငွေစုနေတယ်တဲ့၊ ဆွေ့ကို တင့်တင့်တယ်တယ် အပျိုစား ထားနိုင်အောင် ကြိုးစားနေတယ်တဲ့၊ အဟင်း....ဟင်း.... စောင့်ကြည့်နေပေါ့ ငြိမ်းရယ်၊ ဆွေလဲ ငြိမ်းလို ကုသိုလ်ကောင်းလာတော့မှာပါ၊ ဆရာက ငြိမ်းကိုချစ်တာ မနာလိုချင်စရာ ကောင်းလောက်အောင်ကို ချစ်သလို ကိုမိုးကလဲ ဆွေကို သိပ်ချစ်တာ ငြိမ်းရဲ့၊သိလား.... အဟင်း....ဟင်း...."

"ဘယ်လို ဆွေ၊ ကိုကို ငြိမ်းကိုချစ်တာ ဘယ်သူက မနာလိုချင်စရာ ဖြစ်နေလို့လဲဟင်"

"ဆွေကပေါ့"

"ဟင်...."

"ဟုတ်တယ် ငြိမ်း၊ ခုမှတော့ မထူးတော့ပါဘူးလေ၊ ဆွေလဲ သွားတော့မှာမို့ ပြောတော့မယ်၊ ငြိမ်းကို ဆရာက သိပ်ချစ်မှန်းသိလေ ဆွေ့ရင်ထဲမှာ ဘယ်လိုမှ ဘဝင်မကျ မနှစ်မြို့နိုင်သေနဲ့ သိပ်ကိုခံရခက်တဲ့ ဝေဒနာကြီးနဲ့ ဆွေ အမြဲတမ်း ခံစားနေရတာ ငြိမ်းရဲ့....

လောကမှာ ငြိမ်းလောက် ကံကောင်းလွန်းတဲ့ မိန်းကလေးရဲ့ ကုသိုလ်မျိုးကိုလဲ ဆွေ အငမ်းမရကို ပိုင်ဆိုင်ချင်မိတယ်၊ သိလား"

"ဆွေရယ်"

"မရှက်တမ်း ဝန်ခံရရင် ဆွေလေ ဆရာ့ကို နည်းအမျိုးမျိုးနဲ့ ချဉ်းကပ်ခဲ့သေးတယ် ငြိမ်း"

"ဟင်...."





"ဒါပေမယ့် ဆွေ မအောင်မြင်ခဲ့ပါဘူး၊ ဆရာရဲ့ သစ္စာတံတိုင်းကြီးကို ဆွေ့ မာယာလက်နက်နဲ့ မဖြိုဖျက်နိုင်ခဲ့ပါဘူးလေ၊ ဒီအချိန်မှာပဲ ဆွေ ကိုမိုးနဲ့ဆုံခဲ့ကြတာ၊ ဆွေ့ပစ်မှတ်ဟာ ကိုမိုးဆီ လွဲပြောင်းလိုက်ရတယ်၊ ဒီတစ်ခါတော့ ဆွေ အောင်မြင်သွားပါပြီ ငြိမ်း၊ ဆရာ့လောက် မချမ်းသာပေမယ့် ကိုမိုးဟာ သူ့လောကမှာ သူ့နည်းသူ့ဟန်နဲ့ ကျော်ကြားတဲ့ လူတစ်ယောက်ပါပဲ၊ ကဲ....ဒါဆွေ သွားတော့မယ်၊ ငြိမ်းကို တစ်ခါတည်း နှုတ်ဆက်ခဲ့ပါတယ်ကွာ"

ချာခနဲထွက်သွားသော ဆွေ့ကို အငေးသား ကြည့်နေမိရင်းမှ ငြိမ်းမှာ သည်တစ်ကြိမ်တော့ သက်ပြင်းချရမှာကိုပင် မေ့နေမိလေတော့၏။

✻

## အခန်း(၂၀)

ရေလောင့်ဆားမှို သစ်ခွပင့်လေးပေါ်တွင် စင်နေသော ရေသီးရေစက်လေးများကို သဘောကျစွာ ကိုင်ကြည့်မိရင်းမှ ငြိမ်းရင်ထဲ ကြည်နူးနေရ၏။

ကိုယ်တိုင် ပြုစုယုယထားသော ပန်းပင်လေးမှ ပွင့်သော ပန်းများကို ငြိမ်း အနေဖြင့် တော်ရုံတန်ရုံ မခူးရက်ပါချေ။

သူ့အပင်မှာသာ သူ့အပွင့်သက်တမ်း ကုန်သည်ထိ ထားတတ်ပါ၏။

တစ်ခါတစ်ရံ သူငယ်ချင်းများက ငြိမ်း၏ဆန္ဒကို သိလျက်နှင့် ကျီစယ်လိုဟန်ဖြင့် မထိတထိ ကလိကာ စတတ်လေသည်။

"ခူးလိုက်မယ်နော် ငြိမ်း၊ ပန်းကလေးတွေခမျာ သူတို့ကို ကြင်နာယုယမှုနဲ့ပန်ဆင်သူတွေမရှိလို့ အားငယ်နေကြတယ်တဲ့"

"ဟာ....မခူးနဲ့၊ မခူးနဲ့၊ ငြိမ်းရဲ့ ပန်းကလေးတွေ အား မငယ်ပါဘူးနော်၊ ငြိမ်း အမြဲတမ်း ဂရုစိုက် ကြင်နာနေတာ သူတို့နားလည်ပါတယ်"

"အဟင်း....ငြိမ်းက သိပ်တွန့်တိုတာပဲကွာ"

"မင်းတို့လိုချင်ရင် ငြိမ်း ဈေးမှာ လိုက်ဝယ်ပေးပါ့မယ် နော်၊ ဒါတွေကိုတော့ ရန်မရှာချင်ကြစမ်းပါနဲ့"

"အလကား စတာပါ ငြိမ်းရယ်၊ မယူတော့ပါဘူး"

"အဲသလို သဘောပေါက် ပေးစမ်းပါ သူငယ်ချင်းရယ်၊ ငြိမ်း ပန်းကလေးတွေက သူ့အခင်ပေါ်မှာ သူနေတာ ဘယ်လောက် ချစ်စရာကောင်းသလဲလို့၊ ငြိမ်း ကျောင်းကပြန်လာရင် သူတို့အနားလာပြီး အပန်းဖြေလိုက်တာနဲ့ တစ်နေ့တာ နွမ်းခဲ့သမျှတွေ တစ်ခါတည်း လန်းသွားရော သိလား"

"အံမယ်....ငြိမ်းတစ်ယောက် ညာပြီဟေ့"

"ဟင်....မညာပါဘူး၊ တကယ်ပြောတာ"

"မသိရင် ခက်မယ်နော်"

"ဘာသိတာလဲ၊ ပြောလေ"

"ညနေတိုင်း ရောက်လာတတ်တဲ့ ကိုကို့ကြောင့် ငြိမ်း အနွမ်းလေးတွေ ပြေတာပါကွာ၊ မဟုတ်ဘူးလား.... ကဲ.... ကဲ...."

"အို....အဟင်း....ဟင်း"

အစသန်သော သူငယ်ချင်းများကြောင့် ငြိမ်းမှာ ရှက်ရိပ်ဝေဝေလေးနှင့် ပြုံးရုံမှတစ်ပါး ဘာမှမပြောနိုင်တော့ပေ။





တကယ်မှာလည်း သူတို့ပြောသလိုပင် ကိုကို ရောက်လာတတ်သော ခုလို ညနေခင်းအချိန်တိုင်းမှာ ငြိမ်းရော ကိုကိုပါ သစ်ခွတွေကြားမှာ မဆုံးနိုင်သော ချစ်တေးလေးများသီကျူးရင်းဖြင့် ကြည်နူးခဲ့ကြရသည် မဟုတ်ပါလား။

သူငယ်ချင်းတွေ ပို၍ စကြ နောက်ကြမှာစိုး၍သာ ငြိမ်း တမင်ချီထားသော စကားလေးတစ်ခွန်း ရှိနေပါ၏။

လူအတော်များများက ငြိမ်း၏ သစ်ခွလေးတွေ အပွင့်ရော အရောင်ပါ အရမ်းကို လှလွန်းသည်ဟူ၍ တညီတညွတ်တည်း ထောမနာ ပြုထားကြလေသည်။

ထိုအဆိုကို ငြိမ်းရင်ထဲ ကျိတ်ကျိတ်ကလေး တုံ့ပြန်နေမိသည့် စကားလေးက....

"အရောင်အသွေးရော အပွင့်အနေအထားပါ စိမ့်လောက်အောင် လှနေရခြင်းရဲ့ အကြောင်းရင်းက ဒီပန်းလေးတွေက ညနေတိုင်း ညနေတိုင်း ကိုကိုနဲ့ ငြိမ်းတို့ရဲ့ ချစ်တေးသီကျူးသံလေးတွေကို ကြားနေကြရလို့ပေါ့"

ဟူ၍ပင်တည်း။

အဟွန်း....

တွေးရင်းမှပင် ငြိမ်း နှုတ်ခမ်းလေးတွေ အလိုလို ပြုံးရိပ်သန်းလာရ၏။

ဩော်....သည်နေ့တော့ ကိုကိုတစ်ယောက် ရောက်မလာသေးပါ။

ပန်းကလေးတွေလည်း ငြိမ်းလိုပင် ကိုကို့အလာကို မျှော်နေကြပါပြီ။

သို့သော် သည်နေ့အဖို့ ငြိမ်းရင်ထဲမှာ ဆွေ့အကြောင်းလေး တစ်ခုကြောင့် ကိုကို့အလာကို မျှော်လည်းမျှော် လာမှာကိုလည်း စိုးရိမ်နေမိပြန်၏။

ဆွေ့အတွက် ကိုကို့ကို ငြိမ်း မျက်နှာပူနေရပြီ မဟုတ်ပါလား။

ဆွေ့ လုပ်သွားပုံက အတော်ဆိုးလှပါသည်။ ငြိမ်းက ဆွေ့အတွက်ဆို ကိုကို့ဆီမှာ ရသင့်ရထိုက်သော အခွင့်အရေးတွေထက် ပိုမို၍ တောင်းပေးကာ ဖေးမကူညီခဲ့သလောက် ခုတော့ ဆွေ့တစ်ယောက် ခြေစုံကန်ကာ ထွက်သွားပါလေပြီ။

သည်တော့ ငြိမ်းမှာသာ ကိုကို့ကို ဘယ်လို စပြောရမှန်း မသိပါလေတော့။

မေမေ့ကို ငြိမ်း ပြောပြတော့ မေမေ ခေါင်းတညိတ်ညိတ်နှင့် ကောက်ချက်ချလေ၏။

"အဲဒါကြောင့် ရှေးက လူကြီးသူမတွေ ဆိုရိုးစကား ထားခဲ့တာပဲ သမီးရယ်၊ လှေမျောလဲ မဆယ်နဲ့၊ လူမျောလဲ မကယ်နဲ့တဲ့၊ ခုတော့ သမီး ကိုယ်တွေ့ကြုံရပြီ မဟုတ်လား"

မေမေ့စကား မှန်နေသဖြင့် ငြိမ်း ခေါင်းငုံ့သက်ပြင်းချရုံမှလွဲ၍ ဘာမှ မပြောနိုင်တော့ချေ။

ဘဏ်ဝင်းစာပေ



ဆွေ့အပေါ်မှာ အစစအရာရာ ငြိမ်း၏ အသေးစိတ် ကူညီမှုတွေက သာမန် မိတ်ဆွေသူငယ်ချင်းတစ်ယောက်၏ ကူညီမှုအတိုင်းအတာထက် အများကြီးကို သာလွန်နေပါသေး၏။

ဆွေ၏ ရလေလိုလေ လောဘရမ္မက်ကို ငြိမ်းလည်း အနစ်နာခံကာ တတ်နိုင်သမျှ ဖြည့်ဆည်းပေးခဲ့ပါ၏။

ခုတော့လည်း ဆွေ့တစ်ယောက် သူ့လမ်းသူ သွားလေပြီ။

ငြိမ်းအနေနှင့် စေတနာ အမှန်ဖြင့် ဆုတောင်းပေးနေမိပါ၏။

ဆွေ့စိတ်ဆန္ဒမှန်သမျှ အားလုံး ပြည့်ဝပါစေဟူ၍ပင်။

"တီ....တီ"

"တော"

သစ်ခွအိမ်လေးထဲမှ ကိုကို့အလာကိုမျှော်ရင်း ရောက်တတ်ရာရာ တွေးနေမိသော ငြိမ်းမှာ ကိုကို့ကားသံကြားသည်နှင့် ပြုံးကြည်စွာဖြင့် ကိုကို့ကားနားဆီ လမ်းလျှောက်လာနေ၏။

ကိုကိုကလည်း သစ်ခွအိမ်လေးဘေးမှာ ကားကို ငြိမ့်ခနဲ ရပ်ကာ ပေါ့ပါးဖျတ်လတ်စွာ ဆင်းလာတာမို့ ငြိမ်းနှင့် လမ်းခုလတ်မှာပင် ဆုံမိကြတော့၏။

ငြိမ်းကို ကိုကို ကြည်စင်တည်ခန့်စွာ ပြုံးပြလိုက်ပြီးမှ ပြောလိုက်၏။

ဘဏ်ဝင်းစာပေ

"ကိုကို နည်းနည်း နောက်ကျသွားတယ် ငြိမ်း၊ ညှော်သည် တစ်ယောက်ရောက်လာလို့၊ ငြိမ်းစောင့်နေတာ ကြာပြီလား"

"မကြာသေးပါဘူး ကိုကိုရဲ့၊ သစ်ခွလေးတွေနဲ့ စကား ပြောရင်း စောင့်နေတာလေ"

"ဟုတ်လား ငြိမ်း၊ သစ်ခွလေးတွေက ဘာတဲ့လဲကွာ"

"ကိုကို ကြာလိုက်တာတဲ့"

"ငြိမ်းက ပြန်မပြောလိုက်ဘူးလား"

"ဘယ်လို ပြန်ပြောရမလဲ ကိုကို"

"ကိုကိုက ငြိမ်းအတွက် အလုပ်တွေ ကြိုးစားနေရလို့ပါ ကွာလို့"

"အဟင်း....ဟင်း"

"အဟင်း...."

နှစ်ယောက်သား သဘောကျစွာ ရယ်မောလိုက်ကြပြီးမှ ထိုင်နေကျ သစ်ခွအိမ်လေးရှိ ခုံတန်းဖြူဖြူလေးပေါ် ယှဉ်ကာ ထိုင်လိုက်ကြ၏။

ရေမိုးချိုးသန့်စင်ပြီးစမို့ ကိုကိုရော ငြိမ်းပါ နှစ်ဦးစလုံး လန်းဆန်းရှင်းသန့် နေလေတော့၏။

ငြိမ်းက ချစ်သော ကိုကို့ကို လေးစားအားကိုးရလွန်းစွာ ပြုံးကြည်ကြည်လေး မော့်ကြည့်နေသလိုပင် ကိုကိုကလည်း





ငထားမတတ် မြတ်နိုးချစ်ကြင်ရသူ သည်းအူလေးကို ပြုံးမိန့် မိန့်လေးဖြင့် အကြည့်ချင်း ဆိုင်ကာ ချစ်ချင်း ပြိုင်နေကြလေ သည်။

ချစ်ရည်ရွှန်းသော မျက်ဝန်းနှစ်ခု အတန် ကြာ အောင် ဆုံနေမိကြပြီးမှ အရင်ဆုံး သတိဝင်ကာ ထိန်းချုပ်နိုင်စွမ်းရှိသူ မိန်းမသားပီပီ ငြိမ်းက မျက်တောင်ထူထူလေးကို ပုတ်ခတ် ပုတ်ခတ် လုပ်လိုက်ကာ စကားစလိုက်၏။

"ကိုကို သိပ်ပင်ပန်းနေသားဟင်"

"ဘာဖြစ်လို့လဲ ငြိမ်း"

ငြိမ်း လက်ချောင်းလေးများကို မြတ်နိုးယုယစွာ ဆွဲယူ ဆုပ်ကိုင်ထားလိုက်ပြီးမှ ကိုကိုက မေး၏။

"ဟို....ကိုကို အလုပ်တွေ ကြိုးစားနေတယ်ဆိုလို့ပါ"

"ခြောက်ကွာ ငြိမ်းရာ.... အလုပ်လုပ်တယ်ဆိုတဲ့ နေရာမှာ ကိုယ်ရောစိတ်ပါ အနည်းနဲ့ အများတော့ ပင်ပန်းမှုဆိုတာ ရှိစမြဲပဲပေါ့၊ မဆန်းပါဘူးကွာ"

"ကိုကိုရယ် ငြိမ်းတို့မှာ ငွေကို ဒါလောက်လဲအပန်းတကြီး ရှာစရာ မလိုပါဘူးနော်"

"ဟိုဘ်....ဒီကလေးမ ကြည့်စမ်းကွာ ဘယ်လို ပြောလိုက် တာလဲ ငြိမ်းရာ"

"ငြိမ်းပြောတာ မှားသလားဟင် ကိုကို၊ စားဝတ်နေရေးအတွက် အထိုက်အလျောက်တော့ ဖူလုံပြည့်စုံနေပြီပဲ ကိုကိုရယ်၊ ပင်ပင်ပန်းပန်း မလုပ်စေချင်ဘူးလေ"

"ငြိမ်းရာ ကိုကို ပင်ပန်းတယ်ဆိုတာ လေအေးစက်တပ်ထားတဲ့ အခန်းလေးထဲမှာ စမတ်ကျကျလေးနေပြီး စီမံခန့်ခွဲရုံလေးပါကွာ၊ အားသွန်ခွန်စိုက် အပန်းတကြီး ဘာမှလုပ်ရတာ မဟုတ်ပါဘူး၊ ငြိမ်းက ကိုကို ပင်ပန်းမှာကို စိုးနေတယ်သား"

"ဟုတ်တယ် ကိုကို၊ စီးပွားရေးအတွက် လောဘတကြီးနဲ့ စားချိန် အိပ်ချိန်မမှန် ဖြစ်မှာစိုးလို့ပါ"

"မပူနဲ့ ငြိမ်းရာ၊ လောကမှာ လောဘ မရှိဘူးဆိုတဲ့လူ အင်္ဂြားသားပဲကွာ၊ ဒါပေမယ့် အဲဒီလောဘဟာ သူတစ်ပါး မထိခိုက်စေတဲ့ လောဘမျိုးပဲ ဖြစ်သင့်တယ်လို့ ကိုကို ယူဆတယ်လေ"

"ဟုတ်တယ်နော် ကိုကို"

"မတော်မတရားမှုနဲ့ လောဘတကြီး ရှာဖွေထားတဲ့ စည်းစိမ်ဆိုတာ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ တူသော အကျိုးပေးစမြဲပဲ၊ ပျက်စီးဆုံးရှုံးစမြဲပဲ ငြိမ်း"

"အင်း...."

"မသမာမှုနဲ့ ကြီးပွားတယ်ဆိုတာ တာရှည် မခံတတ်ပါဘူးကွာ၊ ရလာတဲ့ ငွေတွေအပေါ်မှာလဲ လေးစား တန်ဖိုး





ထားရကောင်းမှန်း မသိကြဘူးပေါ့ကွာ၊ အချောင်ရတဲ့ငွေဟာ အချောင်သုံးရင်းနဲ့ အပျော်ဖြုန်းပစ်တာပဲ များတယ် ငြိမ်း၊ ကိုကိုတို့ ဝင်ငွေတွေကျ တကယ့်လုပ်အားစစ်စစ်မို့ ကျစ်လျစ်ခိုင်မြဲမှု အမြဲရှိနေတယ် သိလား"

ကိုကို့စကားကြောင့် ငြိမ်းမှာ ဆွေ့ကိစ္စကို ဒက်ခနဲ သတိရလိုက်မိ၏။

လခကို အဆမတန် တိုးပေးထားသော ရတနာထွန်းဟိုတယ်၏ မက်လုံးများက တရားမျှတမှုရှိသော စီးပွားရေးမှ ဟုတ်ပါလေစ ဟူ၍ပင်။

"ငြိမ်း"

"ကိုကို"

"ငြိမ်လှချည်လား၊ ကိုကို့ကို ဘာမှ ပြန်မပြောတော့ဘူးလား"

"ငြိမ်း စဉ်းစားမိလို့ပါ ကိုကို"

"ဘာများလဲ ငြိမ်း"

"ကိုကို"

"အင်း....ဆိုလေ ငြိမ်း"

"ဟို....ငြိမ်း ဘယ်ကစပြီး ပြောရမှန်းတောင် မသိတော့ပါဘူး ကိုကိုရယ်"

တကယ်တမ်းကျ ငြိမ်း ရုတ်တရက် ပြော၍ မထွက်နိုင်အောင် ရှိနေရတာမို့ ကိုကို့မျက်နှာကို မကြည့်ရဲသလို အပြောခက်နေရလေတော့၏။

ကိုကိုက ငြိမ်း၏အမူအရာကို စူးစိုက်အကဲခတ်လိုက်ပြီးမှ ပြုံးကာ မေးလိုက်၏။

"ငြိမ်း အပြောခက်နေပုံ ထောက်တော့ ခင်ဆွေသက်ရဲ့ ကိစ္စမှ ဟုတ်ရဲ့လားကွာ"

"ဟင်....ကိုကို သိတယ်"

"ခန့်မှန်းရတာပေါ့ကွာ၊ ဘယ်လိုလဲ ငြိမ်း၊ သူ အလုပ်ဆက်မလုပ်နိုင်တော့ဘူးတဲ့လား၊ ဟုတ်လား"

"ဟင်....အဲဒါလဲ ကိုကို သိနေတယ်"

မျက်လုံး အဝိုင်းသားနှင့် ငြိမ်း၏ အံ့သြနေမှုကို ကိုကို သဘောကျစွာ ရယ်လိုက်ပြီးမှ ပြောလိုက်၏။

"အဟင်း.... ငြိမ်းရယ် ငြိမ်းမှာ ငွေချေးတယ်၊ မရဘူး၊ ကိုကို့ဆီ ထပ်ချေးတယ် မရလိုက်ဘူးဆိုတော့ ခင်ဆွေသက် အဘော်လေး မကျေမနပ် ဖြစ်သွားတယ်လေ"

"ဟုတ်တယ် ကိုကို၊ သူ့အခက်အခဲဆိုတာက အလှအပအတွက် သက်သက်မို့ ငြိမ်း မပေးတာပါ၊ အဲဒါကို စိတ်ဆိုးပြီး အလုပ်ထွက်တယ်တဲ့လေ"





"အဟင်း....ဟင်း.... ကောင်းသွားတာပေါ့ ငြိမ်းရာ၊ သူအခုဝင်တဲ့ ရတနာသွန်းမှာ သူ့အတွက် အဆင်ပြေပါလိမ့်မယ်၊ သူ့ချစ်သူ မန်နေဂျာ မိုးကျော်က သူ့ကို အကောင်းဆုံး ဖြစ်အောင် ဖန်တီးပေးနိုင်မှာပ "

"ဟုတ်တယ် ကိုကို၊ လခ သုံးထောင်ပေးတယ်တဲ့"

"အင်း....ငါးထောင် တစ်သောင်းအထိ ရချင်ရမှာပေါ့ ငြိမ်းရာ"

"ဘာဖြစ်လို့လဲ ကိုကို"

"နောက်တော့ ငြိမ်း သိလာရမှာပေါ့ကွာ၊ မသေချာဘဲနဲ့ ကိုကို ဘာမှမပြောချင်သေးဘူး ငြိမ်း"

"ဟင်...."

❋

## အခန်း(၂၁)

"လာ....လာ....လာ....ဒါ...ဒါ....ဒါ"

ဖိတ်ဖိတ်လက်လက် တောက်ပြောင်နေသော မှန်တင်ခုံ ရှေ့မှာ ဝင်ထိုင်လိုက်ရင်းမှ ခင်ဆွေသက်တစ်ယောက် အပျော် ကြီး ပျော်နေပါ၏။

မှန်ပါသည်။

ဆန္ဒမှန်သမျှ ပြည့်ဝပြီဟု ဂျပ်ဆိုနိုင်လောက်အောင် သူမကို ကိုမိုးက လိုလေသေးမရှိ စီမံပေးထားသည် မဟုတ်ပါလား။

ကြည့်စမ်းပါဦးလေ။

ခေတ်မီသားနားတဲ့ နေဟာသည် တိုက်ခန်းလေးကို သူမ အတွက် ကိုမိုးက ကြည်ဖြူမြတ်နိုးလှန်းစွာ ဝယ်ပေးထား ပါသည်။

ဆွေ့ဘဝမှာ ယ်ည်လိုအခြေအနေမျိုးဖြင့် ဘယ်တော့များမှ နေရပါမလဲဟူသော စိတ်ကူးယဉ်မှုများဖြင့် အမြဲတမ်း အလို မကျ ဖြစ်ခဲ့ရသမျှ ခုတော့ ကိုမိုးကျေးဇူးကြောင့် ဆွေ့ စမတ် ကျကျလေး နေရပါပြီ။

မှန်တင်ခုံပေါ်မှ အရွယ်အစားအမျိုးမျိုး၊ ပုံစံအမျိုးမျိုး အလှပြင်ပစ္စည်းများက သူ့သခင်မကို မော့ကြည့်နေကြ သည် လေ။

ထိုပစ္စည်းတွေကိုလည်း ချစ်သော ကိုမိုးပင် ဝယ်ထား ပေးလေသည်။

ကိုမိုး၏ ချစ်တတ်မှု၊ အလိုလိုက်တတ်မှုများက ဆွေ့ တစ် သက်မှာ မကြုံဖူးလောက်အောင် ထူးခြား အံ့သြစရာကောင်း နေရလေသည်။

"ဆွေ့ ပင်ပ[illegible] လာ လာ....ကိုမိုး ကားတစ် ပတ် မော[illegible] ခေါင်းကြည်ပြီး လန်းသွားအောင် ဟုတ်လား၊ မြို့တော့မှ တစ်ခုခုစားတာပေါ့"

ထို့ကြောင့်လည်း ဆွေ့မှာ ကိုမိုး၏ ကားလှလှလေးပေါ် မှာ ကိုမိုးနှင့်ကိုမှီနဲ့ကာ ဇိမ်ကျကျစီးရင်း လောကစည်းစိမ် များကို တိန်တိန်မြည်အောင် ခံစားခဲ့ဖူးပါပြီ။

ယခင်က စိတ်ကူးယဉ်ကာ ရူးခဲ့ရသမျှ ကိုမိုးကြောင့် ဆွေ့ ဖြစ်ချင်တာ လိုချင်တာအားလုံး ရခဲ့လေပြီတည်း။





ထို့ကြောင့် ဆန္ဒပြည့်ဝကာ ပျော်ရွှင်မှုထူးစွာဖြင့် ဆွေ့ ရေမိုးချိုးကာ အလှပြင်ရန် မှန်တင်ခုံရှေ့ဝယ် သီချင်းလေး တညည်းညည်းနှင့် ရှိနေခြင်းဖြစ်လေသည်။

အလှပြင်ပစ္စည်းများက တန်ဖိုးကြီးများသာ ဖြစ်ပါသည်။

ကိုမိုးက ဘယ်လောက်အထိနားလည်တတ်သလဲဆိုပါလျှင် ဆွေ့အတွက် ဘယ်လိုမိတ်ကပ် အမျိုးအစားကို လိမ်းရမည် ဆိုတာကိုပင် အသေးစိတ် သိတတ်စွာ ဝယ်လာပေးတတ်ခြင်း ပင် ဖြစ်တော့သည်။

လက်သည်းနီ၊ နှုတ်ခမ်းနီ အရောင်အမျိုးမျိုးအပြင် လက် ကိုင်အိတ်အစ ဖိနပ်အဆုံး ဝယ်ပေးတတ်သဖြင့် ဆွေ့ကပင် ပြောယူရသည်အထိ ရှိနေလေ[illegible]

"ကိုမိုးက သိပ်ဝယ်တတ်တာပဲကွာ၊ [illegible]တ်လွန်းလို့ ဆွေ့တောင် အံ့သြသွားပြီ သိလား"

"ဘာမှမအံ့သြနဲ့ ဆွေ့၊ ဒါဟာ ကိုမိုးအလုပ်ပဲကွ"

"ဟင်....ဘယ်လို၊ ကိုမိုးအလုပ် ဟုတ်လား"

ဆွေ့ တအံ့တသြပြောတော့ ကိုမိုးက သဘောကျစွာ တဟားဟား ရယ်မောလိုက်ပြီးမှ....

"အဟား....ဟား....ဆွေ့ကလဲကွာ၊ ဒါများ ဆန်းသလား၊ ကိုမိုးမှာ အစ်မတွေ ညီမတွေမှအများကြီး သိလား"

"အင်း....အင်း....ကိုမိုး တစ်ခါပြောဖူးပါတယ်၊ အစ်မက လေးယောက်၊ ညီမလေးက ငါးယောက်ဆိုလား၊ ဟုတ်လား ကိုမိုး"

"ဟုတ်တယ်လေ....မောင်နှမဆယ်ယောက်ကြားမှာ ကိုမိုး အခြောက်မဖြစ်သွားတာဘဲ ကံကောင်းတယ်မှတ်၊ ဒါပေမယ့် မိန်းကလေး အသုံးအဆောင် ပစ္စည်းတွေဆိုရင် အစ်မတွေ ညီမတွေက ကိုမိုးကို ရှာရှာဖွေဖွေ ဝယ်ခိုင်းတတ်လွန်းလို့ ဘယ်ဟာကကောင်းတယ် မကောင်းဘူးဆိုတာကို ကိုယ်တိုင် မသုံးရဘဲနဲ့ ကိုမိုး အလိုလိုခွဲခြားတတ်တဲ့ ပညာတွေ ရလိုက် တော့တာပဲကွာ"

"ခု အဲဒီမောင်နှမတွေ ဘယ်မှာနေလဲဟင် ကိုမိုး"

"ဘာလဲ....ဆွေ တွေ့ချင်လို့လား"

"အင်းလေ....တစ်နေ့ ယောက်မတော်ရမယ့် လူတွေပဲဟာ တွေ့ချင်တာပေါ့၊ အလှပြင်နည်းလေးတွေ မေးရအောင်လေ"

"မတွေ့ချင်ပါနဲ့ကွာ၊ သူတို့က ကိုမိုးကို ဘယ်မိန်းကလေး နဲ့မှ သဘောတူတာ မဟုတ်ဘူး ဆွေ"

"ဟင်....ဟုတ်လား"

"ဟုတ်တယ်၊ ကိုမိုး ကို လူပျိုကြီးပဲ လုပ်ရမယ်တဲ့"

"အို...."





"မိန်းမယူမယ်ဆိုရင် သေခန်းပြတ်ပဲတဲ့၊ အသိအမှတ်လဲ မပြုဘူးတဲ့ သိလား"

"ဘာဖြစ်လို့လဲဟင် ကိုမိုး"

"ကိုမိုးကို သိပ်ချစ်ကြလို့ပေါ့ကွာ၊ တစ်ယောက်တည်း ရှားရှားပါးပါးရှိတဲ့ မောင်ကို ဘယ်သူနဲ့မှ ချစ်သွားတာကို မလိုလားနိုင်ကြဘူးပေါ့"

"အတွာဆန်လိုက်တာနော်၊ ဆွေ ကြောက်ပါတယ်၊ ကိုမိုးနဲ့ ခွဲရရင် သေမှာပဲ သိလား"

"သိပါတယ်ကွာ၊ ဒါကြောင့်လဲ ကိုမိုးက ဆွေ့ကို ချစ်နေ ရတာပေါ့"

"ကိုမိုး"

"ဟင်...."

"ဆွေ့ကို တကယ်ချစ်တာနော်"

"ဘာလဲ၊ မယုံဘူးလား"

"ယုံပါတယ်၊ ကြားချင်လို့"

"ကိုမိုး ချစ်တာ ဆွေ မသိသေးဘူးလား"

"သိပါတယ်နော်၊ ဘာလို့ချစ်လဲဟင်"

"ချစ်လို့ပေါ့"

"ဟင့်အင်းကွာ....အဲလို ပေါ့ပေါ့မပြောနဲ့"

"ကျောက်တုံးကိုင်ပြီး ပြောရမှာလား"

"ကိုမိုးနော်....မနောက်နဲ့ကွာ၊ ဆွေ့ အကောင်းမေးနေတာ"

"ကဲ....ကဲ....ဒါဆိုလဲ ဖြေပါ့မယ်ဗျာ၊ နားထောင်၊ ဟုတ်လား"

"အင်း"

"ဆွေက သိပ်လှတယ်"

"ဟင်....ဟုတ်လို့လား"

"ဟုတ်တာပေါ့ကွာ၊ လောကမှာ အများအားဖြင့် တစ်ယောက်ကိုတစ်ယောက် စိတ်ဝင်စားတယ် ချစ်တယ်ဆိုတာ အလှအပ ပယာဒတစ်ခုခုက အခြေခံတာပဲ ဆွေရာ"

"အင်း....ဟုတ်မယ်နော်"

"ရှဲစောင်းကျိုးကန်းနေတဲ့ လူတစ်ယောက်ကို အကြောင်းမဲ့သက်သက် ဘယ်လိုမှ မပတ်သက်ကြဘဲနဲ့ ဘယ်သူက စိတ်ဝင်စားမှာလဲ ဆွေ"

"ဟုတ်တယ်နော် ကိုမိုး"

"ကိုမိုး အမှန်အတိုင်းပြောတာပဲ၊ ဆွေ့ကို လှလို့ ကိုမိုးချစ်တယ်၊ ကဲ....ကျေနပ်လား"

"ဟင့်အင်း....မေးဦးမယ်"

ဥာဏ်ဝင်းစာပေ



"မေးဗျာ"

"တကယ်လို့ ဆွေ့ မလှတော့ရင်ကော ဟင်"

"ဟာ.... တောက်တီးတောက်တဲ့၊ အမေမွေးကတည်းက လှပြီးသား ဆွေ့ရုပ်ရည်ဟာ ဘယ်တော့မှ ရုပ်မဆိုးတော့ဘူးဆိုတာ သေချာသွားပြီပဲကွာ၊ ဘာတွေများ မဟုတ်မဟတ်တာတွေ စိတ်ကူးနေရတာလဲကွာ"

"ဥပမာ....အကြောင်းတစ်ခုခုကြောင့် ကြည့်လို့မကောင်းအောင် ရုပ်ဆိုးသွားတာမျိုးပေါ့ ကိုမိုးရဲ့"

"စိတ်ချစမ်းပါ ဆွေရယ်၊ ကျိုးမလား၊ ကန်းမလား၊ ရုပ်ပျက်ဆင်းပျက် စုတ်ပြတ်သွားမလား၊ ငွေရှိရင် အားလုံးအိုကေပြီးသားပဲကွာ၊ အလကား မဖြစ်နိုင်တာတွေကိုမတွေးနဲ့သိလား၊ ဆွေ တွေးနေရမှာက ဘယ်လိုလှအောင် ပြင်ဆင်ရမလဲဆိုတာ"

"ကိုမိုးက အလှသိပ်ကြိုက်တယ်နော်"

"ဒီမယ် ဆွေ၊ အလှအပဆိုတာ ကိုမိုးမှ မဟုတ်ဘူး၊ လူတိုင်းကြိုက်တာဗျ"

"ကိုမိုးက နည်းနည်းပိုတယ် မဟုတ်လား"

"အများကြီးကိုပိုတယ်၊ အဲဒါကြောင့် ချစ်သူကိုတောင်မှ အလှဆုံးကိုရွေးပြီး အကောင်းဆုံးပြင်ဆင်ခိုင်းတာပေါ့၊ ဒါမှ သူငယ်ချင်းတွေအလယ်မှာ ကိုမိုးက ရင်ကိုကော့ ခေါင်းမော့ပြီး ကြွားလို့ရမှာလေ၊ မဟုတ်ဘူးလား ဆွေ"

ဥာဏ်ဝင်းစာပေ

"အဟင်း....ကိုမိုးရယ်၊ ဆွေ့ကို လှတယ်ပြောလို့ ဆွေ အရမ်းပျော်သွားပြီ"

"ကျေးဇူးကော မထင်ဘူးလားဆွေ"

"အိုး.... သိပ်တင်တာပေါ့၊ ဆွေ ဘာလုပ်ပေးရမလဲဟင် ကိုမိုး"

"ကိုမိုး ဖြစ်ချင်တာ ဆွေ တကယ်ပဲ လုပ်ပေးမှာလား"

"ဩော်....ကိုမိုးရယ်၊ ဆွေ့ကို အထင်သေးလိုက်တာ၊ ခုဆိုရင် ဆွေ ဘဝမှာ ကိုမိုးသာလျှင် ကိုးကွယ်ရာ အားထားရာ ဖြစ်နေပါပြီနော်၊ ကိုမိုး ဖြစ်စေချင်တာမှန်သမျှ ဆွေ အသက်စွန့်ရစွန့်ရ ပေးဆပ်ဖို့အသင့်ပါ ကိုမိုးရယ်၊ ဆွေ တကယ်ပြောတာပါ"

"ဆွေ့စကားဆွေ မှတ်ထားနော်"

"စိတ်ချ ကိုမိုး"

"ကောင်းပြီ၊ ခုတော့ ကိုမိုး ဘာမှ မလိုသေးဘူးကွာ၊ လိုအပ်တဲ့အခါ ပြောမယ်၊ ဟုတ်လား ဆွေ"

"အဆင်သင့်ပါ ကိုမိုးရယ်....ဆွေ့ကို လိုလေသေးမရှိ ကိုမိုး ဖန်တီး ဖြည့်ဆည်းပေးထားတဲ့ ကျေးဇူးတွေဟာ ဒီတစ်သက်မှာ ဆပ်လို့မကုန်တော့ပါဘူးလေ"

"ဒါလောက်လဲ မဟုတ်သေးပါဘူး ဆွေရာ၊ ကိုမိုးက ဆွေ့ကို မြင်မြင်ချင်းချစ်မိတာ၊ ဆွေ အချစ်ကိုရတော့ ကိုမိုး သိပ်





ပျော်တာ သိလား ဆွေ၊ ကိုမိုး စိတ်ထဲမှာ ဆွေ့ကို အကောင်းဆုံးဖြစ်အောင် ဘယ်လိုထားရမလဲဆိုတာ အမြဲစဉ်းစားနေတာ"

"ကိုမိုးရယ်....ခု အခြေအနေလောက်နဲ့တင်၊ ဆွေ သိပ်ပျော်နေပါပြီနော်"

"ဘယ်ဟုတ်မလဲ ဆွေ၊ လူဆိုတာ တိုးတက်ကြီးပွားမှုအတွက် အမြဲ တွေးတောကြံဆနေရမှာ၊ ကိုမိုးမှာ အကြံအစည်တစ်ခုရှိတယ် ဆွေ"

"ဘာများလဲဟင်....ကိုမိုး"

"မအောင်မြင်ခင်မှာ ကိုမိုး မပြောချင်သေးဘူး ဆွေ၊ သူများတွေ ချမ်းသာနေကြသလို ကိုမိုးတို့လဲ ဘာလို့မချမ်းသာနိုင်ရမှာလဲ ဆွေရာ၊ အကြံကောင်းရင် တစ်ချက်လို့တောင် ဆိုထားတာပဲ၊ ကြည့်နေ ဆွေ၊ ကိုမိုးဟာ တစ်နေ့မှာ သိန်းပေါင်း မြောက်မြားစွာ ချမ်းသာတဲ့ လုပ်ငန်းရှင် သူဌေးကြီး တစ်ယောက် ဖြစ်ကိုဖြစ်ရမယ်ကွာ"

"ကိုမိုးရယ်....ကြားရတာ ဆွေဖြင့် ကြက်သီးကို တဖြန်းဖြန်းထသွားတာပဲ၊ သိလား"

"ကိုမိုး အကြံအစည်ထဲမှာ ဆွေ အကူအညီလဲ တစ်စိတ်တစ်ဒေသလောက် ပါချင်ပါလိမ့်မယ် ဆွေ"

"စိတ်ချပါ ကိုမိုးရယ်၊ ဆွေ ဘဝကို ကိုမိုးလက်ထဲ ဝကွက်ပြီး အပ်ထားပြီးပြီပဲကွာ၊ ကိုမိုးသဘော သိလား"

"အင်း....ဆွေ့က အဲသလို လိမ္မာမှန်းသိလို့ ကိုမိုး ပိုပြီးချစ်နေရတာပေါ့ကွာ"

"အဟင်း....ဟင်း....ကိုမိုးရယ်၊ ဆွေလဲ ကိုမိုးကို သိပ်ချစ်ရဲ့တာပါနော်"

"အဟွန်း....ဟွန်း"

မှန်တင်ခုံရှေ့မှာထိုင်ရင်း စိတ်ကူးလေးတွေ လွင့်နေရာမှ ဆွေ ဖျတ်ခနဲ ထရပ်လိုက်မိ၏။

"ဟယ်တော့.... ငါးနာရီတောင်ခွဲတော့မယ်၊ ကိုမိုး လာခေါ်တော့မယ်၊ ဆွေ ဘာမှ မလုပ်ရသေးဘူး၊ ဒုက္ခပဲ.... ဒုက္ခပဲ"

ပျာယာခတ် တဟွတ်ဟွတ်ရှတ်ရင်း ဆွေ တစ်ယောက် အလှပြင်ခြင်းလုပ်ငန်းကို ကမန်းကတန်းလေး တကုတ်ရိုက် ပြင်ဆင်နေမိ၏။

မှန် တင် ခုံ နံ ဘေး ရှိ နှစ်ယောက်အိပ်ခုတင်ကြီးပေါ်မှာ အဆင်သင့်တင်ထားသော ဝတ်စုံကို ကောက်ဝတ်နေစဉ်မှာပင် ကိုမိုး၏ ကားသံကို ကြားလိုက်ရပါတော့၏။

"တီ....တီ"

"လာပြီ....ကိုမိုးရေ....လာပြီ"

ဒေါက်မြင့်ခွာချွန်ဖိနပ်လေးကို အလျင်စလိုစီးကာ တံခါးလာဖွင့်ပေးသော ဆွေ့ ကိုယ်လုံးလေးကို ကိုမိုး အသာ ဆွဲယူထွေးပွေ့လိုက်ပြီးမှ ဖွဖွလေးနမ်းရှိုက်ကာ ပြောလိုက်၏။

"အား....မွှေးလိုက်တာ၊ ရင်ထဲအေးသွားတာပဲကွာ၊ ဆွေက သိပ်လှနေပါလား"

"ဆွေတို့ ဘယ်သွားမလဲဟင်....ကိုမိုး"





"ထုံးစံအတိုင်း လေညင်းခံရင်း ကားတစ်ပတ်မောင်းပြီး တစ်ခုခုစားကြတာပေါ့နော်....ဆွေ"

"ကိုမိုး"

"ဟင်...."

"ဒီည အိမ်မပြန်ပါနဲ့လားဟင်"

"ဟာ....မဖြစ်ဘူး ဆွေ၊ ခုတလော မမကြီးက သိပ်ပြီး အစစ်အဆေးထူတာ၊ သူ သိသွားလို့ မဖြစ်ဘူး ဆွေရ"

"ဟင်.... ဟုတ်လား ကိုမိုး၊ ဒါဆိုလဲ ရှိစေတော့လေ၊ ဆွေက အေးအေးဆေးဆေးရှိနေမလားလို့ပါ"

"နောက်တော့ ရှိလာမှာပေါ့ ဆွေရာ၊ ကဲ....သွားကြစို့"

"ကောင်းပြီ ကိုမိုး"

✲

## အခန်း(၂၂)

ငြိမ်း စာမေးပွဲမဖြေပြီးသွားပြီမို့ ကိုကိုနှင့် လက်ထပ်ရန်ကိစ္စကို စီစဉ်နေကြပါပြီ။

ကိုကိုရော ငြိမ်းပါ ပျော်နေကြလေသည်။

မင်္ဂလာခန်းဝင်ပစ္စည်းများကို နှစ်ဦးသား တိုင်ပင်ကာ စိတ်တိုင်းကျ ရွေးချယ်ဝယ်ယူနေရသဖြင့် တစ်နေ့ တစ်နေ့ အားရချိန်ကို သိပ်မရှိလှပါ။

လက်ထပ်ပြီးလျှင် ဝင်ဒါမီယာရှိ ကိုကို့ အိမ်သစ်ကလေးမှာ ငြိမ်းတို့ နေကြပါမည်။

ခြံဝင်းကျယ်မှာ တစ်ထပ်တိုက်လှလှလေးနှင့် ပန်းခြံလေးက ပန့်တင့်လှလေ၏။

ဘဏ်ဝင်းစာပေ

ကိုကို စိတ်ရှည်လက်ရှည်အချိန်ယူကာ ဆောက်ထားသော ထိုစံအိမ်လေးကို "ငြိမ်းရိပ်မွန်" ဟူ၍ အမည်ပေးထားပါသည်။

အိမ်တွင်းအလှဆင်မည့် ပရိဘောဂများအစ နံရံကပ်ပန်းချီ၊ အခန်းထောင့်များမှာထားရမည့် သစ်ပင်တုများအဆုံး ကိုကိုရော ငြိမ်းပါ ခေါင်းချင်းဆိုင် တိုင်ပင်ဝယ်ခြမ်းနေရသည်မှာ မမောနိုင် မပန်းနိုင်အောင် ရှိနေလေတော့၏။

သည်နေ့လည်း တိုလီမိုလီလေးတွေဝယ်ရန် ငြိမ်း တစ်ယောက် ကိုကို့ကို မျှော်နေမိတော့၏။

ငြိမ်း အဆင်သင့်ဖြစ်ပြီး ငါးမိနစ်ခန့်အကြာမှာ ကိုကို့ကားလေး ငြိမ့်ခနဲ ထိုးဆိုက်လာပါတော့၏။

ဆင်ဝင်အောက်ဆီ သွက်လက်စွာ ဆီးကြိုရင်း ငြိမ်း မေးလိုက်၏။

"ကိုကို....ထိုင်ဦးမလားဟင်"

"မထိုင်တော့ဘူး ငြိမ်း၊ တစ်ခါတည်း သွားရအောင်၊ ငြိမ်း အဆင်သင့်ဖြစ်ပြီလား"

"ဟုတ်ကဲ့....ကိုကို"

ပြောရင်း ငြိမ်းကားထဲ စွေ့ခနဲ ဝင်ထိုင်လိုက်၏။ ကိုကိုက ပြုံးလိုက်ပြီးမှ....

"ကိုကို နည်းနည်းနောက်ကျသွားတယ်ကွာ"

"ရပါတယ် ကိုကိုရယ်....အရေးတကြီးလဲ မဟုတ်တာ"

ဘာဏ်ဝင်းစာပေ



"ငြိမ်း....စောင့်နေရတာ ကြာပြီလား"

"ဟင့်အင်း....ငါးမိနစ်လောက်ပါပဲ ကိုကို"

"ဒါဖြင့် သွားစို့"

"ဟုတ်ကဲ့"

ကားလေးက ခြံစင်းထဲမှ လျှောခနဲ ထွက်လာလေသည်။

လေးညှိုးမှလွှတ်လိုက်သော မြားတစ်စင်းနှယ် ကားလေးက တရိပ်ရိပ် ပြေးနေလေသည်။

ကိုကိုက ကားမောင်းရင်းမှ တစ်ချက်တစ်ချက် ငြိမ်းကို ငဲ့ကြည့်ကာ ပြုံးရိပ်စွန်းသော မျက်ဝန်းများဖြင့် ကြည့် ကြည့် တတ်တာမို့ ငြိမ်းမှာ မနေတတ်လှစွာ မေးမိပါတော့၏။

"ကိုကို....ဘာကြည့်တာလဲဟင်"

"ငြိမ်းက ချစ်စရာကောင်းလို့"

"အာ....ကိုကိုကလဲ"

"ဟုတ်တယ် ငြိမ်း၊ သူများတွေပြောသံ ကြားဖူးတယ်လေ"

"ဘာလဲဟင် ကိုကို"

"မင်္ဂလာဆောင်ခါနီး သတို့သမီးလောင်းလေးရဲ့အလှဟာ ကျန်တဲ့အချိန်တွေမှာထက် ပိုပြီးလှနေတတ်တယ်တဲ့"

"ဟင်....ဟုတ်လို့လား ကိုကိုရယ်"

ဘာဏ်ဝင်းစာပေ

"ဟုတ်တယ် ငြိမ်း"

"အံမယ်... ကိုကိုနော်၊ မြှောက်မနေစမ်းပါနဲ့၊ ငြိမ်းက ကလေးလဲမဟုတ်ဘူး သိလား"

"ဟောဗျာ....ကိုကိုက ဟုတ်လို့ဟုတ်တယ်ပြောတာငြိမ်းရ"

"မဖြစ်နိုင်ပါဘူးနော်၊ ငြိမ်းဟာ ငြိမ်းပဲပေါ့၊ အခုနဲ့အရင်နဲ့ ဘာမှ မကွာခြားသွားပါဘူး၊ ဒီရုပ်ဟာ ဒီရုပ်ပါပဲနော်.... အဟင်း....ဟင်း"

ငြိမ်းက ကိုကို့စကားကို မျက်စောင်းလေး မသိမသာ ချိတ်ကာ လက်မခံနိုင်ဟန် ပြောလိုက်သောအခါ ကိုကိုက ခေါင်းအသာယမ်းရင်းမှ....

"အဲဒါ ငြိမ်းအထင်ကိုး"

"ဟင်...."

"ငြိမ်းက ကိုယ့်ကိုယ်ကို မှန်ထဲမှာကြည့်ချိန်သာ မြင်ရတာ ထူးခြားမှုကို ဘယ်မြင်မလဲ"

"ဘာတွေ ထူးခြားနေလို့လဲဟင် ကိုကို၊ ငြိမ်း ရှက်လာပြီကွာ"

"အချစ်ဆုံးချစ်သူနဲ့ မကြာမီကာလမှာ အတူတူနေရတော့မယ်ဆိုတဲ့ ကြည်နူးမှု ပီတိပြိုးတွေက ငြိမ်း မျက်နှာပေါ်မှာ အလိုလို နေရာယူလာတယ်လေ"





"အို....ရှက်လိုက်တာ ကိုကိုရာ"

"ဒါ ရှက်စရာမဟုတ်ပါဘူး ငြိမ်း၊ ချစ်သူချင်း ဆုံစည်းပေါင်းဖက်ခွင့်ရကြတဲ့ လူတိုင်းမှာ ခံစားနိုင်တဲ့ ပျော်ရွှင်မှုတစ်ခုပဲလေ"

"ကိုကို"

"ဗျာ...."

"ပျော်နေလားဟင်...."

"သိပ်ပျော်တာပေါ့ ငြိမ်းရာ၊ လက်ထပ်ပြီးရင် ကိုကိုတို့ ကမ်းသာယာကို သွားကြမယ်နော်၊ ကိုကို အားလုံး စီစဉ်ထားပြီးပြီ၊ သိလား"

"ငြိမ်းတို့ အဲဒီမှာ ဘယ်လောက်ကြာကြာနေကြမှာလဲဟင် ကိုကို"

"ငြိမ်း နေချင်သလောက် ကိုကိုနေမယ်ကွာ"

"အင်း....အကြာကြီးတော့ နေလို့မဖြစ်ပါဘူးကိုကိုရယ်"

"ဘာပြုလို့လဲ ငြိမ်း"

"ဒီကအလုပ်တွေ လစ်ဟင်းမှာစိုးလို့ပါ"

"အံမာလေး....ငြိမ်းရာ၊ ကြည့်စမ်း ပူပန်တတ်လိုက်တာကွာ"

"ငြိမ်းပြောတာ မဟုတ်ဘူးလားဟင် ကိုကို"

"ဟုတ်ပါတယ်ဗျာ၊ ဒါပေမယ့် အဲဒါတွေ ငြိမ်းခေါင်းထဲ လိုးဝမစဉ်းစားနဲ့ ဟုတ်လား"

"ဟင်....ဘာဖြစ်လို့လဲ ကိုကို"

"စီးပွားရေးအလုပ်ကို ကိုကိုပဲလုပ်မယ်၊ ငြိမ်းကို အေး အေးဆေးဆေး အေးအေးချမ်းချမ်းနဲ့ လိုလေသေးမရှိ ထား မယ်၊ ငြိမ်းအလုပ်က ကိုကို့ကို ပင်ပန်းလာရင် ပြုစုယုယပေး၊ အဲ....ပြီးတော့ သားသားတွေ သမီးလေးတွေ အများကြီး မွေးပေး....ကဲ"

"သွား....ကိုကို မကောင်းဘူးကွာ"

"ကိုကို့ဆန္ဒရှိတဲ့အတိုင်း ပြောတာ ငြိမ်း၊ ကိုကိုတို့မိသား စုလေး ဘယ်လောက်ပျော်စရာ ကောင်းမလဲကွာ"

"ငြိမ်းက ကိုကိုနဲ့ အလုပ်ကူလုပ်ချင်တာ"

"အင်း....သားသမီးတွေ မရသေးခင်တော့ လုပ်ချင်လုပ် ပေါ့ ငြိမ်းရာ၊ ကလေးတွေရှိလာရင် ငြိမ်းက သူတို့လေး တွေရဲ့ အကောင်းဆုံး မိခင်တစ်ယောက်ဖြစ်အောင် နွေးထွေး လုံခြုံမှု အပြည့်ပေးရလိမ့်မယ်၊ ဒါမှ ယိမ္မာယဉ်ကျေးတဲ့ သား သမီးလေးတွေ ဖြစ်လာမှာ"

"ကိုကိုရယ်....စိတ်ကူးယဉ်လိုက်တာ"

"စိတ်ကူးယဉ်တာ မဟုတ်ဘူး ငြိမ်း၊ စနစ်တကျ စီမံကိန်း ချနေတာဗျ သိလား"

ဘာဏ်ဝင်းစာပေ



"အဟင်း....ဟင်း....ကိုကို့သဘောပဲလေ၊ ဟော.... ဟော ကိုကို စီလ်ချုပ်ဈေး ရောက်တော့မယ်လေ"

"အင်းပါ ငြိမ်းရာ၊ ကိုကို သိပါတယ်ကွာ"

ရယ်မောပြောရင်း ကားစတင်းရှိရာ ကိုကို ကားကိုမောင်း ၄င်လိုက်ကာ ရပ်စရာ တစ်နေရာမှာ အသေအချာ ရပ်လိုက် ပြီးမှ နှစ်ယောက်သား ဈေးထဲဝင်လာကြပါတော့၏။

တစ်နေရာအရောက်တွင် ခင်းကျင်းရောင်းချရန် ပြထား သာ ပုတီးလိုက်ကာများကို မြင်လိုက်ရာ ငြိမ်းက....

"ကိုကို....ဟိုမှာ ပုတီးလိုက်ကာလေးတွေ လှလိုက်တာ၊ ယ်ရအောင်နော်"

"ဝယ်လေ....ငြိမ်း"

ငှက်ခါးရင့်ရောင် ပုတီးလိုက်ကာကို ငြိမ်း ချစ်စနိုးလေး ကိုင်ကြည့်ပြီးမှ ဆိုင်ရှင် မမကို မေးလိုက်သည်။

"ဘယ်လောက်လဲဟင် မမ"

"ရှစ်ရာပါ ညီမလေး"

"လျှော့ပါဦးလား မမ"

"ရောင်းဈေးပါ ညီမလေးရယ်၊ တခြားအရောင်တွေလဲ ပါတယ်၊ ကြိုက်ရာရွေးပေါ့၊ မမ ပိုမပြောပါဘူးကွယ်"

"ယူမယ်နော် ကိုကို"

"ယူလိုက်လေ ငြိမ်း"

ထိုစဉ် ကိုကို့မိတ်ဆွေတစ်ယောက်က ကိုကို့ကို မြင်သည် ၄်....

ဉာဏ်ဝင်းစာပေ

"ဟော….ကိုရန်နောင်၊ ကျွန်တော် ခင်ဗျားကိုတွေ့ချင်နေတာနဲ့ အတော်ပဲဗျာ"

"ကိစ္စရှိလား ကိုဝင်းမြင့်"

"ဟုတ်တယ် ကိုရန်နောင်"

ငြိမ်းမှာ အလိုက်သိစွာဖြင့် ကိုကို့ကိုပြောရ၏။

"ကိုကို သွားလေ၊ ငြိမ်း ဒီမှာရွေးဦးမယ်"

"ငြိမ်း….ခဏနော်၊ ကိုကို စကားတစ်ခွန်းနှစ်ခွန်းပြောပြီးလာခဲ့မယ်၊ ငြိမ်း ပြီးရင် ဒီမှာပဲစောင့်နေပေါ့၊ ဟုတ်လား"

"ဟုတ်ကဲ့ ကိုကို"

ကိုကို ထွက်သွားတော့ ငြိမ်းမှာ ဆိုင်ရှင်ထုတ်ပြနေသော ပုတီးလိုက်ကာများကို တစ်ခုပြီးတစ်ခု ကိုင်ကြည့်နေသည်။

"ဝယ်သွားပါ ညီမလေးရယ်၊ ဒီဇိုင်းလေးတွေက သိပ်လှတာ၊ တချို့ဆို တစ်ထောင်လောက်အထိ ရောင်းတာကွယ့်"

"ဟော….ငြိမ်းပါလား၊ တစ်ယောက်တည်းလား"

အသံနှင့်အတူ တောက်ပပေါ်လွင်စွာ ရောက်လာသူက ဆွေပင်တည်း။

"သြော်….ဆွေ နေကောင်းတယ်နော်၊ ကိုကိုပါတယ်လေ၊ အသိတစ်ယောက်နဲ့တွေ့လို့ ဟိုဘက်ခဏထွက်သွားတယ်၊ ဆွေ ဈေးလာဝယ်တာလားဟင်"

"ဟုတ်တယ် ငြိမ်း၊ ပျင်းပျင်းရှိတာနဲ့ ဈေးဘဲပတ်ဖို့ ထွက်လာတာ၊ ပုတီးလိုက်ကာလေးက ချစ်စရာကောင်းလိုက်တာနော်၊ ဝယ်ရမလားလို့ စဉ်းစားပြီး ဝင်လာတာနဲ့ ငြိမ်းကိုတွေ့တာလေ၊ ဘယ်လိုလဲ လက်မထပ်ကြသေးဘူးလား"





"ရွှေလထဲမှာပါ ဆွေ၊ ဆွေ့လိပ်စာ ပေးခဲ့နော်၊ ငြိမ်း ဖိတ်စာပို့ရအောင်"

"စိတ်ချ စိတ်ချ၊ ဆွေလာရမှာပေါ့ ငြိမ်းရယ်"

ပြောရင်း လက်ကိုင်အိတ်လှလှလေးထဲမှ ဆွေက လိပ်စာကတ်တစ်ခုကို ယူထုတ်ကာ….

"ရော့….ငြိမ်း၊ ဒါ ဆွေ့ လိပ်စာပဲ၊ ငြိမ်းအားရင်လဲ လာလည်ပေါ့ကွာ"

"ခုတော့ မအားသေးပါဘူး ဆွေရယ်၊ နောက်တော့ ငြိမ်း လာခဲ့ပါ့မယ်နော်၊ ဆွေ အဆင်ပြေတယ် ဟုတ်လားဟင်"

"သိပ်ပြေတာပေါ့ ငြိမ်းရယ်၊ ဆွေ့ကိုပဲကြည့်လေ၊ အရင်က ဆွေနဲ့ တူသေးရဲ့လားလို့၊ အဟင်းဟင်း…. ကိုမိုးက သိပ်သဘောကောင်းတာ ငြိမ်းရဲ့၊ ဆွေ့ဘဝမှာ ခုလို လိုချင်တာအားလုံးရနေပြီ ငြိမ်းရဲ့၊ ရွှေလိုလား ရွှေ၊ ငွေလိုလား ငွေ၊ အားလုံး အိုကေမှာ စုံပြည့်လို့လေ"

"ခုလိုကြားရတာ ငြိမ်း တကယ်ပဲ ဝမ်းသာပါတယ် ဆွေရယ်"

"ဆွေ ပြောသားပဲလေ၊ လူဆိုတာ ကံအနိမ့်အမြင့်တွေနဲ့ ကျင်လည် လှုပ်ရှားနေကြတာလေ ငြိမ်းရဲ့၊ ခုတော့ ဆွေ့ကုသိုလ်ကံတရားက တဖြည်းဖြည်း မြင့်တက်နေပြီလို့ ဆိုနိုင်တာပေါ့ကွာ"

ငြိမ်းမှာ ဆွေ ဝတ်ထားသော နှစ် ထောင် ကျော် တန် ပါတိတ်ဝမ်းဆက်နှင့် လက်ဝတ်ရတနာများကို ငေးခနဲ့ အကဲခတ်လိုက်ပြီးမှ စကားဆက်လိုက်၏။

"ဒါနဲ့ ဆွေ သထုံက ဆွေမိတ်တွေဆီကော ရောက်ဖြစ်သေးလားဟင်"

"မရောက်ပါဘူး ငြိမ်းရာ၊ အားမှ မအားဘဲလေ"

"ငွေကော မပို့ဖြစ်ဘူးလားဟင်"

"အင်း.... ငြိမ်း ပြောမှပဲ ဆွေလဲ သတိရတော့တယ်၊ အဟင်း....ငွေကလေးဘာလေး ပို့ဦးမှပဲလေ၊ ဆွေမှာ လောကဝိမ္မာန်ဘုံထဲ ရောက်နေလို့ ဒေဝမေ့မျိုးမေ့ကိုဖြစ်နေပြီ ငြိမ်းရဲ့၊ အဟင်း....ကဲ....သွားမယ်နော် ငြိမ်း၊ ဘိုင့်ဘိုင်"

ပေါ့တန်စွာ နှုတ်ဆက်သွားသော ဆွေကိုကြည့်ကာ ငြိမ်းမှာ ရင်ထဲ အတွေးများစွာဖြင့် ကျန်ရစ်ခဲ့လေတော့၏။

ဆွေ ဘာတွေလုပ်နေပါလိမ့်၊

အပျော်စားဝတ်ပြီး အဖိုးတန် လက်ဝတ် ရတနာတွေနဲ့ တကယ်ပဲ ချမ်းသာနေပြီလား။

ဩော်....ချမ်းသာပါစေ၊ ဆွေတစ်ယောက် ဆန္ဒအားလုံး ပြည့်ဝငြိမ်းချမ်းပါစေ။

❋



# အခန်း (၂၃)

"လှလိုက်တာ ငြိမ်းရယ်"

သူငယ်ချင်းများက တညီတညွတ်တည်း မှတ်ချက်ချနေကြသဖြင့် ငြိမ်းမှာ အဆင်သင့် ဖြစ်နေသော သတို့သမီးဝတ်စုံလေးကို ရှက်ဝဲဝဲလေးနှင့် ကြည်နူးစွာ ငုံ့ကြည့်ကာပြုံးနေမိ၏။

ရင်ထဲမှာ ပျော်လိုက်တာမှ အရမ်း။

သည်နေ့ ကိုကိုနှင့်ငြိမ်းတို့ လက်ထပ်သည့်နေ့ ဖြစ်ပါသည်။

အင်းလျားကန်ဟိုတယ် ပတ္တမြား ခန်းမကြီး၏ ခေတ်မီခံ့ညားမှုနှင့်အပြိုင် ကြွရောက်ချီးမြှင့်ကြသော မိတ်သင်္ဂဟများ၏ ခမ်းနားထည်ဝါသော အပြင်အဆင်၊ ကြည်နူးပီတိဖြစ်ဟန် အပြုံးတဝေဝေနှင့် အားလုံးမျက်နှာပေါ်မှာ သုကာဖိုးထားသကဲ့သို့ ရှိနေကြလေတော့၏။

ငြိမ်းအလှကို မေမေကပင် ရင်သပ်ရှုမော သြချယူရသည် အထိ ရှိနေရတာမို့ ပြုံးပြုံးပြီးချင်း မေမေ မြင်သည်နှင့်.....

"အို....လှလိုက်တာ သမီးရယ်၊ ကျက်သရေ ရှိတာရော ချစ်စရာကောင်းတာရော အားလုံး သမီးမှာ လာပြီး စုနေသလိုပဲကွယ်၊ မောင်ရန်နောင့်လက်ထဲ ထည့်လိုက်ရမှာတောင် မေမေ နှမြောသလိုပဲ သမီးရယ်"

"မေမေရယ် ငြိမ်းတို့ နေ့တိုင်းလာလည်မှာပေါ့နော်"

"အေးပါကွယ်....အေးပါ"

ပန်းသွေးဖျော့ဖျော့ ဝတ်စုံလေးက ငြိမ်းအသားလေးနှင့် လိုက်ဖက်လွန်းစွာ ရှိနေလေတော့၏။

ရင်ညွန့်မှာ ဝတ်ဆင်ထားသော ရတနာများ အရောင်ကလည်း တဖိတ်ဖိတ်တလက်လက် ဖြာထွက်နေကြသဖြင့် အလှနတ်သမီးလေးတစ်ပါးနှယ် ထင်မှတ်ရလောက်အောင် ငြိမ်းအလှကို မြင်သူတိုင်းလိုလို ရင်သပ်ရှုမော ချီးကျူးသောမနာပြုသံများဖြင့် မင်္ဂလာခန်းမတစ်ခုလုံး လွှမ်းနေလေ၏။

အထူးသဖြင့် ကိုကို၏ ကြည်နူးပီတိဖြာဝေနေသော အပြုံးလေးက ငြိမ်းရင်တစ်ခုလုံး အပျော်လေးတွေ ဖုံးသွားသလိုပင် ပျော်ရွှင်ကြည်နူးရလွန်းပါဘိခြင်း။

ချစ်သူအချင်းချင်း နှစ်ဦးနှစ်ဖက် စုံမက် မြတ်နိုးရလွန်းသည်နှင့်အမျှ မိဘများ၏ သဘောတူ ကြည်ဖြူနှစ်ခြိုက်မှုကို





ခံယူရသော ငြိမ်းတို့၏ ချစ်သူနှစ်ဦးထက် ပို၍ လောကမှာ အပျော်ဆုံးလူဟူ၍ ရှိလိမ့်မည် မထင်ပါ။

အပျော်မြစ်ကလေး တငြိမ့်ငြိမ့် စီးနေသလိုပင် ကိုကိုရော ငြိမ်းပါ နှစ်ဦးစလုံး၏ မျက်နှာပေါ်မှာ ပြုံးရိပ်သန်းကာ ချိုကြည် ချမ်းမြေ့နေရပေတော့၏။

မင်္ဂလာအခမ်းအနားသို့ ကြွရောက် လာကြသော ဧည့်ပရိသတ်အားလုံးကို ကိုကိုရော ငြိမ်းပါ ကျေးဇူးတင် ဝမ်းမြောက်ရပါကြောင်း တလေးတစား ပြန်လည် တုံ့ပြန်ရပါသည်။

အခမ်းအနားပြီး၍ ဧည့်သည်များ တဖွဲဖွဲ ပြန်ထွက်သွားကြသော အချိန်မှာ ဆွေတစ်ယောက်ပေါက်ချလာပါတော့၏။

"ဆောရီးပဲ ငြိမ်းရယ်၊ ဆွေ နောက်ကျသွားတယ်ကွာ"

"ရပါတယ် ဆွေ၊ ဆွေ လာတဲ့အတွက် ကျေးဇူးတင်ပါတယ်နော်"

"အို....လာရမှာပေါ့၊ ငြိမ်းရဲ့ပွဲမှာ ဆွေ အများကြီး ကူညီလုပ်ကိုင်ပေးချင်တယ် သိလား၊ ဒါပေမယ့် ဆွေ မအားဘူးကွာ"

"ငြိမ်း နားလည်ပါတယ် ဆွေ"

"ငြိမ်းရယ် သိပ်လှတာပဲ"

ဆွေက ငြိမ်းကို စေ့စေ့စပ်စပ်လေး ကြည့်ကာ ချီးကျူးနေ၏။

ငြိမ်းကလည်း အလိုက်သင့်လေးပြုံးကာ ပြန်ပြောရ၏။

"မိတ်ကပ်ကောင်းလို့ပါ ဆွေရယ်"

ငြိမ်း စကားကို ဆွေ ခေါင်းလေး အသာယမ်းလိုက်ပြီးမှ....

"နဂိုရှိမှ နကိုင်းထွက်တာပါ ငြိမ်းရယ်"

"အဟင်း....ကျေးဇူးနော် ဆွေ၊ ဆွေလဲ ပိုပြီးလှလာတယ်"

ငြိမ်း စကားကို သဘောကျ ကြည်နူးစွာ ဆွေ ပြုံးလိုက်သည်။ ပြီးမှ....

"တကယ်လားဟင် ငြိမ်း"

"တကယ်ပါ ဆွေ၊ ဆွေ အရင်ကနဲ့ကို လုံးဝမတူတော့ဘူးလေ"

"အဟင်း....ဒါပေါ့ ငြိမ်းရဲ့၊ ဆွေ့အလုပ်က လှကိုလှနေမှလေ....အဟင်း....ဟင်း...."

"ဆွေ ဘာလုပ်ရသလဲဟင်"

မေးသင့်မသင့် ချင့်ချိန်စဉ်းစားခွင့် မရှိနိုင်လောက်အောင် ငြိမ်း အလောတကြီးလေး မေးလိုက်ပြီးမှ ဆွေ့ကို အားနာသွားရပါတော့၏။





"ဆောရီးပဲ ဆွေ၊ ငြိမ်း မှားသွားပြီလား မသိဘူးနော်"

"မမှားပါဘူး ငြိမ်းရယ်၊ ကိုယ့်အချင်းချင်းတွေပဲကွာ၊ ဆွေ့အလုပ်က ညွှတ်ကြိုလေ ငြိမ်းရဲ့"

"ဩော်...."

"လာပြီးတည်းခိုကြတဲ့ ဧည့်သည်တွေ စိတ်တိုင်းကျဖို့ ကျေနပ်ဖို့ နောက်တစ်ခေါက် ထပ်လာချင်လောက်အောင် ဆွဲဆောင်မှုရှိဖို့ဆိုတာက ဆွေ့အခုနနဲ့ အပြောချိုချို ဖော်ရွေပျူငှာရမယ် မဟုတ်လား ငြိမ်းရဲ့"

"အင်း"

"လောကမှာ လူအတော်များများဟာ အလှအပကို သိပ်တန်ဖိုးထား ခုံမင်ကြတာလေ၊ ဒီတော့လဲ ဆွေ့အနေနဲ့ လူတွေ ကြိုက်တတ်တဲ့ အသားလေးတွေနဲ့ လှုပ်ရှားရတာပေါ့ ငြိမ်းရယ်"

"အင်း"

ဆွေ့ စကားကို နားထောင်နေရင်းမှ ငြိမ်းခေါင်းထဲ ရီဝေဝေ ဖြစ်လာရပါတော့သည်။

သူ့အကြောင်းကို ကျေနပ်ဂုဏ်ယူစွာ မြိန်မြိန်ရှက်ရှက် ပြောနေသော ငြိမ်းကိုကြည့်ရင်း ရင်ထဲ မွန်းကျပ်လာသလိုလို။

ဩော်....ဆွေ့ကို အကဲခတ်ရတာ ငြိမ်း ရင်ထဲမှာ ဆွေ ပြောသလို ဝမ်းမသာနိုင်တာ အမှန်ပါ။

ဆွေ တစ်ယောက် သမ္မာအာဇီဝ လုပ်ငန်းမှ ဖောက်ပါ လေစ။

အပြင်အဆင် အခြေအဆို အမူအရာတွေကအစ အရင်ကနှင့် လုံးဝခြားနားစွာ ဆွေ ပေါ်သွက်နေမှုကို ကြောင်ငေးငေးလေး ကြည့်နေရသော်လည်း ငြိမ်းနားထဲမှာ ဆွေ ပြောနေတာ ဘာမှန်း မသိနိုင်လောက်အောင် စိတ်မဝင်စားနိုင်တော့ချေ။

မကောင်းတတ်လွန်း၍သာ လူမှုရေးအရ နားထောင်နေရသော်လည်း ငြိမ်း သည်နေရာမှ ထွက်သွားချင်လှပါပြီ။

ကိုကိုတစ်ယောက် မလှမ်းမကမ်းမှာ သူငယ်ချင်းတစ်စုနှင့် ဘာတွေများ သဘောကျစရာတွေ တွေ့နေသည် မသိပါ။ လှိုက်လှဲ ရယ်မောနေကြတာ မြင်ရသည်။

ဆွေ့ဘလည်း မျက်လုံးလေး ဟိုထောင့်သည်ထောင့် ကပ်ကာ ခေါင်းလေးငဲ့ ပခုံးလေးတွန့် လက်ကလေးဝဲကာ ဟန်အမူအရာ စုံလင်စွာဖြင့် ပြောမဆုံးပေါင် တောသုံးထောင် ဖြစ်နေလေတော့သည်။

ငြိမ်း အကျပ်ရိုက်နေစဉ် ကံကောင်းထောက်မစွာ မေမေ ရောက်လာလေသည်၊

"သမီးရေ...ဟိုမှာ သမီးအန်ကယ် အောင်ထွန်းတို့ မေးနေတယ်၊ ပြန်ကြတော့မလို့တဲ့"





"ဟုတ်ကဲ့ မေမေ၊ ဘြော်...ဆွေ၊ ခဏနော်"

"သွားပါ ငြိမ်း၊ သွားပါ၊ ဆွေလဲ ခဏနေပြီးရင် ပြန်မယ်လေ"

"ဘြော်...သမီး ဆွေ...မုန့်စားပြီးပြီလားကွယ်"

"ပြီးပါပြီ အန်တီ"

မေမေနဲ့ ဆွေတို့ စကားပြောနေစဉ်မှာပင် ငြိမ်း အသာလေး ထွက်လာခဲ့သည်။

ခုမှပင် အသက်ရှူချောင်သလိုလို ခံစားရလေသည်။ အခမ်းအနား တစ်လျှောက်လုံးလုံး ကိုကိုနှင့် နှစ်ယောက်ယှဉ်ထိုင်ကာ လာသမျှ ဧည့်သည်များကို ပြုံးပြ ခေါင်းညိတ်နှုတ်ဆက်နေရသဖြင့် ညောင်းညာနေတာမို့ အခမ်းအနား ပြီးဆုံးချိန်မှာ ခြေဆန့်လက်ဆန့် လက်ကျန်မိတ်ဆွေများကို ဟိုဟိုသည်သည် ဖွဖွလေးလျှောက်ကာ နှုတ်ဆက်နေမိခြင်းပင် ဖြစ်လေသည်။

အိမ်ပြန်ရောက်၍ မှန်တင်ခုံရှေ့ထိုင်ကာ ရတနာများကို တစ်ခုစီဖြုတ်၍ သူ့ဘူးလေးနှင့်သူ စနစ်တကျ စီထည့်နေချိန်မှာ အဝတ်လဲပြီးသွားသော ကိုကိုလည်း ငြိမ်းဘေးရှိ ခုတင်စွန်းမှာ အသာဝင်ထိုင်ကာ....

"ပင်ပန်းသွားလား ငြိမ်း"

"ဟင့်အင်း....ကိုကို၊ ငြိမ်းရင်ထဲမှာ ပျော်နေတယ်"

"တကယ်လား"

"တကယ်ပေါ့၊ ကိုကိုကော"

"အပျော်ဆုံးနေ့ပေါ့ ငြိမ်းရာ"

"အဟင်း....ဟုတ်တယ်နော် ကိုကို"

"သူငယ်ချင်းတွေကတော့ ပြောနေကြတယ်နော် ငြိမ်း"

"ဘာတဲ့လဲ ကိုကို"

"ဟော့ကောင်ကြီး....မင်းမျက်နှာမှာ ပူရှက်ဆိတ်တွေနဲ့တဲ့"

"အို....အဟင်း....ဟင်း....ကြည့်စမ်း၊ဒီလူတွေ တော်တော်ရှုတ်ပါလား"

"အဟုတ်မှတ်လို့ ကိုကိုတောင် ယောင်ပြီး ကိုယ့်မျက်နှာကို လက်နဲ့ပွတ်မိရသေးတယ် ငြိမ်းရ....အဟင်း...."

"ဩော်....ကြည့်စမ်း"

"အဲဒါကို ဟိုကောင်တွေက သဘောကျလို့လေ"

"ဩော်....တွေ့တယ် တွေ့ဘယ်၊ ကိုကိုတို့ ရယ်နေကြတာ ငြိမ်းလဲ တွေ့ပါတယ်၊ ကိုကို ဆွေ့ကိုတွေ့သေးလားဟင်"

"တွေ့ပါတယ်၊ သူ တမင်ပဲ ကိုကို့ကို လာနှုတ်ဆက်တာ၊ သူ့ပုံစံက အများကြီးပြောင်းလဲသွားပြီနော် ငြိမ်း"

"ဟုတ်တယ် ကိုကို၊ ဆွေ့ကိုကြည့်ပြီး ငြိမ်းရင်ထဲ မွန်းနေရော"





"ခုကော မွန်းနေသေးလား၊ အအေးတစ်ခုခု သောက်မလား ငြိမ်း"

"ဟင့်အင်း....ကိုကို၊ ကိုကိုနဲ့ဆိုရင် ငြိမ်း အလိုလိုပျော်နေရောလေ၊ သိလား"

"ငြိမ်းရာ"

မချင့်မရဲလေး ဖြစ်သွားဟန်နှင့် ကိုကို ရုတ်ဘရက် ထလိုက်ကာ ငြိမ်းကို နောက်မှသိုင်းဖက်လိုက်ပြီးမှ လည်ကုပ်သားလေးကို ဖွဖွညင်ညင် ရှိုက်နမ်းလိုက်ပါတော့သည်။

## အခန်း(၂၄)

"ကိုကို"

"အင်"

"ထတော့ကွာ၊ သောင်ပြင်ပေါ် လမ်းလျှောက်ရအောင် နောက်တောင်ကျနေပြီ"

"နေပါဦး ငြိမ်းရာ၊ အစောကြီးရှိသေးတယ်"

"ခုနစ်နာရီထိုးတော့မယ် ကိုကိုရဲ့"

"အင်းပါ၊ ဆယ်မိနစ်....ဆယ်မိနစ်၊ ဟုတ်လား"

"ကြည့်....ကိုကိုတစ်ယောက် သိပ် အိပ်ပုပ်ကြီးတာပဲကွာ"

"အိပ်ပုပ်မကြီးပါဘူး ငြိမ်းရာ၊ ဇိမ်လေးနဲ့နှပ်နေတာပါ။ ငြိမ်းက ကိုကိုမနိုးခင် အစောကြီးထသွားတာကိုးကွာ"

"ငြိမ်းမှ မိုးစင်စင်လင်းအောင် မအိပ်တတ်တာ ကိုကိုရာ"

"အင်းပါ....ကိုကို သိပါတယ်"

"ကိုကို"

"အင်း"

"ထတော့လေ"

"အင်းပါကွာ"

"ငြိမ်းလေ ဘုရားလဲရှိခိုးပြီးပြီ"

"အင်း"

"သနပ်ခါးလူးပြီး အဝတ်အစားလဲ လဲပြီးပြီ"

"အင်း"

"ကိုကိုနဲ့သောက်ဖို့ ကော်ဖီလဲဖျော်ပြီးပြီ"

"အင်း"

"ကော်ဖီသောက်ပြီးရင် သောင်ပြင်ပေါ် လမ်းလျှောက်မယ်လေ ကိုကို"

"အင်း"

"မျက်နှာသစ်ဖို့ ငြိမ်း အားလုံး အဆင်သင့်လုပ်ထားပြီးပြီ ကိုကိုရဲ့"

"အင်း"





"ကြည့်....တအင်းအင်းနဲ့၊ ကိုကို ထကွာ"

"အင်း"

"ကဲ....ကဲ....အင်းဦး....အင်းဦး"

မချင့်မရဲဖြစ်လှစွာ ငြိမ်း ကိုကို့အနား ဝုန်းခနဲထိုင်ချလိုက်ပြီး ကိုကို့ရင်ဘတ်ကို ဖွဖွလေး ထုမိပါတော့သည်။

"အဟား....ဟား....ဟား.... ကိုကို့ မိန်းမက သိပ်ချစ်ဖို့ကောင်းတာပဲကွာ"

"အိုး....ကိုကို"

ပြောရင်း ငြိမ်းကို ရင်ခွင်ထဲ နစ်ဝင်သွားအောင် ကိုကို ကြုံးဖွေ့လိုက်တာမို့ ငြိမ်းမှာ မလှုပ်သာတော့။

ရင်ခွင်ထက် မျက်နှာလေး အသာဝှက်ကာ ငြိမ်း ပြုံးနေလိုက်ပြီးမှ ကိုကို့လက်မောင်းကို အသာလေး ဆွဲလိမ်ကာ ပြောလိုက်၏။

"ကိုကို လူလည်ပဲ၊ ငြိမ်း အဝတ်အစားတွေ ကြေကုန်တော့မယ်ကွာ၊ ထတော့နော်"

"ထစေချင်ရင် အနမ်းလေးတစ်ပွင့် ပေးလေ"

"ဟော....ကြည့်၊ ဈေးကလဲ ဆစ်နေပြန်ပြီ၊ ကဲ....ရော့....ရော့"

ကိုကို့ နဖူးပြင် ပြန့်ပြန့်လေးကို ငြိမ်း အသာလေး မွှေးရှိုက်ပေးလိုက်မိ၏။

"အား.... မေ့သွားလိုက်တာ ငြိမ်းရာ၊ သနပ်ခါးနံ့လေးက ရင်ထဲအေးသွားတာပဲ"

"ကဲ....ကတိအတိုင်း ထတော့မှုပါတော့ ကိုကိုရာ"

"ကောင်းပါပြီဗျာ"

ကိုကိုလည်း ငြိမ်း မျက်နှာလေးကို အနမ်းနုနုလေးတွေ အသာအယာ ခြွေပြီးမှ မျက်နှာသစ် ကိုယ်လက် သန့်စင်ရန် တွဲလျက်ရှိသော ရေချိုးခန်းထဲသို့ ဝင်သွားပါတော့၏။

ငြိမ်းမှာ အိပ်ရာကို သေသပ်ညီညာအောင်ခေါက်သိမ်းရင်း အိပ်ခန်းအတွင်း ရှင်းလင်းလှပနေစေရန် တကုပ်ကုပ်လုပ်နေလေ၏။

ငြိမ်းတို့၏ ဟန်းနီးမွန်းခရီးကို သည်ကမ်းသာယာ အပန်းဖြေစခန်းမှာ လာရောက် အပန်းဖြေနေကြသည်မှာ နှစ်ပတ်ကျော်ပါပြီ။

လတ်ဆတ်သော ပင်လယ်လေနှင့် လတ်ဆတ်သန့်ရှင်းသော အစားအသောက်များဖြင့် စိတ်ချမ်းသာလှပါသည်။

နေထိုင်စားသောက်ရေး အစစအရာရာ အဆင်ပြေလှသဖြင့် ကိုကိုရော ငြိမ်းပါ မင်္ဂလာဦး ပျားရည်ဆမ်း ခရီးအဖြစ် သည်နေရာကို ရွေးချယ်ခဲ့ခြင်းမှာ မှန်လေစွဟု၍လည်း အခါခါ ပီတိခဝနေခဲ့ရလေတော့၏။

မနက်စောစော ကော်ဖီသောက်ပြီး ဇနီးမောင်နှံ သောင်ပြင်ပေါ် လမ်းလျှောက်ရခြင်း၏ ကြည်နူးချမ်းမြေ့မှုက မည်သည့်အရာနှင့်မျှ မတူပါ။





လမ်းလျှောက်ခြင်း၊ ရေကူးခြင်း၊ သောင်ပြင်နံဘေး ထီးရိပ်အောက်မှာ ဒရင်းဘက်ကလေး ချကာ အုန်းစိမ်းရည် သောက်ရင်း ပင်လယ်လေသန့်ကို ရှူရှိုက်ကာ ကယုကယင် ချစ်တုံ့တင်ရသော သည်ကာလလေးကို ကိုကိုရော ငြိမ်းပါ ဘယ်သောအခါမှ မေ့နိုင်လိမ့်မည် မဟုတ်ပါ။

"ငြိမ်း"

"ဟင်....ကိုကို"

ရေချိုးခန်းထဲမှ ထွက်လာသော ကိုကိုက ပြတင်းပေါက်မှ တစ်ဆင့် အပြင်သို့ ငေးနေသော ငြိမ်းကို နောက်နားဆီမှ တိုးတိုးလေး ခေါ်လိုက်တာမို့ ငြိမ်း ဆတ်ခနဲ ဖြစ်သွားရ၏။

"ဘာတွေ ဆွေးနေတာလဲ ငြိမ်း"

"အဟင်း....ပင်လယ်ပြင်ကို ကြည့်ပြီး ငြိမ်းတို့ ခုလို ထွက်လာပြီး ဒီနေရာမှာ အပန်းလာဖြေရတာ သိပ်စိတ်ချမ်းသာစရာ ကောင်းတာပဲလို့ တွေးပြီး ကြည်နူးနေတာပါ ကိုကို"

"ဟုတ်လား၊ ဒါဖြင့်ရင် ငြိမ်းက ကိုကို့ကို ကျေးဇူးတင်တယ်ပေါ့နော်"

"ဒါပေါ့ ကိုကို၊ ဒါနဲ့ ငြိမ်းတို့ ဘယ်တော့လောက် ပြန်ကြမလဲဟင် ကိုကို"

"ဘာလဲ ငြိမ်းက ပြန်ချင်နေပြီလား"

"မဟုတ်ဘူးလေ၊ ရန်ကုန်မှာက အလုပ်တွေ ရှိသေးတယ် မဟုတ်လား ကိုကိုရယ်"

"အဲဒါ ဘာဖြစ်လဲ"

"လစ်ဟင်းကုန်မှာ စိုးလို့ပေါ့"

"မပူစမ်းပါနဲ့ ငြိမ်းရာ၊ အဲဒါတွေ ကိုကို့တာဝန်ပါကွာ"

"ငြိမ်းလဲ ကူပြီး တာဝန် ယူပေးချင်တယ် ကိုကို၊ ကိုကို တစ်ယောက်တည်း ပင်ပန်းမှာပေါ့"

"လုံးဝ မပင်ပန်းဘူး ငြိမ်း"

"ဘာပူလို့"

"အိမ်ပြန်လာရင် အမောပြေ ဇနီးချောလေး အလှမ္ပာက ကိုကို့ကို ဆီးကြိုနေလို့ပေါ့"

"ကိုကိုရယ် ငြိမ်းက ကိုကို့ဝင်ငွေတွေ တအား ထိခိုက်သွားမှာစိုးလို့ပါ"

"ငြိမ်း"

"ရှင်....ကိုကို"

"လူဆိုတာ အလုပ်ကိုကြိုးစားပြီး လုပ်မယ်၊ သမ္မာအာဇီဝ ကျကျငွေရှာမယ်၊ တပင်တပန်းနဲ့ စည်းကမ်းတကျရှာဖွေထားတဲ့ ငွေကို စနစ်တကျစုမယ်၊ နေစရာ ဝတ်စရာ စားစရာ အဆင်ပြေမှ လှူမယ်၊ မိတ်ဆွေတွေကို တတ်နိုင်သလောက် ကူညီထောက်ပံ့မယ်၊ ဟော.... အခုလို အချိန်ပြည့် အနားယူဖို့ သတ်မှတ်ထားတဲ့ အချိန် အတိုင်းအထာလေးမှာ ဘာကိုမှ နောက်ဆံမငင်ကဲ ကောင်းကောင်း သုံးစွဲမယ်၊ စိတ်တိုင်းကျ





စိတ်ချမ်းသာသလိုနေမယ်၊ အလုပ်လုပ်တဲ့အချိန်မှာကြိုးစားပြီး အပင်ပန်းခံထားတာ ခုလိုအချိန်မှာ ဇိမ်ကျကျနေမှ မျှတတော့မှာပေါ့ ငြိမ်းရာ"

"အဟင်း....ကိုကို့သဘောပါပဲလေ၊ ကဲ....ကော်ဖီသောက်ရအောင်"

ကိုကို့ အင်္ကျီကြယ်သီးလေးတွေကို ကူတပ်ပေးရင်း ငြိမ်းပြောလိုက်တော့ ကိုကို ငြိမ်းပခုံးကို သိုင်းဖက် ထားလိုက်ပြီးမှ....

"လာ....ငြိမ်း၊ ငြိမ်းလက်ရာ နက်စ်ခါးဆိမ့်လေးနဲ့ ပေါင်မုန့် ထောပတ်သုတ်နဲ့ ယိုသုတ်လေး စားရမယ်၊ ဟုတ်လား"

"ဟုတ်တယ် ကိုကို.... အဟင်း"

※

## အခန်း (၂၅)

ကမ်းသာယာမှာ ငြိမ်းတို့ တစ်လခွဲခန့် ကြာပါသည်။

ရန်ကုန်ပြန်ရောက်တော့ ကိုကိုက သူ့အလုပ်ထဲ ပုံမှန်လည်ပတ်ကာ ရှိနေသလို ငြိမ်းမှာလည်း အိမ်မှုကိစ္စ ဇာဟီရဖြင့် တစ်ခနေ့ပြီးတစ်နေ့ လုံးချာလည်ကာ မအားလပ်ရပါချေ။

မေမေတို့ဆီ ညနေတိုင်းတော့ တစ်ခနေ့တစ်ခေါက် ပုံမှန်ရောက်ဖြစ်ကြပါသည်။

တစ်ခါမှာတော့ ငြိမ်းစိတ်ထဲ ဆွေ့ကို အလိုလို သတိရမိလိုက်တာမို့ မေမေ့ကို ပြောရသေး၏၊

"မေမေ....ဆွေနဲ့ တွေ့ဖြစ်သေးလားဟင်"

မေမေ တွေခနဲ စဉ်းစားလိုက်ပြီးမှ....

( ဉာဏ်ဝင်းစာပေ )

"အင်း....သမီးပြောမှ မေမေလဲ အဲဒီကလေးမကို သတိ ထားလိုက်မိတယ်ကွယ်"

"ဘာဖြစ်လို့လဲ မေမေ"

"တွေ့တော့တွေ့တယ် သမီး"

"ဘယ်မှာလဲဟင် မေမေ"

"ဈေးထဲမှာပဲလေ၊ ဒါပေမယ့် မေမေကသာ သူ့ကို လှမ်း မြင်လိုက်တာပါ၊ သူ မေမေ့ကို မတွေ့ပါဘူး"

"ဟင်....လာနှုတ်မဆက်ဘူးလား မေမေရယ်၊ ဆွေ တစ် ယောက် ဘာတွေ အလုပ်များနေပါလိမ့်"

"နှုတ်မဆက်ဆို သူ မေမေ့ ဆိုင်ရှေ့ကိုမှ မလာတာ၊ ကြည့် ရတာ ပျာပျာ ပျာပျာနဲ့ မေမေ့ကိုတွေ့သွားမှာဘောင် စိုးနေ တဲ့ ပုံစံလိုလိုပဲကွယ်"

"ဟင်....ဟုတ်လား၊ ဘာဖြစ်လို့လဲ မသိဘူးနော်....မေမေ"

"သူ့အကြောင်းနဲ့သူ ရှိလို့ဖြစ်မှာပေါ့ သမီးရယ်၊ ဆွေက အပေါင်းအသင်းလဲများပုံ စိုးပုံပဲကွယ့်"

"သူ့လိပ်စာတော့ မြို့မှာရှိတယ် မေမေ"

"သမီး သွားမလို့လား"

"ကိုကို့ကို ပြောပါဦးမယ် မေမေ"





"မေမေတော့ မသွားစေချင်ဘူး သမီးရယ်"

"ရှင်...."

"ကြည့်ရတာ ခပ်ရှုပ်ရှုပ်နဲ့၊ တော်ကြာ သမီးကို လာပတ် နေမှာ စိုးလို့ပါ"

"ဟုတ်တော့ ဟုတ်ပါတယ် မေမေ၊ ဒါပေမယ့် မြို့က ငယ်သူငယ်ချင်းဆိုတော့ ဆွေ ဒုက္ခရောက်နေမှာ စိုးတယ် မေမေ"

"အပျိုစားဝတ်ဆင်ပြီး လူထည်လဲတွဲနေတဲ့ မိန်းကလေး အတွက် ဒုက္ခဆိုတာ ချိုနဲ့လားလို့ သမီးကို မေးနေပါဦး မယ်ကွယ်၊ အပူမရှာစမ်းပါနဲ့၊ သူ အကူအညီလိုရင်တော့ သမီးဆီ မရောက်ဘဲကို မနေပါဘူးလေ"

"ဆွေက ကိုကို့ကိုဆို ရှုံတယ်မေမေရဲ့၊ ဘော်ရုံနဲ့တော့ သူ မြို့ဆီ လာမှာမဟုတ်တော့ပါဘူး၊ သူ အဆင်ပြေပါစေလို့ပဲ မြို့မ်း ဆုတောင်းနေပါတယ်"

"အေးပေါ့...သမီးရယ်၊ ကိုယ့်မှာလဲ ကိုယ့်အိမ်ထောင်နဲ့ ကိုယ် ဖြစ်သွားပြီဆိုတော့ အစစအရာရာ လင်သားအပေါ် မှာ ပွင့်လင်းတိုင်ပင်ရမယ်ကွယ့်၊ ဆွေဟာ သမီးနဲ့စရိုက်ချင်း မတူတဲ့အတွက် မောင်ရန်နောင် အနေနဲ့လဲ သမီး မျက်နှာ ကြောင့်သာ အတတ်နိုင်ဆုံး လိုက်လျောရတယ် ဆိုပေမယ့် လူလဲ လူသားပဲကွယ်၊ စိတ်ထဲဘယ်ကျေနပ်နိုင်ပါ့မလဲ၊ ဆွေ ဟာ အတော်လေးကို စရိုက်ဆိုးတဲ့ မိန်းကလေးပဲလေ"

မေမေပြောမှ ငြိမ်းရင်ထဲ နှင့်ခနဲ ဖြစ်သွားရပါတော့၏။

မှန်ပါသည်။ ဆွေ့ကို ကိုကို အလုပ်မှ ထုတ်ပယ်ပစ်လိုက်ချိန်မှာ နစ်နာကြေးဟူ၍ ရွှေနေမှုဘစ်ဆင့် ငွေငါးသိန်းတိတိ လျော်ကြေးတောင်းခဲ့သည် မဟုတ်ပါလား။

ဆွေ၏ မထောက်မညှာပြုမူပုံများက သာမန်မိတ်ဆွေတစ်ယောက်အဖို့ လုံးဝခွင့်မလွှတ်ချင်စရာပါ။

ငြိမ်းကို မြတ်နိုးလွန်း၍သာ ကိုကို လိုက်လျောပေးတာကို နားလည်ရရှာ ငြိမ်း အားနာနေမှုကို ကိုကိုပင် နှစ်သိမ့်ခဲ့ပါသေး၏။

"ငွေငါးသိန်းထက် အဖိုးတန်တာက အဲသလို အကျင့်ပျက်နေတဲ့ ဝန်ထမ်းကို ရှင်းထုတ်လိုက်ရတာဟာ အမြတ်ပဲ ငြိမ်း၊ ဘာပဲဖြစ်ဖြစ် ကိုကိုတော့ ကျေနပ်ပါတယ်ကွာ၊ ငြိမ်း စိတ်ထဲမှာ ဘာမှ မဖြစ်နဲ့ ဟုတ်လား၊ ကိုကို ဘာမှ မထိခိုက်ပါဘူးကွာ"

"ကျေးဇူးတင်ပါတယ် ကိုကို"

တကယ်ပင် လှိုက်လှဲစွာ ငြိမ်း ပြောခဲ့ပါ၏။

အဘယ်ကြောင့်ဆိုသော် ဆွေ့ကို အစစ ပြေလည်စေချင်၍ပါ။ ငွေငါးသိန်းနှင့် ဆွေတစ်ယောက် ဖြစ်ချင်တာလုပ်နိုင်ပြီ မဟုတ်ပါလား။

တိုက်ဆိုင်မှုကိုပင် အံ့သြရတော့မလိုပင်။

ဘုဏ်ဝင်းစာပေ



မေမေနှင့်ငြိမ်းတို့ ဆွေ့ အကြောင်းပြောပြီး တစ်ပတ်ခန့် အကြာမှာပင် ကိုကို မရှိခိုက် ဆွေ့ဆီမှ ဖုန်းလာပါတော့၏။

"ဟုတ်ကဲ့....ငြိမ်းပါရှင်"

"ငြိမ်း....ဆွေပါ"

"ဟယ်....ဆွေ့ နေကောင်းဘယ်နှယ်၊ ကြည့်စမ်း၊ မတွေ့ရတာတောင် ကြာပြီကွယ်၊ တနေ့သာ ကတောင် မေမေနဲ့ ဆွေ့ အကြောင်း ပြောနေရသေးတယ်၊ သိလား၊ ဆွေ့ အခု ဘယ်ကဆက်နေတာလဲဟင်"

"အိမ်ကပေါ့"

"သြော်....ဆွေ့အိမ်ကလား"

"အင်း...."

"ဆွေ"

"ဟင်...."

"နေမကောင်းဘူးလားဟင်၊ ဆွေ့အသံက တစ်မျိုးပဲ"

"ဟုတ်တယ် ငြိမ်း၊ ဆွေ နေမကောင်းဘူး၊ ကြာပြီလေ"

"ဟင်....ဆေးခန်းမသွားဘူးလား ဆွေရယ်"

"ငြိမ်းရယ်....ဆွေ့ဆီလာခဲ့ပါလားဟင်"

"အခုလား ဆွေ"

ဘုဏ်ဝင်းစာပေ

"အင်းပေါ့၊ ငြိမ်းကို ဆွေ့ စကားတွေ အများကြီးပြော စရာရှိတယ်၊ သိလား"

"လာခဲ့မယ်လေ ဆွေ၊ ကိုကိုလဲ ပြန်ရောက်ခါနီးပါပြီ၊ ငြိမ်းနဲ့ ကိုကို လာခဲ့မယ်၊ ဟုတ်လား"

"အင်း....အင်း.... ကောင်းတယ် ငြိမ်း၊ ဆရာပါရင် ပိုကောင်းတာပေါ့၊ ဆွေ စောင့်နေမယ်နော်....ငြိမ်း"

"ဩော်....ဆွေ"

"ပြောလေ ငြိမ်း"

"ဆွေ့ တစ်ယောက်တည်းလား၊ အနားမှာ ဘယ်သူရှိလဲ ဟင်"

"မရှိပါဘူး ငြိမ်းရယ်....တစ်ယောက်တည်းပါပဲ"

"ဩော်....အင်း....အင်း....ငြိမ်း ခုပဲ လာခဲ့ပါ့မယ် ဆွေရယ် နော်"

"အင်း...."

ဖုန်းခွက်အချမှာ ကိုကို့ကားလေး ဝင်လာသဖြင့် ငြိမ်း အလျင်စလိုလေးသွားကာ ပြောလိုက်၏။

"ကိုကို.... ဆွေ့ဆီ သွားရအောင်၊ သူ အတော်လေး နေမကောင်းဖြစ်နေသလား မသိဘူး ကိုကိုရယ်၊ အသံကတစ်မျိုးပဲ၊ ငြိမ်းတို့ သူ့ကို ဆေးရုံတင်သင့်ရင် တင်ပေးရအောင် ကိုကို၊ ဆွေ့ အနားမှာ ဘယ်သူမှမရှိဘူးတဲ့"





အလောတကြီးပြောကာ ကိုကို့ကို ကားထဲအတင်းတွန်းလိုက်ရင်း ငြိမ်းပါ ကိုကို့ဘေးမှာ သွက်သွက်ကလေးဝင်ထိုင်လိုက်တာမို့ ကိုကို ငြိမ်းကို သဘောပေါက်စွာ ပြုံးပြကာ ကားကို မောင်းထွက်လာခဲ့ပါတော့၏။

ဆွေ့ဆီရောက်တော့ ငြိမ်း ရင်ထဲက ဒိန်းခနဲ တုန်လှုပ်သွားရပါတော့၏။

ဒရင်းဘက်လေးပေါ်မှာ နွမ်းယဲ့ဖျော့တော့စွာ မှိန်းနေသော ဆွေ့အသွင်က မှတ်မိစရာပင် မရှိတော့၊

အရိုးပေါ် အရေတင် ချုံးကျကာ ငြိမ်းတို့ကို အားယူကာ လှမ်းကြည့်နေသော မျက်ဝန်းများလည်း အရင်တုန်းကလို ရှိန်းလက်တက်ကြွနေမှုတွေ လုံးဝမရှိတော့ချေ။

"ငြိမ်း"

"ဆွေ့ရယ်ဘယ်လိုဖြစ်တာလဲကွယ်၊ အစောကြီးကတည်းက ငြိမ်းကို ပြောရောပေါ့၊ ခု ဆေးရုံသွားရအောင်နော်"

ဆွေက ခေါင်းလေး အသာယမ်းလိုက်ပြီးမှ...."

"မထူးတော့ပါဘူး ငြိမ်းရယ်၊ ဆွေ မနေရတော့ပါဘူး"

"အို....ဆွေကလဲ၊ မဟုတ်တာ"

"ဆရာ....ဆွေ့ကို ခွင့်လွှတ်ပါ"

လက်အုပ်လေး အနိုင်နိုင်ချီကာ ကိုကို့ကို တောင်းပန်တော့ ကိုကိုက....

"ကိုယ်နားလည်ပါတယ် မခင်ဆွေသက်၊ အခု ကိုယ်တို့ ဘာလုပ်ပေးရမလဲ၊ ပြောပါ"

"ကျေးဇူးရှင်တွေအပေါ်မှာ စော်ကားခဲ့မိလို့ ဆွေ ဒုက္ခရောက်ခဲ့ရပါပြီ ငြိမ်းရယ်"

"ဆွေ....ဟို ဆွေ့ချစ်သူ ကိုမိုး ဆိုတဲ့လူကောဟင်"

"သူဟာ လူလိမ် လူယုတ်မာပဲ ငြိမ်း"

"ဟင်...."

"ဆွေ့ငွေတွေကို တိုးပွားလာအောင်ဆိုပြီး ရှယ်ယာဝင်ခိုင်းတယ်ဆိုပြီး သူ လိမ်ယူလိုက်တယ်လေ"

"အို...."

"ပြီးတော့ အောင်မြင်ကြီးပွားချင်လွန်းတဲ့ ဆွေ့ ဘဝ တစ်ခုလုံးကို ချောက်ကမ်းပါးကြီးထဲ တွန်းချပစ်ခဲ့လို့ ဆွေ့မှာ ခုလို ရောဂါတွေရပြီး ဒုက္ခဖြစ်နေချိန်မှာ သူ လုံးဝ လှည့်မကြည့်တော့ပါဘူး ငြိမ်းရယ်"

"ငြိမ်းကိုပြောပါတော့လား ဆွေရာ"

"ဆွေ မှားတယ်၊ သိပ်ကိုမှားခဲ့မိလို့ ငြိမ်းကို ဘယ်လို ရင်ဆိုင်ရမှန်းမသိအောင် နောင်တတွေရပြီး တောင်းပန်ချင်တယ်၊ ဆရာနဲ့ ငြိမ်းကို တောင်းပန်ပြီးရင် ဆွေ သေပျော်ပါပြီ၊ ဆွေ့ရောဂါကြောင့် ငြိမ်းတို့ကို ခေါ်သင့်မခေါ်သင့် စဉ်းစားနေတာနဲ့ပဲ ခုလောက်ကြာသွားရတာပါ၊ ခုတော့ ဆွေ ကျေနပ်ပါပြီ ငြိမ်းရယ်၊ အားလုံးအတွက် ဆွေ့ကို ခွင့်လွှတ်ကြပါတော့"

အနိုင်နိုင်အားယူကာ ကြိုးစားပြောနေရင်းမှပင် ဆွေ တစ်ယောက် ဇက်ကလေးလည်ကာ ညင်သာစွာ ဘဝကူးသွားပါပြီတည်း။





"ဆွေရယ်....ဖြစ်ရလေကွယ်"

ငြိမ်း မျက်ရည်ကျတော့ ကိုကိုက ငြိမ်းပခုံးကို ကြင်နာစွာ ဆုပ်ကိုင်လိုက်ပြီးမှ....

"ငြိမ်းရာ....သူ့အတွက် ကိုကိုတို့ စီစဉ်စရာရှိတာ စီစဉ်ပေးရအောင်၊ မငိုနဲ့ကွာ၊ ငြိမ်း ပင်ပန်းနေမယ်"

"ကိုကိုရယ်....ဒီလိုအဖြစ်မျိုးနဲ့ ဆွေတစ်ယောက် ဆုံးသွားရတာကိုပဲ ငြိမ်း ယူကျုံးမရဖြစ်မိတာပါ၊ ဆွေ့အတွက် ကုသိုလ်ကောင်းမှု လုပ်ပေးတဲ့အခါ ဒီအဖြစ်ဆိုးမျိုးနဲ့ ဆွေ ဘယ်တော့မှ မကြုံပါရစေနဲ့လို့ ငြိမ်း ဆုတောင်းပေးရမှာပေါ့ ကိုကိုရယ်"

"ဒါပေါ့ ငြိမ်းရာ"

ဆွေ့အတွက် တကယ်ပင် ဆုတောင်းမိပါသည်။

သည်လိုဘဝဆိုးမျိုးနှင့် ဆွေ တစ်ယောက် ဘယ်သောအခါမှ မကြုံပါစေနှင့်ဟု ရျပင်တည်း။

စာရှုသူများ၏ မေတ္တာရိပ်မှ ...